# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၈၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက် | ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီ ၁၁ ရက်၊ စနေနေ့ | အတွဲ (၆၂)၊ အမှတ် (၁၃၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမှူးပြုသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းလုံးမှ ဌာပနာတော်ကုသိုလ်ရှင်များ လှူဒါန်းထားရှိသော ဌာပနာတော်များ သွင်းလှူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနား ကျင်းပပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားကိုးကွယ်ရန် ဆောင်ရွက်လျက်ရှိသည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမှူးပြုသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် တစ်ဝန်းလုံးမှ ဌာပနာတော်ကုသိုလ်ရှင်များ လှူဒါန်းထားသည့် ဌာပနာတော်များ သွင်းလှူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်သည့် ရတနာပလ္လင်တော်ထက်၌ ကျင်းပပြုလုပ်သည်။

အဆိုပါ ဌာပနာတော်သွင်းလှူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားသို့ မာရဝိဇယရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးဩဝါဒါစရိယဆရာတော် နေပြည်တော် ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိမလဗုဒ္ဓိ အမှူးပြုသည့် ဆရာတော် သံဃာတော်များ ကြွရောက် ချီးမြှင့်တော်မူကြပြီး ဦးဆောင်ဘုရားဒါယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဘုရားဒါယကာများ တက်ရောက်ကြည်ညိုကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❄



ပါဠိဆရာတော်ကြီးနှင့် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် ဗဟိုဌာနနေရာရှိ ဌာပနာတိုက်တော်များအတွင်းသို့ ဌာပနာတော်ပစ္စည်းများ ထည့်သွင်းထားသည့် ရွှေသေတ္တာတော်များ သွင်းလှူပူဇော်ကြစဉ်။

**သင်္ချာဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ**

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်တန်းဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူပြုစေရန် သင်္ချာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ (၁၆) နှင့် (၁၇) တွင် ဖော်ပြထားပါသည်။

**ယနေ့ *ဖတ်စရာ***

## စည်းလုံးညီညွတ်မှုဖြင့် မျှော်မှန်းထားသည့် ပြည်ထောင်စုပန်းတိုင်ဆီသို့ . . .

ဆောင်းပါး | စာ - ၁၀

မြန်မာ့အလင်း

# စိန်ခေါ်မှုအားလုံးအတွက် တစ်ခုတည်းသောအဖြေ

သယံဇာတပြည့်စုံကြွယ်ဝ၍ တည်နေရာအချက်အချာကျပြီး ဥတုသပ္ပါယ မျှတသည့်နိုင်ငံ၊ သင့်တင့်မျှတသည့်လူဦးရေ၊ မြေနှင့်ရေ အရင်းအမြစ်တို့ကြောင့် စားရေရိက္ခာအတွက် မည်သည့်အခါမျှ မကြောင့်ကြရသည့်နိုင်ငံ၊ အရှေ့တောင်အာရှ နိုင်ငံများတွင် ဒုတိယအကျယ်ဝန်းဆုံးသော နိုင်ငံဖြစ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် အဓိကတိုင်းရင်းသား လူမျိုးကြီး ရှစ်မျိုး၊ တိုင်းရင်းသားမျိုးနွယ်စုများအနေဖြင့် ၁၃၀ ကျော်တို့ အတူတကွ စုပေါင်းနေထိုင်ကြရာ နိုင်ငံဖြစ်သည့် အလျောက် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်ရေးသည် နိုင်ငံ၏ ပစ္စုပ္ပန်အတွက်ရော အနာဂတ်အတွက်ပါ လွန်စွာအရေးကြီးလှကြောင်း သတိပေးတိုက်တွန်းနှိုးဆော်လိုသည်။

မျက်မှောက်ကာလ ကမ္ဘာ့နိုင်ငံရေးကို ကြည့်မည်ဆိုပါက နိုင်ငံတိုင်းသည် မိမိတို့၏အတိုင်းအတာအလျောက် အင်အားတည်ဆောက်ထားရန်လိုအပ်ကြောင်း တွေ့ရှိနိုင်သည်။ ပြည်တွင်း နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေးအင်အားများ ခိုင်မာတောင့်တင်းမှသာလျှင် နိုင်ငံတကာတွင် ရင်ပေါင်တန်းနိုင်မည်ဖြစ်ရာ ပြည်တွင်းအင်အားခိုင်မာအောင်၊ တောင့်တင်းအောင် မဖြစ်မနေတည်ဆောက်ကြရသည်။ ပြီးခဲ့သည့် ဒီမိုကရေစီအစိုးရသက်တမ်းနှစ်ဆက်ကို ပြန်ကြည့်လျှင်ပင် ပြည်ပနိုင်ငံများ၏ အုပ်စုဖွဲ့ဖိအားပေးမှုများကို ပါတီလည်းမတူ၊ မူဝါဒလည်း ကွဲပြားခြားနားကြသည့် အစိုးရနှစ်ဖွဲ့လုံး ခံစားခဲ့ကြရသည်ကို တွေ့နိုင်သည်။ ဤသည်မှာ ပထဝီနိုင်ငံရေးအရ မျက်မှောက်ကမ္ဘာ့အခြေအနေတွင် အချက်အချာဖြစ်လာနေသည့်ရပ်ဝန်းတွင် တည်ရှိနေသော မိမိတို့နိုင်ငံအဖို့ မည်သည့်အစိုးရတက်လာသည်ဖြစ်စေ ရင်ဆိုင်ကြရမည့်စိန်ခေါ်မှုတစ်ရပ် ဖြစ်နေဦးမည်ဖြစ်သည်။ တစ်ဆက်တည်းမှာပင် ပြည်တွင်းနိုင်ငံရေး မတည်မငြိမ်ဖြစ်စေရန်၊ လက်နက်ကိုင်ပဋိပက္ခများ ဆက်လက်ရှည်ကြာနေစေရန် ပြည်ပမှဖန်တီးလှုံ့ဆော်မှုများ၊ မီးလောင်ရာလေပင့်သွေးခွဲရန်တိုက် လုပ်ရပ်များကို ပုံစံအမျိုးမျိုးဖြင့် တွေ့ကြုံကြရဦးမည်လည်းဖြစ်သည်။

နိုင်ငံတကာမျက်နှာစာတွင် လူ့အခွင့်အရေး၊ ဒီမိုကရေစီရေး စသည့်ခေါင်းစဉ်များအသုံးပြုကာ စွပ်စွဲမှုအမျိုးမျိုးဖြင့် နိုင်ငံနှင့် လူမျိုး၏ပုံရိပ်ကို ဆိုးရွားအောင်ပြုလုပ်နေကြသည်။ အမျိုးသားယဉ်ကျေးမှုနှင့် ဘာသာအယူဝါဒ ယုံကြည်ကိုးကွယ်မှုတို့ ချည့်နဲ့အားနည်းသွားအောင် နည်းလမ်းပေါင်းစုံဖြင့် ထိုးနှက်တိုက်ခိုက်နေကြသည့်အပြင် နိုင်ငံ၏ ကာကွယ်ရေးအင်အားစုဖြစ်သော တပ်မတော်နှင့် ပြည်သူလူထု၊ တိုင်းရင်းသားလူမျိုးစုများအကြား အမုန်းတရားများ ဖြစ်ပေါ်ရေးနှင့် ရန်မီးပွားသည်ထက်ပွားအောင်၊ တည်ငြိမ်မှု ပျက်ပြားသည်ထက် ပျက်ပြားအောင်၊ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျသည်ထက် နောက်ကျအောင် ပြည်ပနှင့် ပြည်တွင်း အဖျက်အင်အားစုများက ပြုလုပ်လျက်ရှိကြရာ မိမိတို့ တိုင်းရင်းသားပြည်သူများအားလုံးက နိုင်ငံနှင့် လူမျိုးအတွက် ကျရောက်လာနိုင်သည့် အန္တရာယ်ကို ရှင်းရှင်းလင်းလင်း မြင်တွေ့နိုင်ကြရန် လိုသည်။

ကမ္ဘာ့နိုင်ငံရေး အခြေအနေများအရဖြစ်စေ၊ မိမိတို့၏ နိုင်ငံ အခွန့်ရှည်တည်တံ့ခိုင်မြဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ အတွက်ဖြစ်စေ တစ်ခုတည်းသော အဖြေမှာ ငါတို့အားလုံး မြန်မာဟူသော ပြည်ထောင်စုသားစိတ်ဓာတ်နှင့် ခွဲခြားမရနိုင်သည့် စည်းလုံးညီညွတ်မှုပင် ဖြစ်ပါကြောင်း။ ။

## ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းပွဲအခမ်းအနားသို့ ပင့်လျှောက်/ဖိတ်ကြားခြင်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များဆက်ကပ်ချီးမြှင့်အပ်နှင်းပွဲအခမ်းအနားကို မတ် ၅ ရက် (၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်နေ့) တနင်္ဂနွေနေ့ မွန်းလွဲ ၁ နာရီတွင်လည်းကောင်း၊ နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို မတ် ၃ ရက် နံနက် ၉ နာရီခွဲတွင်လည်းကောင်း၊ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်အတွင်းရှိ သာသနဗိမာန်တော်၌ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

အဆိုပါအခမ်းအနားများသို့ အချိန်မီကြွရောက်နိုင်ရန်အတွက် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ၊ တိပိဋကရေမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းခံယူတော်မည့် ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများအား မတ် ၁ ရက် ထက်မစော၊ မတ် ၂ ရက်ထက် နောက်မကျစေဘဲ နေပြည်တော်သို့ ကြွရောက်နိုင်ပါရန်နှင့် အဂ္ဂမဟာသီရိသုဓမ္မမဏိ ဇောတဓရ၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံယူမည့် သာသနာနုဂ္ဂဟလူပုဂ္ဂိုလ်များအား မတ် ၂ ရက် ထက်မစော၊ မတ် ၃ ရက် ထက်နောက်မကျစေဘဲ နေပြည်တော်သို့ ကြွရောက်နိုင်ပါရန် ပင့်လျှောက်/ဖိတ်ကြားထားကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်

## မာရဝိဇယရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာတွင် အသုံးပြုနိုင်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်း



**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာတွင် အသုံးပြုနိုင်ရေးအတွက် စေတနာရှင် အလှူရှင်များက အလှူငွေများ လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးအစိုးရအဖွဲ့က အဝင်မုခ်ဦးငယ်တစ်ခုနှင့် သုဓမ္မာဇရပ်တစ်ဆောင်တို့အတွက် အလှူငွေကျပ်သိန်း ၅၅၅၀ နှင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့် (အငြိမ်းစား) မိသားစုက အလှူငွေကျပ်သိန်း ၇၀ တို့ကို ပေးအပ်လှူဒါန်းရာ တိုင်းမှူးက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ၂၀၂၂ ခုနှစ်၊ အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ အောင်စာရင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲ အောင်စာရင်းကို ထုတ်ပြန်ကြေညာသည်။

အဘိဓမ္မာ စာမေးပွဲတွင် စာဖြေဌာနပေါင်း ၁၁၄ ဌာနတို့၌ ဖြေဆိုသူ ၁၂၃၂ ဦး၊ အောင်မြင်သူ ၁၀၁၄၉ ဦး၊ နှစ်ချင်းပေါက် သုံးဆင့်လုံးအောင်မြင်သူ ၁၂၄၉ ဦးရှိ၍ ပြည်တွင်း/ပြည်ပ စာဖြေဌာနများအနက် အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ (ထူးချွန်ဆု) ရရှိသူများမှာ-

(၁) ပထမ
ခုံအမှတ်- ပူရ - ၉၊
ဒေါ်သဥ္ဇာထွန်း၊
အမရပူရစာဖြေဌာန၊
မန္တလေးတိုင်းဒေသကြီး၊

(၂) ဒုတိယ
ခုံအမှတ်- ဒဂဆ - ၁၀၅၊
မအိချိုဇင်၊
ဒဂုံဆိပ်ကမ်းစာဖြေဌာန၊
ရန်ကုန်တိုင်းဒေသကြီး၊

(၃) တတိယ
ခုံအမှတ်- ထီလာ- ၅၉၊
ဒေါက်တာ ဝါဝါဖူး၊
မိတ္ထီလာစာဖြေဌာန၊
မန္တလေးတိုင်းဒေသကြီး။

အဘိဓမ္မာ ဂုဏ်ထူးဆောင် စာမေးပွဲတွင် စာဖြေဌာနပေါင်း ၉၀ တို့၌ ဖြေဆိုသူ ၁၅၃၈ ဦး၊ အောင်မြင်သူ ၁၁၉၁ ဦး၊ နှစ်ချင်းပေါက် သုံးဆင့်လုံးအောင်မြင်သူ ၂၂၄ ဦးရှိ၍ ပြည်တွင်း/ပြည်ပ စာဖြေဌာနများအနက် အမှတ်အများဆုံးပထမ၊ ဒုတိယ၊ တတိယ (ထူးချွန်ဆု) ရရှိသူများမှာ-

(၁) ပထမ
ခုံအမှတ်- ကျောက်- ၅၊
နန်းဖြူဖြူအောင်၊
ကျောက်မဲစာဖြေဌာန၊
ရှမ်းပြည်နယ်၊

(၂) ဒုတိယ
ခုံအမှတ်- ကခ- ၁၊
ဒေါ်စန်းစန်းဌေး၊
ကြံခင်းစာဖြေဌာန၊
ဧရာဝတီတိုင်းဒေသကြီး၊

(၃) တတိယ
ခုံအမှတ်- ကျောက်- ၄၊
ဒေါ်ဖြူဖြူစိုး၊
ကျောက်မဲစာဖြေဌာန၊
ရှမ်းပြည်နယ်။

ဝိသုဒ္ဓိမဂ် စာမေးပွဲတွင် စာဖြေဌာနပေါင်း ၇၉ ဌာနတို့၌ ဖြေဆိုသူ ၁၆၁၉ ဦး၊ အောင်မြင်သူ ၁၃၁၄ ဦး၊ နှစ်ချင်းပေါက် သုံးဆင့်လုံး အောင်မြင်သူ ၂၀၃ ဦးရှိ၍ ပြည်တွင်း/ ပြည်ပ စာဖြေဌာနများအနက် အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ (ထူးချွန်ဆု) ရရှိသူများမှာ-

(၁) ပထမ
ခုံအမှတ်- ပဇ- ၂၄၊
ဒေါ်ခင်မေချို၊
ပုဇွန်တောင်စာဖြေဌာန၊
ရန်ကုန်တိုင်းဒေသကြီး၊

(၂) ဒုတိယ
ခုံအမှတ်- ပဇ- ၃၈၊
ဒေါ်အေးအေးဝင်း၊
ပုဇွန်တောင်စာဖြေဌာန၊
ရန်ကုန်တိုင်းဒေသကြီး၊

(၃) တတိယ
ခုံအမှတ်- ခသ - ၂၇၊
ဒေါ်အေးသီတာ၊
ချမ်းမြသာစည် စာဖြေဌာန၊
မန္တလေးတိုင်းဒေသကြီး။

အောင်စာရင်းအပြည့်အစုံကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ Website www.mahana.org.mm ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန Website www.mora.gov.mm နှင့် သာသနာရေးဦးစီးဌာန Website www.dra.gov.mm တို့မှ ထုတ်ပြန်ကြေညာသွားမည် ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

❊ *ရှေ့ဖုံးမှ*

**ဆက်ကပ်လှူဒါန်း**

ဦးစွာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ရှင်းလင်းဆောင်၌ ပါဠိဆရာတော်ကြီးအမှူးပြုသည့် သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ပါဠိဆရာတော်ကြီးအမှူးပြုသည့် သံဃာတော်များ၊ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဘုရားဒါယကာများသည် ရတနာရွှေသေတ္တာတော်များ အတွင်း ထည့်သွင်းထားသည့် နိုင်ငံတစ်ဝန်းလုံးရှိ (၇)ရက် သား၊ သမီး ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များ စုပေါင်းလှူဒါန်းထားသည့် အဖိုးတန် ရတနာရွှေငွေကျောက်သံပတ္တမြားများ၊ နိုင်ငံတကာမှ ငွေဒင်္ဂါးပြားများနှင့် ဥပနာပစ္စည်းများကို ကြည့်ရှု၍ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆရာတော်ကြီးများထံ တင်ပြလျှောက်ထားပြီး ကြည်ညို သဒ္ဒါပွားများကြသည်။

**ရွတ်ပွားသရဇ္ဈာယ်**

ယင်းနောက် ဥပနာတော် သွင်းလှူပူဇော်ခြင်း မဟာမင်္ဂလာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး ဆရာတော်များက မေတ္တာသုတ်တရားတော်ကို ရွတ်ပွားသရဇ္ဈာယ်၍ မေတ္တာပြုတော်မူကြပြီး ဘုရားဒါယကာများက ရတနတ္တယပူဇာဂါထာနှင့် သဗ္ဗသင်္ဂါဟက မေတ္တာပို့လက်ာနှစ်ပိုဒ်ကို သံပြိုင်ညီညာ သုံးကြိမ်ရွတ်ဆိုပွားများ ပူဇော်ကြသည်။

**နာယူကြည်ညို**

ဆက်လက်၍ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဘုရားဒါယကာများက ဆရာတော်ကြီးများ ရွတ်ပွား သရဇ္ဈာယ်တော်မူကြသည့် ဇယမင်္ဂလာဂါထာတော်ကို နာယူကြည်ညိုကြသည်။

**သွင်းလှူပူဇော်**

ထို့နောက် အခမ်းအနားမှူးက မင်္ဂလာအခါတော်စာတမ်းကို ဖတ်ကြားသည်။ မင်္ဂလာအချိန်တော်တွင် ပါဠိဆရာတော်ကြီးနှင့် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် ဗဟိုဌာနနေရာရှိ ဥပနာတိုက်တော်များအတွင်းသို့ နိုင်ငံတစ်ဝန်းလုံးရှိ (၇) ရက်သား၊ သမီး ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များ စုပေါင်းလှူဒါန်းထားသည့် အဖိုးတန်ရတနာရွှေငွေ ကျောက်သံပတ္တမြားများ၊ နိုင်ငံတကာမှ ငွေဒင်္ဂါးပြားများ အပါအဝင် ဥပနာတော်ပစ္စည်းများ ထည့်သွင်းထားသည့် ရွှေသေတ္တာတော်များနှင့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်တည် ကမ္ပည်းမော်ကွန်း ကျောက်စာတော်တို့ကို သတ်မှတ် ဥပနာတော် နေရာအသီးသီးတွင် ထုံးတမ်းစဉ်လာများနှင့်အညီ သွင်းလှူပူဇော်ကြသည်။

ထို့ပြင် စေတနာရှင်အလှူရှင်များ စုပေါင်းလှူဒါန်းထားသည့် အဖိုးတန်ရတနာ ကျောက်သံပတ္တမြားများကိုလည်း ရတနာပလ္လင်တော်ထက်ဗဟိုဌာနနေရာရှိ ကျန်ရှိသည့် ဥပနာတိုက်တော်နေရာများတွင် တာဝန်ရှိသူများက သွင်းလှူပူဇော်ကြသည်။

**အမျှပေးဝေ**

ယင်းနောက် ပါဠိဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်သံဃာတော်များနှင့် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်တို့သည် ဥပနာတော်တိုက်များအား နံ့သာရည်များ ပက်ဖျန်းပူဇော်ကြသည်။ ဆက်လက်၍ ပါဠိဆရာတော် ဦးဆောင်၍ **“ဇယန္တော ဗောဓိယာ မူလေ”** အစချီသည့် ဇယမင်္ဂလာ အောင်ဂါထာများကို ရွတ်ဆိုပူဇော်ပြီး အခမ်းအနားမှူးက အောင်ဆုမင်္ဂလာအမျှဝေစာတမ်းလွှာကို ဖတ်ကြား၍ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် အမှူးပြုသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းလုံးမှ ဥပနာတော် *စာမျက်နှာ ၄ သို့*



ပါဠိဆရာတော်ကြီးနှင့် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် ဗဟိုဌာနနေရာရှိ ဥပနာတိုက်တော်များအတွင်းသို့ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်တည် ကမ္ပည်းမော်ကွန်း ကျောက်စာတော်တို့ကို သွင်းလှူပူဇော်ကြစဉ်။



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဥပနာတော်တိုက်များအား နံ့သာရည်များ ပက်ဖျန်းပူဇော်စဉ်။



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စေတနာရှင်၊ အလှူရှင်များ စုပေါင်းလှူဒါန်းထားသည့် ဥပနာတော်ပစ္စည်းများကို ကြည့်ရှုစဉ်။

*စာမျက်နှာ ၃ မှ*

ကုသိုလ်ရှင်များ၊ ပြည်သူပြည်သားများအားလုံး ဝမ်းမြောက်နှမော် သာဓုခေါ်ဆိုနိုင်ရန်အတွက် မေတ္တာပြု အမျှပေးဝေကြကာ သာဓု သုံးကြိမ် ရွတ်ဆိုတော်မူကြသည်။

**ရွှေမိုးငွေမိုးများ ရွာသွန်းဖြိုး**

ထို့နောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကိုရုပ်သိမ်းလိုက်ပြီး ဌာပနာတော်သွင်းလှူပူဇော်ခြင်း မဟာမင်္ဂလာ အခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးခဲ့သည်။

ယင်းနောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဗုဒ္ဓဥယျာဉ်တော်အတွင်း လှည့်လည်၍ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရေး လုပ်ငန်းဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ကြည့်ရှုကာ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

*စာမျက်နှာ ၅ သို့*



ဌာပနာတော် သွင်းလှူပူဇော်ခြင်း မဟာမင်္ဂလာ အခမ်းအနားတွင် ပါဠိဆရာတော်ကြီးနှင့် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ အမှူးပြုသည့် ဘုရားဒါယကာများက ရတနတ္တယပူဇာဂါထာနှင့် သဗ္ဗသင်္ဂါဟက မေတ္တာပို့လက်ာ နှစ်ပိုဒ်ကို သံပြိုင်ညီညာ သုံးကြိမ်ရွတ်ဆိုပွားများ ပူဇော်ကြစဉ်။



ပါဠိဆရာတော်ကြီး ဌာပနာတော်တိုက်များအား နံ့သာရည်များ ပက်ဖျန်းပူဇော်စဉ်။

❏ **နိုင်ငံတစ်ဝန်းလုံးရှိ မိဘပြည်သူများ ဝမ်းပန်းတသာ ဆက်သွယ်လှူဒါန်းခဲ့ကြသည့် ရွှေထည် ၁၃၆၀ ကျပ်သား ၅ ဒသမ ၄ ရွေး၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၁၆၈၄ ကျပ်သား ၁၅ ပဲ ၁ ဒသမ ၆ ရွေး၊ ကျောက်မျက်ရတနာပါ ငွေထည်ပစ္စည်း ၁၂၆ ပဲ ၅ ဒသမ ၁ ရွေး၊ ကျောက်မျိုးစုံ၊ ပုလဲမျိုးစုံအပါအဝင် နိုင်ငံတကာမှ ငွေဒင်္ဂါးပြားများ၊ အဖိုးတန်ရွှေငွေကျောက်သံပတ္တမြားများကို ယနေ့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာသွင်းလှူပူဇော်နိုင်ခဲ့ကြောင်းနှင့် ဘုရားကြီး ဘက်စုံအလှူငွေအဖြစ် ငွေကျပ် သိန်းပေါင်း ၈၁၀၀ ကျော်ကိုလည်း လက်ခံရရှိခဲ့**



မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်တည်
ကမ္ဗည်းမော်ကွန်း

အောင်စေသူတုံ ... သာသနာတော်နှစ် - ၂၅၆၆၊ ကောဇာသက္ကရာဇ် ၁၃၈၄ - ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ - ရက်၊ ခရစ်နှစ် AD-21 ရာစု (၁၀-၂-၂၀၂၃) သောကြာနေ့၊ ကန်စနီး (ဟဿတနက္ခတ်)၊ မိန်လဂ် (ဥတ္တရပုရပိုဒ်) လက်စီးလျက် အမတယုဂ်ရသော နံနက် ၈ နာရီ ၅၅ မိနစ် ကောင်းမြတ်သော မင်္ဂလာအခါတွင် အရှေ့လောင်ဂျီတွဒ် ၉၆ - ဒီဂရီ ၁၂ - မိနစ်၊ မြောက်လတ္တီကျူ ၁၉ - ဒီဂရီ ၄၅ - မိနစ် နေပြည်တော်ဒေသ၌တည်ရှိသော ဤ "မာရဝိဇယ" ဗုဒ္ဓရုပ်ပွားတော်ကြီး၏ ပလ္လင်တော်အတွင်းသို့ တည်ဆောက်ရေး ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိမလဗုဒ္ဓိ (ပါဠိဆရာတော်ကြီး) အပါအဝင် သံဃာတော်များရှေ့မှောက်၌ ...

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် က (၂၃-၁-၂၀၂၃ မှ ၈-၂-၂၀၂၃ ထိ) တိုင်းနှင့်ပြည်နယ်အသီးသီးမှ လှူဒါန်းတော်မူကြ၍ ရောက်ရှိလာပါသော ဌာပနာတော်အတွက် သွင်းလှူမည့် ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား နဝရတ်ကိုးပါးရတနာများကို ဒုတိယအကြိမ် ဌာပနာ ထည့်သွင်းတော်မူသည် ... သာသနာငါးထောင်ကျော်၍ အာယုကပ် တည်စေသော် ... ။ ။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်တည် ကမ္ဗည်းမော်ကွန်း ကျောက်စာတော်။



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပါဠိဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မ အလှူငွေများ ဆက်ကပ်လှူဒါန်းစဉ်။





ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရေးလုပ်ငန်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ ဖူးမြော်ကြည့်ရှုစဉ်။

*စာမျက်နှာ ၄ မှ*

**ဌာပနာသွင်းလှူပူဇော်**

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနတွင် ဌာပနာတော် သွင်းလှူပူဇော်ခြင်းကို ဇန်နဝါရီ ၂၇ ရက်တွင်ပြုလုပ်ခဲ့ပြီး (၇)ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များ စုပေါင်းလှူဒါန်းထားသည့် ရွှေထည် ၁၀၄ ကျပ်သား ၆ ပဲ ၃ ရွေး၊ ကျောက်မျက်ရတနာပါရွှေထည်ပစ္စည်း ၂၀၀ ကျပ်သား ၁ ပဲ ၁ ရွေး၊ ကျောက်မျိုးစုံ ၃ ကီလိုဂရမ် အပါအဝင် ဗုဒ္ဓမြတ်စွာဘုရား၏ ဓာတ်တော်များ၊ နိုင်ငံတကာမှ ငွေဒင်္ဂါးပြားများ၊ အဖိုးတန်ရွှေငွေ ကျောက်သံပတ္တမြားများကို ဌာပနာသွင်းလှူပူဇော်နိုင်ခဲ့သည်။

ထို့ပြင် မိဘပြည်သူများ ထပ်မံ၍ ကုသိုလ်ယူလှူဒါန်းနိုင်ရေး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော်များကို ထပ်မံထည့်သွင်းလှူဒါန်းပူဇော်မည်ဖြစ်ကြောင်း၊ ကုသိုလ်တော် ရေရှည်တည်တံ့ခိုင်မြဲနိုင်မည့် အဖိုးတန်ကျောက်မျက်ရတနာများ ဌာပနာတော်ကုသိုလ်ပြုနိုင်ရန်အတွက် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်ခဲ့ရာ နိုင်ငံတစ်ဝန်းလုံးရှိ (၇) ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များက နေပြည်တော်ကောင်စီ ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများထံသို့ ဝမ်းပန်းတသာ ဆက်သွယ်၍ အဖိုးတန် ကျောက်မျက်ရတနာ ဌာပနာတော် ကုသိုလ်ပစ္စည်းများကို ထည့်ဝင်လှူဒါန်း ကုသိုလ်ပြုခဲ့ကြသည်။

ထိုကဲ့သို့ နိုင်ငံတစ်ဝန်းလုံးရှိ မိဘပြည်သူများ ဝမ်းပန်းတသာ ဆက်သွယ် လှူဒါန်းခဲ့ကြသည့် ရွှေထည် ၁၃၆၀ ကျပ်သား ၅ ဒသမ ၄ ရွေး၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၁၆၈၄ ကျပ်သား ၁၅ ပဲ ၁ ဒသမ ၆ ရွေး၊ ကျောက်မျက်ရတနာပါ ငွေထည်ပစ္စည်း ၁၂၆ ပဲ ၅ ဒသမ ၁ ရွေး၊ ကျောက်မျိုးစုံ၊ ပုလဲမျိုးစုံ အပါအဝင် နိုင်ငံတကာမှ ငွေဒင်္ဂါးပြားများ၊ အဖိုးတန်ရွှေငွေ ကျောက်သံပတ္တမြားများကို ယနေ့တွင် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာသွင်းလှူပူဇော်နိုင်ခဲ့ကြောင်းနှင့် ဘုရားကြီး ဘက်စုံအလှူငွေအဖြစ် ငွေကျပ် သိန်းပေါင်း ၈၁၀၀ ကျော်ကိုလည်း လက်ခံရရှိခဲ့သည်။

**မီးထွန်းညှိ၍ ပူဇော်ထားရှိ**

ထို့ပြင် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ ကျောက်စာရုံစေတီတော်များ၊ ရေပန်းရင်ပြင်တော်များ၊ ဘုရားကြီးရင်ပြင်တော်၊ သုဓမ္မာဇရပ်များနှင့် ပင်မအဝင်လမ်းတို့တွင် အများပြည်သူ ကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်အောင် မီးထွန်းညှိ၍ အလင်းပေးပူဇော်ထားရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ကျောက်စာရုံစေတီတော်များနှင့် သုဓမ္မာဇရပ်များ၌ အများပြည်သူ ကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်အောင် မီးထွန်းညှိ၍ အလင်းပေးပူဇော်ထားရှိမှုကို တွေ့ရစဉ်။





နိုင်ငံတစ်ဝန်းလုံးရှိ (၇) ရက် သား၊ သမီး ဘုရားဒါယကာဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များ စုပေါင်းလှူဒါန်းထားသည့် အဖိုးတန်ရတနာရွှေငွေကျောက် သံပတ္တမြားများနှင့် ဌာပနာပစ္စည်းများကို တွေ့ရစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၆) နှစ်မြောက်ပြည်ထောင်စုနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့တွင် ၂၀၂၃ ခုနှစ် (၇၆) နှစ်မြောက်ပြည်ထောင်စုနေ့အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မြို့တော်ခန်းမ ဥပစာရင်ပြင်၌ ကျင်းပမည့် ၂၀၂၃ ခုနှစ် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ နံနက်ပိုင်း အခမ်းအနားအစီအစဉ်များကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် ၂၀၂၃ ခုနှစ် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုညစာစားပွဲ ခင်းကျင်းပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

**ညှိနှိုင်းဆောင်ရွက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် နေပြည်တော် လဟာပြင် ကဇာတ်ရုံ၌ ၂၀၂၃ ခုနှစ် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် သီဆိုကပြဖျော်ဖြေကြမည့် တိုင်းရင်းသား တိုင်းရင်းသူများ၏ ဝတ်စုံပြည့် အစမ်းလေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ လေ့ကျင့်ဆောင်ရွက်နေမှုများကို (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဝင်ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြည့်ရှုခဲ့ကြပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ စေတနာသွေးလှူရှင်များ စုပေါင်းသွေးလှူဒါန်း ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ကြည့်ရှုအားပေး



**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဝန်ထမ်းများသည် ယနေ့တွင် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် စုပေါင်းပြီး သွေးလှူဒါန်းကြရာ နေပြည်တော်ခုတင် (၁၀၀၀) အထွေထွေရောဂါကုဆေးရုံကြီးသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း သွားရောက်ကြည့်ရှုအားပေးသည်။ (ဓာတ်ပုံ)

စုပေါင်းသွေးလှူဒါန်းရာတွင် နေပြည်တော်တွင် ၄၃ ဦး၊ ရန်ကုန်မြို့တွင် ၁၅၃ ဦးနှင့် မန္တလေးမြို့တွင် ၂၇ ဦး သွေးလှူရှင်စုစုပေါင်း ၂၂၃ ဦးတို့က ပါဝင်လှူဒါန်းခဲ့ပြီး အဆိုပါသွေးလှူဒါန်းပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီးများ၊ ဌာနကြီးမှူးများ၊ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက သွေးလှူဒါန်းနေမှုများကို လိုက်လံကြည့်ရှုအားပေးကာ စားသောက်ဖွယ်ရာနှင့် ဆေးဝါးများ ပေးအပ်သည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက သွေးလှူဒါန်းမှုအတွက် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး ဒုတိယဝန်ကြီးချုပ်က အမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် နိုင်ငံတစ်ဝန်းစုပေါင်းသွေးလှူဒါန်းခြင်း အစီအစဉ်များကို ၂၀၁၆ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ ယခုအကြိမ်မှာ (၁၀) ကြိမ်မြောက်စုပေါင်းလှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ဘားအံ)၌ ဂဟေဆက်သင်တန်းဆင်း

**ဘားအံ ဖေဖော်ဝါရီ ၁၀**

ကရင်ပြည်နယ်အတွင်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးနှင့် မိသားစုနေ‌ာင်ရေးအတွက် တစ်နိုင်တစ်ပိုင် လုပ်ကိုင်စားသောက်နေထိုင်နိုင်ရေး ရည်ရွယ်ဖွင့်လှစ်သည့် ဂဟေဆက်သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ဘားအံ)၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကားပြောကြားပြီး သင်တန်းထူးချွန်ဆု ရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကာ (ယာပုံ) ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစိုးလွင်က သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ယမန်နေ့က ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် အဘိုး၊ အဘွားများအား ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တတိယသုံးလပတ်အတွက် လူမှုရေးပင်စင် ထောက်ပံ့ပေးအပ်သည့် အခမ်းအနားကို ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ဘားအံမြို့နယ်ရှိ အသက် ၈၅ နှစ်နှင့်အထက် အဘိုး ၆၀၃ ဦး၊ အဘွား ၁၀၂၀ စုစုပေါင်း ၁၆၂၃ ဦးအတွက် ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ် တတိယ သုံးလပတ်အတွက်လူမှုရေးပင်စင် ထောက်ပံ့ငွေကျပ် ၄၈၆၉၀၀၀၀ ကို ဘားအံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်စိုးထင်ထံ ထောက်ပံ့ပေးအပ်ခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊



ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာသော အဘိုး၊ အဘွားများအား ထောက်ပံ့ငွေနှင့် အာဟာရဖြည့်စွက် အစားအစာများ လက်ရောက်ပေးအပ်ခဲ့သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းပွဲသည် ရှေးမြန်မာမင်းများလက်ထက်ကပင် အစဉ်အလာကြီးမားခဲ့ပြီး မြန်မာနိုင်ငံအစိုးရအဆက်ဆက် အလေးထားကျင်းပခဲ့သည့် နိုင်ငံတော်အဆင့် အခမ်းအနားကြီးဖြစ်သည်နှင့်အညီ နှစ်စဉ်သာသနာတော်ကို အမြင့်မားဆုံး၊ အခမ်းအနားဆုံးချီးမြှောက်သည့် အခမ်းအနားကြီးဖြစ်

❖ *ကျော်ဖုံးမှ*

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ **“နမောတဿ”** သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အစည်းအဝေးကို ဖွင့်လှစ်သည်။

**အမှာစကားပြောကြား**

အစည်းအဝေးတွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့် အပ်နှင်းပွဲကျင်းပရေး နာယကအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ၂၀၂၃ ခုနှစ် မတ်လတွင် ကျင်းပမည့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းပွဲ အခမ်းအနားများကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ် အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီးအတွင်း အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ယနေ့အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း။

ဦးစီးကော်မတီဖြစ်သည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ ၁၂ ခု ဆက်လက်ဖွဲ့စည်းကာ လုပ်ငန်းတာဝန်များ ကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိသည်ကို သိရကြောင်း၊ဆပ်ကော်မတီအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းများ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းပွဲသည် ရှေးမြန်မာမင်းများ လက်ထက်ကပင် အစဉ်အလာကြီးမားခဲ့ပြီး မြန်မာနိုင်ငံအစိုးရအဆက်ဆက် အလေးထားကျင်းပခဲ့သည့် နိုင်ငံတော်အဆင့် အခမ်းအနားကြီးဖြစ်သည် နှင့်အညီ နှစ်စဉ်သာသနာတော်ကို အမြင့်မားဆုံး၊ အခမ်းအနားဆုံးချီးမြှောက်သည့် အခမ်းအနားကြီး ဖြစ်ကြောင်း၊ လေယာဉ်ခရီးစဉ် အဆင်ပြေချောမွေ့စေရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက အလေးထား ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

ယခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းမှုနှင့် စပ်လျဉ်း၍ ပြည်တွင်းမှ ဆရာတော် ၃၈၂ ပါး၊ ပြည်ပမှ ဆရာတော် ၂၁ ပါး စုစုပေါင်း ဆရာတော် ၄၀၃ ပါး ဖြစ်ပြီး သီလရှင်ဆရာကြီးများအနေဖြင့် ၃၈ ပါးရှိသည်ကို သိရှိရကြောင်း၊ ဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ်အနေဖြင့် ပြည်တွင်း ၄၁ ဦး၊ ပြည်ပအမျိုးသမီး တစ်ဦး စုစုပေါင်း ၄၂ ဦးရှိကြောင်း၊ ၄၂ ဦးမှာ သာသနာပြုဘွဲ့ရ ၇ ဦးနှင့် သာသနာနုဂ္ဂဟဘွဲ့ရ ၃၅ ဦးဖြစ်ပြီး ပြည်ပမှ ဘွဲ့တံဆိပ်ရ အမျိုးသမီးများသည် သာသနာပြုဘွဲ့ဖြစ်သည့် “သဒ္ဓမ္မဇောတိကဓဇ” ဘွဲ့ဖြစ်ကြောင်း။

ယခုနှစ်တွင် ထူးခြားချက်အနေဖြင့် ပရိယတ်နှင့် ပဋိပတ် သာသနာပြုလုပ်ငန်းများတွင် ထင်ရှားကျော်ကြားကာ ဩဇာတိက္ကမ ကြီးမားခဲ့သည့် ပျံလွန်တော်မူပြီးဖြစ်သည့် လယ်တီဆရာတော်ကြီး၊ တောင်မြို့ မဟာဂန္ဓာရုံဆရာတော်ကြီး၊ မိုးကုတ် ဆရာတော်ကြီး၊ မဟာစည်ဆရာတော်ကြီးနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဗုဒ္ဓဥယျာဉ်တော် အတွင်းရှိ ကျောက်စာရုံစေတီတော်များတွင် ထားရှိပူဇော်မည့် စကျင်ကျောက်စာများကို ပါဠိ-ရိုမန် အက္ခရာဖြင့် ရေးထိုးနိုင်ရေး ပြုစုပေးတော်မူခဲ့သော ပါဠိ-ရိုမန် ဆရာတော်ကြီးအပါအဝင် ဆရာတော်ကြီး ၁၀ ပါး တို့ကို “အဘိဓဇမဟာရဋ္ဌဂုရု” နှင့် “အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက” ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း။

**○ ယခုနှစ်တွင် ထူးခြားချက်အနေဖြင့် ပရိယတ်နှင့် ပဋိပတ်သာသနာပြုလုပ်ငန်းများတွင် ထင်ရှားကျော်ကြားကာ ဩဇာတိက္ကမ ကြီးမားခဲ့သည့် ပျံလွန်တော်မူပြီးဖြစ်သည့် လယ်တီဆရာတော်ကြီး၊ တောင်မြို့ မဟာဂန္ဓာရုံဆရာတော်ကြီး၊ မိုးကုတ်ဆရာတော်ကြီး၊ မဟာစည်ဆရာတော်ကြီးနှင့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ကျောက်စာရုံစေတီတော်များတွင် ထားရှိပူဇော်မည့် စကျင်ကျောက်စာများကို ပါဠိ-ရိုမန် အက္ခရာဖြင့် ရေးထိုးနိုင်ရေး ပြုစုပေးတော်မူခဲ့သော ပါဠိ - ရိုမန် ဆရာတော်ကြီးအပါအဝင် ဆရာတော်ကြီး ၁၀ ပါးတို့ကို “အဘိဓဇမဟာရဋ္ဌဂုရု” နှင့် “အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက” ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခဲ့ခြင်းဖြစ်**

**အလေးထားဆောင်ရွက်ပေးရန်လို**

ဆရာတော်ကြီးများ သီတင်းသုံးတည်းခိုရေးနှင့် ပတ်သက်၍ နှစ်စဉ် သီတင်းသုံးနေကျဖြစ်သည့် ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်အတွင်းရှိ သံဃာရာမ ကျောင်းဆောင် ၄ ဆောင်နှင့် နေပြည်တော်စည်ပင်ဧည့်ရိပ်သာ၌ “ကျောင်းအဖြစ်”သီတင်းသုံးကြမည် ဖြစ်သည့်အတွက် ကျောင်းအလှူဒါနမြောက်အောင် ဆရာတော်ကြီးများ၊ ဘွဲ့ခံဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများ စိတ်နှလုံးချမ်းမြေ့စွာ သီတင်းသုံးနိုင်ရေး ပတ်ဝန်းကျင်သန့်ရှင်းရေး၊ စိမ်းလန်းစိုပြည်ရေးနှင့် ခြင်၊ ယင် ကအစ ကင်းအောင် အလေးထား ဆောင်ရွက်ပေးရန်လိုကြောင်း။

ပြည်တွင်း၊ ပြည်ပ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၂၄ ပါးတို့ကို ယခင်နှစ်များနည်းတူ သတ်မှတ်ထားသည့် ဟိုတယ်၌ သီတင်းသုံးနေထိုင်မှုအဆင်ပြေစေရေးအတွက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးရန်လိုကြောင်း။

ပြည်ပဘွဲ့ခံဆရာတော်ကြီးများ သီတင်းသုံးမည့် ဟိုတယ်တွင် ဝေယျာဝစ္စတာဝန် ထမ်းဆောင်ကြမည့် ဝန်ထမ်းများအနေဖြင့် ကပ္ပိယကာရက တာဝန်ကို ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်သည့် ဝန်ထမ်းများဖြစ်ရန် လိုအပ်သကဲ့သို့ ဘာသာစကား ကျွမ်းကျင်သည့်သူများကို ရွေးချယ်တာဝန်ပေးအပ်ရန် လိုအပ်မည် ဖြစ်ကြောင်း၊ သို့မှသာ တာဝန်လည်းကျေ၊ ကုသိုလ်လည်းရ၊ နိုင်ငံအချင်းချင်းလည်း ချစ်ကြည်ရင်းနှီးမှု ပိုမိုအားကောင်းစေမည်ဖြစ်ကြောင်း၊ အဆိုပါ ဆရာတော်ကြီးများ မိမိတို့နိုင်ငံကို ကြွရောက်လာသည့် အချိန်ကာလတွင် စိတ်နှလုံးချမ်းမြေ့မှုကို ပေးနိုင်အောင် နေထိုင်သီတင်းသုံးမှု၊ ဆွမ်းကွမ်း ဝေယျာဝစ္စ၊ ကျန်းမာရေးကိစ္စကအစ လစ်ဟင်းမှု မရှိစေရန် စေတနာ၊ သဒ္ဓါပြည့်ဝစွာဖြင့် ကုသိုလ်ယူကြရန် အလေးအနက်ထား တိုက်တွန်းလိုကြောင်း။

ပြည်တွင်းမှ နိုင်ငံတော်အဆင့်ဆရာတော်ကြီးများ၊ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများကို တည်းခိုနေရာချထားမည့် သံဃာရာမကျောင်းဆောင်များနှင့် နေပြည်တော် စည်ပင်ဧည့်ရိပ်သာများတွင် အရုဏ်ဆွမ်း၊ နေ့ဆွမ်း ဆက်ကပ်ရာ၌ ကျန်းမာရေးနှင့် ညီညွတ်ပြီး သန့်ရှင်း လတ်ဆတ်သည့် ဟင်းလျာများ ဆက်ကပ်နိုင်ရေး ကျန်းမာရေးဆပ်ကော်မတီအနေဖြင့် ကြိုတင်ညှိနှိုင်း စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့အတူ ကျန်းမာရေး Medical Check Up ပြုလုပ်ပေးရန်နှင့် ဆရာတော်ကြီးများ သီတင်းသုံးရာ ကျောင်းဆောင်များရှိ အခန်းများတွင် လိုအပ်သော တိုင်းရင်းဆေးဝါးများနှင့် အနောက်တိုင်းဆေးဝါးများ ထည့်ထားပေးရန်၊ အရေးပေါ်လူနာတင်ယာဉ်များ စီစဉ်ထားရှိရန်နှင့် ကျောင်းဆောင်ပတ်ဝန်းကျင်တွင် ခြင်၊ ယင်များ မရှိအောင် သန့်ရှင်းရေးနှင့် ဆေးဖျန်းခြင်းလုပ်ငန်းများ ကြိုတင်ဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ တားဆီးရေးဆိုင်ရာ အစီအမံများအတိုင်း ဆောင်ရွက်ကြရမည်ဖြစ်ပြီး ကျန်းမာရေး ဆပ်ကော်မတီအနေဖြင့် အခြား ဆပ်ကော်မတီများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန် လိုကြောင်း။

အခမ်းအနားကျင်းပမည့် သာသနာ့မဟာဗိမာန် တော်ကြီးအတွင်းကို နိုင်ငံတော်အဆင့်နှင့် လျော်ညီအောင် ခမ်းနားထည်ဝါစွာ ပြင်ဆင်ထားရှိရန်နှင့် ဘုရားခန်းနှင့်တကွ သံဃာစင်မြင့်နေရာကို တင့်တယ်ကြည်ညိုဖွယ်ဖြစ်အောင် ခင်းကျင်းထားရမည်ဖြစ်ကြောင်း။

**ဆွမ်းဆန်တော်လောင်းလှူ**

ဆွမ်းဆန်တော်လောင်းလှူပွဲတွင် ဘုရားအမှူးပြုသော ဘွဲ့ခံဆရာတော် ၁၄၈ ပါး၊ သီလရှင်ဆရာကြီး ၃ ပါး စုစုပေါင်း ၁၅၁ ပါး ကြွရောက်မည်ဖြစ်ပြီး ဆွမ်းဆန်တော် ကြိုလောင်းအနေဖြင့် ပင့်သံဃာတော်များ ဖြစ်သည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌနှင့် အကျိုးတော်ဆောင် ဆရာတော်ကြီး နှစ်ပါးဖြစ်ကြောင်း၊ သို့ဖြစ်၍ ဆရာတော်များထံ လှူဖွယ်ပစ္စည်းများ စနစ်တကျ ဆက်ကပ်လှူဒါန်းနိုင်ရေးအတွက် သက်ဆိုင်ရာ ဆပ်ကော်မတီများက ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးကြရန်နှင့် ဘွဲ့တံဆိပ်တော် ဆက်ကပ်ချီးမြှင့်အပ်နှင်းပွဲပြီး၍ ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပရာတွင် အချိန်ကြန့်ကြာမှုမရှိအောင် စီမံဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

**ကြိုတင်ဇာတ်တိုက်လေ့ကျင့်သွားမည်**

လုပ်ငန်းတာဝန်များ လစ်ဟင်းမှု မရှိစေရန် သက်ဆိုင်ရာ ဆပ်ကော်မတီများအလိုက် စနစ်တကျ စီမံခန့်ခွဲခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း ဆောင်ရွက်ရမည်ဖြစ်၍ ကြိုတင်ဇာတ်တိုက်လေ့ကျင့်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အဆင့် အခမ်းအနားကြီးဖြစ်သည့်အတွက် လုံခြုံရေးတစ်စုံတစ်ရာ ကျိုးပေါက်မှု မဖြစ်ကြရလေအောင် လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် အထူးဂရုပြု ဆောင်ရွက်ကြရန် အလေးအနက် မှာကြားလိုကြောင်း။

“ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ နေ့ဆွမ်း ဆက်ကပ်လှူဒါန်းပွဲ” “သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းပွဲနှင့် ဆွမ်းဆန်တော် လောင်းလှူပွဲအခမ်းအနား” များ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ ကော်မတီများအနေဖြင့် စနစ်တကျ စီစဉ်ဆောင်ရွက် ပေးကြရန်နှင့် ယနေ့ကျင်းပသည့် ညှိနှိုင်းအစည်း အဝေးတွင် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက် ဆောင်ရွက်မည့် အစီအမံများကို ပွင့်လင်းစွာ ဆွေးနွေးတင်ပြကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေး နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် စိစစ်ဆက်ကပ်လှူဒါန်းချီးမြှင့်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ် တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းပွဲနှင့် ဆွမ်းဆန် တော်လောင်းလှူပွဲ အခမ်းအနားကျင်းပမည့်အစီအမံ များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အခမ်းအနားကျင်းပရေးနှင့် အခမ်း အနားပြင်ဆင်ရေးဆပ်ကော်မတီ၊ ဆွမ်းဆက်ကပ်ရေး နှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေး ဆပ်ကော်မတီ၊ ကြိုဆိုပင့်ဆောင်နေရာချထားရေး နှင့် အခမ်းအနားသို့ ပင့်ဆောင်ရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေး ဆပ်ကော်မတီ၊ ဧည့်ခံဖျော်ဖြေ ရေး ဆပ်ကော်မတီ၊ ပို့ဆောင်ဆက်သွယ်ရေး ဆပ်ကော်မတီ၊ သတင်းမှတ်တမ်းနှင့် ပြန်ကြားရေး ဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ဆွမ်းဆန်တော် လောင်းလှူရေးဆပ်ကော်မတီ၊ ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်း စိမ်းလန်း စိုပြည်ရေးနှင့် သာသနာရေးဆိုင်ရာအခင်းအကျင်း များ ပြင်ဆင်ရေးဆပ်ကော်မတီနှင့် လုံခြုံရေး ဆပ်ကော်မတီများမှ တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ် တော်များ ဆက်ကပ်ချီးမြှင့် အပ်နှင်းပွဲကျင်းပရေး နာယကအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းက နိဂုံးချုပ်အမှာစကားပြော ကြားပြီး **“ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု”** သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အစည်းအဝေးကို ရုပ်သိမ်းလိုက် ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထဲရေးဝန်ကြီးဌာနမိသားစု ပဥ္စမအကြိမ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀** ပြည်ထဲရေးဝန်ကြီးဌာန မိသားစု ပဥ္စမအကြိမ် မြန်မာ့ရိုးရာထမနဲ ထိုးပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၃၈)၌ ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီ နှင့် ဇနီး၊ ဒုတိယဝန်ကြီး၊ မြန်မာ နိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက်နှင့် ဇနီး၊ အမြဲတမ်း အတွင်းဝန် ဦးခိုင်ထွန်းဦးနှင့် ဇနီး၊ တပ်ဖွဲ့/ဦးစီးဌာနများမှ ညွှန်ကြား ရေးမှူးချုပ်များ/ အရာရှိကြီးများ နှင့် ဇနီးများ၊ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အသင်းများ စုံညီစွာ တက်ရောက်ကြပြီး ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးချုပ် နှင့် ပြည်ထောင်စုဝန်ကြီးက ယနေ့ကျင်းပသော မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲမှာ ၁၂ လရာသီ ပွဲတော်များ၌ စုပေါင်းအားဖြင့် စည်းလုံးညီညွတ်စွာ ဆောင်ရွက်ရ သည့် ထူးမြတ်သောရိုးရာပွဲတော် တစ်ခုဖြစ်ပါကြောင်း၊ မြန်မာတို့၏ ရှေးထုံးတမ်း အစဉ်အလာရိုးရာ ပွဲတော်များကို စဉ်ဆက်မပြတ် ထိန်းသိမ်းတတ်စေရန်၊ ဝန်ထမ်း များ ပိုမိုစည်းလုံးညီညွတ်မှုရှိစေ ရန်၊ အချင်းချင်းရိုင်းပင်းကူညီစိတ်၊ ပူးပေါင်း ဆောင်ရွက်တတ်သည့် စိတ်များ ရှင်သန်စေရန်အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း မှာကြားသည်။

အဆိုပါ မြန်မာ့ရိုးရာထမနဲ ထိုးပြိုင်ပွဲသို့ ပြည်ထဲရေးဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်း စစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီး ဌာနနှင့် မီးသတ်ဦးစီးဌာနတို့မှ ပြိုင်ပွဲဝင်အသင်း ခြောက်သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြကာ ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စု ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့်ဇနီး ဦးဆောင်သောအဖွဲ့ က ပြိုင်ပွဲဝင်အသင်းများ၏ မြန်မာ့ ရိုးရာ ထမနဲထိုးပြိုင်ပွဲယှဉ်ပြိုင် နေမှုကို လိုက်လံကြည့်ရှုအားပေး ကြပြီး **(အပေါ်ယာပုံ)** ပြိုင်ပွဲဝင် အသင်းများအနေဖြင့် အားကြိုး



မာန်တက်ယှဉ်ပြိုင်ကာ ဝန်ထမ်း များကလည်း ဒိုးပတ်ဝိုင်းများဖြင့် ပျော်ရွှင်စွာအားပေးကြသည်။

ထမနဲထိုးပြိုင်ပွဲ၏ ဆုပေးပွဲ မကျင်းပမီ တပ်ဖွဲ့/ဦးစီးဌာနများမှ ပြိုင်ပွဲဝင်အသင်း ငါးသင်းဖြင့် ဒိုးပတ်ပြိုင်ပွဲကို ဆက်လက်ကျင်းပ ခဲ့ပြီး ဆုရရှိကြသည့် ထမနဲထိုး ပြိုင်ပွဲနှင့် ဒိုးပတ်ပြိုင်ပွဲတို့မှ ပြိုင်ပွဲဝင်အသင်းများကို တာဝန်ရှိ သူများက ဆုများပေးအပ်ချီးမြှင့် ကြကြောင်း သိရသည်။ **သတင်းစဉ်**



# (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့အကြို တိုင်းရင်းသားရိုးရာ အစားအသောက်ပွဲတော်သို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀** (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြု သောအားဖြင့် တိုင်းရင်းသားရိုးရာ အစားအသောက် ပွဲတော်ကို ယနေ့တွင် စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၌ ကျင်းပရာ ပြည်ထောင်စု ဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ဝန်ထမ်းများက တိုင်းရင်းသားရိုးရာ အစားအစာ မျိုးစုံကို ဌာနအလိုက် တပျော်တပါး ချက်ပြုတ် ပြင်ဆင်ကြပြီး ဝန်ထမ်းများအား ဧည့်ခံကျွေးမွေး ကြသည်။

ဝန်ထမ်းများ၏ ပြင်ဆင်ချက်ပြုတ်ဧည့်ခံမှုများ ကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနအကြီးအကဲများက အားပေးကြည့်ရှုကြသည်။

တိုင်းရင်းသားရိုးရာ အစားအစာများ ပြင်ဆင် ချက်ပြုတ် ဧည့်ခံကျွေးမွေးမှုနှင့်ပတ်သက်၍ အကဲဖြတ်အမှတ်ပေးခြင်းကိုလည်း ဆောင်ရွက်ခဲ့ရာ ဆုရရှိသည့်ဌာနများအား ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူ များက ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ပြခန်းနှင့် ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၀** ၂၀၂၃ ခုနှစ် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဝန်ကြီးဌာန ပြခန်းများ၊ နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ပြခန်း များ၊ တိုင်းရင်းသားရိုးရာ အစား အစာနှင့် ဒေသထွက်ကုန်ပစ္စည်း အရောင်းပြခန်းများနှင့် ဈေးရောင်း ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ တိုင်းရင်းသားများ စုံလင်စွာဖြင့် အထူးစည်ကား သိုက်မြိုက်စွာ ကျင်းပသည်။



ရှေးဦးစွာ (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဝန်ကြီးဌာန ပြခန်းများနှင့် နေပြည်တော်ကောင်စီ နယ်မြေ အပါအဝင် ပြည်နယ်/တိုင်းဒေသ ကြီးပြခန်းများ ဖွင့်ပွဲအခမ်းအနား ကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီး ချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ် ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်း ဆွေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် တို့မှ ဝန်ကြီးများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အပေါ်ယာပုံ)**

ထို့နောက် ရန်ကုန်တိုင်းဒေသ ကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် တိုင်း ဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ က ဝန်ကြီးဌာန ပြခန်းတာဝန်ခံ များ၊ ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီး နှင့် ပြည်နယ်ပြခန်းတာဝန်ခံ ဝန်ကြီးများကို ဖွင့်ပွဲအမှတ်တရ လက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသော အားဖြင့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသား ညီအစ်ကို မောင်နှမ များ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)၊ ပြည်ထောင်စု တိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်) နှင့် ပညာရေး ဒီဂရီကောလိပ်များမှ ကျောင်းသား ကျောင်းသူများ စုပေါင်း၍ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုကို ဖော်ဆောင်သည့် "စည်းလုံးခြင်းအတွက် သီချင်း တစ်ပုဒ်" တေးသီချင်းဖြင့် စုပေါင်း ဂုဏ်ပြုသီဆိုဖျော်ဖြေကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း ဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန် ရှိသူတို့သည် ဝန်ကြီးဌာနအသီးသီး မှ ပြခန်း ၂၅ ခန်း၊ ပြည်ထောင်စု နယ်မြေ (နေပြည်တော်) အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ပြခန်း ၁၅ ခန်း၊ ပြည်ထောင်စု နယ်မြေ (နေပြည်တော်)၊ တိုင်း ဒေသကြီးနှင့် ပြည်နယ်တို့မှ တိုင်းရင်းသားရိုးရာ အစားအစာ နှင့် ဒေသထွက်ကုန်ပစ္စည်း အရောင်းပြခန်း ၁၅ ခန်း စုစုပေါင်း ဖွင့်လှစ်ပြသထားသည့် ဆိုင်ခန်း ပေါင်း ၃၈၅ ခန်းတို့ကို လှည့်လည် ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်သူ့ရင်ပြင် ရေပန်းအနီးတွင် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ရန်ကုန်တိုင်းဒေသကြီး စက်မှုဇုန် ၂၉ ဇုန်အပါအဝင် တိုင်းဒေသကြီး နှင့် ပြည်နယ်များမှ အသေးစား၊ အငယ်စား၊ အလတ်စားထုတ်ကုန် ပစ္စည်းပြခန်းများနှင့် ဈေးရောင်း ပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေး၊ ရန်ကုန်တိုင်းဒေသကြီး စီးပွား ရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုယ်စားပြုဝန်ကြီးများ၊ ရန်ကုန် တိုင်းဒေသကြီး စက်မှုဇုန် ၂၉ ဇုန် မှ စက်မှုဇုန်ကော်မတီဝင်ဥက္ကဋ္ဌ များက ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ယင်းနောက် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း တိုင်းရင်းသား ညီအစ်ကိုမောင်နှမ များက "ထာဝရသစ္စာ" တေးသီချင်း ဖြင့် ဂုဏ်ပြုဖျော်ဖြေကြသည်။

(၇၆) နှစ်မြောက်ပြည်ထောင်စု နေ့အထိမ်းအမှတ် ပြခန်းများနှင့် ဈေးရောင်းပွဲတော်ကို ယနေ့မှ ဖေဖော်ဝါရီ ၁၄ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ည ၁၀ နာရီအထိ ခင်းကျင်း ပြသသွားမည်ဖြစ်ပြီး ပွဲတော်ရက်အတွင်း တိုင်းရင်း သားရိုးရာ အကများ၊ ရုပ်ရှင်နှင့် ဂီတမှအနုပညာရှင်များက ဖျော်ဖြေ တင်ဆက်ကာ ညပိုင်း၌ မီးရှူး မီးပန်းများ ပစ်ဖောက်၍ ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသွား မည်ဖြစ်ရာ အများပြည်သူ လာရောက် ကြည့်ရှုလေ့လာနိုင် ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများသို့ စီးပွားရေးသံမှူးများအဖြစ် သွားရောက်တာဝန်ထမ်းဆောင်ကြမည့် ဝန်ကြီးဌာနငါးခုမှ အရာထမ်းများကို တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၀

**နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် စီးပွားရေးသံမှူးများကို ယနေ့ နံနက် ၉ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ရောဝတီခန်းမ၌ တွေ့ဆုံသည်။**



တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဦးစီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။

ဦးစွာ သံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများ၌ စီးပွားရေးသံမှူးများအဖြစ် သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်းများက ၎င်းတို့ သွားရောက်တာဝန်ထမ်းဆောင်ရမည့် နိုင်ငံများကို တစ်ဦးချင်းစီ မိတ်ဆက်တင်ပြကြသည်။

**ကမ္ဘာ့စီးပွားရေး၊ ဒေသတွင်းစီးပွားရေးလေ့လာ**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက ပြည်ပရှိ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်းများအားလုံးကို ဝမ်းမြောက်ကြောင်း ဂုဏ်ပြုစကားပြောကြားလိုကြောင်း၊ ယခုလို စေလွှတ်သည့်နေရာတွင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ကြိုးစားပေးကြရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးသည် ဒေသတွင်းနိုင်ငံများတွင် ရှိသင့်ရှိထိုက်သည့်နေရာတွင် ရှိလာစေရေး ရည်မှန်းပြီး ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ယခု စေလွှတ်လိုက်သည့် စီးပွားရေးသံမှူးများသည် ဝန်ကြီးဌာနငါးခုမှ အလယ်အလတ်ဝန်ထမ်းများဖြစ်သည့်အတွက် အတွေ့အကြုံနှင့် အတွေးအခေါ်များ အပြည့်အဝရှိကြမည်ဟု ယုံကြည်ပါကြောင်း၊ ဒေသတွင်းနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုများတွင် ယင်းနိုင်ငံ၏ လက်ရှိအခြေအနေတစ်ခုတည်းကိုမကြည့်ဘဲ နောက်ခံသမိုင်းကြောင်းများကိုလည်း လေ့လာရမည် ဖြစ်ပါကြောင်း၊ ယင်းတို့ တွေးခေါ်မြော်မြင်သည့် စီးပွားရေးအမြင်များကို လေ့လာပြီး မိမိနိုင်ငံ၏ စီးပွားရေးအခွင့်အလမ်းများကို အကောင်အထည်ဖော်ရမည် ဖြစ်ပါကြောင်း၊ စီးပွားရေးသံမှူးများအနေဖြင့် ကမ္ဘာ့စီးပွားရေး၊ ဒေသတွင်းစီးပွားရေးကို လေ့လာကြရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးအခွင့်အလမ်းများကို မိမိတို့ရောက်ရှိမည့် နိုင်ငံများတွင် စီးပွားရေးလုပ်ငန်းရှင်များ စိတ်ပါဝင်စားလာစေရေး ကြိုးစားရမည် ဖြစ်ပါကြောင်း။

**အမျိုးသားနိုင်ငံရေးကို သစ္စာရှိရန်**

မြန်မာနိုင်ငံအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်၊ ရေအရင်းအမြစ်၊ မြေအရင်းအမြစ်နှင့် အခြားသဘာဝအရင်းအမြစ်အခွင့်အလမ်းများစွာရှိသည်ကို ရင်းနှီးမြှုပ်နှံသူများ စိတ်ဝင်စားလာစေရေး စီးပွားရေးသံမှူးများက ဆွဲဆောင်စည်းရုံးကြရမည် ဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံသူများသည် ယင်းတို့၏ ရင်းနှီးမြှုပ်နှံမှု မဆုံးရှုံးရေးနှင့် အမြတ်ရရှိရေးသည် ၎င်းတို့အတွက် ဦးစားပေးသည်ကို သိရှိနားလည်ပြီး ၎င်းတို့၏ အကျိုးစီးပွားကို မိမိနိုင်ငံ၏ အကျိုးစီးပွားနှင့်ယှဉ်တွဲ၍ လုပ်ကိုင်လိုစိတ် ဖြစ်ပေါ်စေရန် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးဆိုင်ရာ အချက်အလက်များကို သိရှိအောင် ဆောင်ရွက်ပြီး တာဝန်ကျသည့် သက်ဆိုင်ရာနိုင်ငံ၏ စီးပွားရေးအချက်အလက်များကို လေ့လာကာ မိမိနိုင်ငံ၏ စီးပွားရေးတိုးတက်လာစေရန် စီးပွားရေးသံမှူးများအနေဖြင့် အတွေးအမြင် ကျယ်ကျယ်ပြန့်ပြန့်သုံးသပ်ပြီး အစီရင်ခံစာများ ရေးသားပေးပို့ရမည် ဖြစ်ပါကြောင်း၊ ထို့အပြင် နိုင်ငံကို ကိုယ်စားပြုပြီး တာဝန်ထမ်းဆောင်ကြရမည် ဖြစ်သည့်အတွက် ဝန်ထမ်းသည် အမျိုးသားနိုင်ငံရေးကို သစ္စာရှိရန်၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုအပေါ် သစ္စာရှိရန် အထူးမှာကြားလိုကြောင်း၊ ဝန်ထမ်းများအားလုံး ပေးအပ်သည့်တာဝန်များကို ကျေပွန်အောင် ဆောင်ရွက်ရန်နှင့် ရောက်ရှိသည့်နေရာမှ ရရှိသည့် ဗဟုသုတများကို အကျိုးရှိစွာ အသုံးချနိုင်ရေး လေ့လာဆည်းပူးကြပါရန် ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ရခိုင်ပြည်နယ် စစ်တွေမြို့၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးရုံးများမှ ဝန်ထမ်းများအား တွေ့ဆုံ၍ ဌာန၏လုပ်ငန်းများသည် နိုင်ငံတော်လုံခြုံရေးနှင့် သက်ဆိုင်သည့်အတွက် ဂရုတစိုက် အလေးထားဆောင်ရွက်ရန် တိုက်တွန်းမှာကြား

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ယနေ့ မွန်းလွဲပိုင်းက ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရခိုင်ပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးရုံးများမှ ဝန်ထမ်းများကို တွေ့ဆုံရာ ရခိုင်ပြည်နယ်ဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးအောင်မျိုးက ပြည်နယ်အတွင်း ဌာန၏ရည်မှန်းချက် တာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ပန်းခင်းစီမံချက်နှင့် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ကောက်ယူရရှိသည့် အိမ်ထောင်စုစာရင်းများနှင့် ပတ်သက်၍ ဆက်လက် ဆောင်ရွက်နေမှု၊ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။




ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ရခိုင်ပြည်နယ်အနေဖြင့် ပန်းခင်းစီမံချက် အဆင့်(၁) ကို ရာနှုန်းပြည့် ပြီးစီးအောင်မြင်အောင် ဆောင်ရွက်နိုင်သကဲ့သို့ အဆင့်(၂)ကိုလည်း ရာနှုန်းပြည့် ပြီးမြောက် အောင်မြင်အောင် ကြိုးပမ်း ဆောင်ရွက်ကြရန် လိုကြောင်း၊ ထို့ပြင် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး လုပ်ငန်းအရ ရရှိလာသည့် အိမ်ထောင်စု အချက်အလက်များကို e-ID software ဖြင့် ချိတ်ဆက်ကာ အချက်အလက် ပြင်ဆင်ဖြည့်စွက်၊ အတည်ပြုခြင်းလုပ်ငန်းကိုလည်း ယခုလအတွင်း ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း၊ လျှပ်စစ်မီးနှင့် အင်တာနက် အခက်အခဲရှိသည့် မြို့နယ်များ၏ အိမ်ထောင်စုစာရင်း အချက်အလက်များကို ပြည်နယ်ဦးစီးမှူးရုံး၌ စုစည်းကာ သတ်မှတ်ကာလအတွင်း စိစစ် အတည်ပြုနိုင်ရေးအတွက် ပြည်နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီသို့ တင်ပြဆောင်ရွက်ရန်လိုကြောင်း၊ ယင်းစာရင်းအချက်အလက်များ ဖြည့်သွင်းအတည်ပြုပြီးမှသာ မှန်ကန်သည့် လူဦးရေစာရင်းကို ထုတ်ပြန်နိုင်မည်ဖြစ်သည့်အတွက် အားလုံးက အလေးထား ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

နိုင်ငံသား စိစစ်ရေးလုပ်ငန်းဆောင်ရွက်ရာတွင်လည်း မှတ်တမ်းမှတ်ရာများ စနစ်တကျ တိုက်ဆိုင်ကာ ဥပဒေနှင့်အညီ ရသင့်သည့်သူများအား ကြန့်ကြာမှုမရှိစေရေးအတွက် စိစစ်ဆောင်ရွက်ပေးရန် လိုအပ်သကဲ့သို့ မရသင့်သည့်သူများအား မှားယွင်းထုတ်ပေးခြင်း မရှိစေရေးအတွက် အဆင့်ဆင့်စိစစ်ကြီးကြပ်ဆောင်ရွက်ကြရန် လိုကြောင်း၊ ယာယီနေရပ်စွန့်ခွာစခန်းများ၌ ရောက်ရှိနေထိုင်သူများ၏ နိုင်ငံသားကတ်ပြား စိစစ်ထုတ်ပေးခြင်း လုပ်ငန်းများကိုလည်း မြို့နယ်ရုံးအချင်းချင်း ချိတ်ဆက်ရန် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းကာ ထိထိရောက်ရောက် ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းကိုလည်း စီမံချက်ပါအတိုင်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူရန် ဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ်အနေဖြင့် ဆောင်ရွက်ရမည့် ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများကိုလည်း သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးအတွက် ကြိုတင်စီမံဆောင်ရွက်ထားကြရန် လိုကြောင်း၊ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရန် လိုကြောင်း၊ မိမိတို့ ဝန်ကြီးဌာန၏လုပ်ငန်းများသည် နိုင်ငံတော်လုံခြုံရေးနှင့် သက်ဆိုင်သည့်အတွက် ဂရုတစိုက် အလေးထား ဆောင်ရွက်ကြရန် လိုကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး ဝန်ထမ်းများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များဖြန့်ဝေ

**လယ်ဝေး ဖေဖော်ဝါရီ ၁၀**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ်၌ ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသားကျောင်းသူများ ဖတ်ရှုလေ့လာနိုင်ရန်အတွက် ယနေ့နံနက်ပိုင်းက အ-ထ-က သာဝတ္ထိနှင့် အ-ထ-က(၄) သဲဖြူတို့၌ ဖြန့်ဝေခဲ့သည်။

အဆိုပါ သတင်းစကား လက်ကမ်းစာစောင်တွင် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ၊ ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၆ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် ဖဆပလအဖွဲ့ချုပ်ကြီး၏ နိုင်ငံလုံးဆိုင်ရာညီလာခံတွင်ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၂-၂-၂၀၂၂ ရက်နေ့ (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်၊ ကဗျာ၊ ဆောင်းပါး၊ ဆောင်ပုဒ်များနှင့် ကာတွန်း စသည့် အကြောင်းအရာများ ပါဝင်ကြောင်း သိရသည်။

**ဝေကြည်(ပြန်/ဆက်)**

(၇၆) နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

# စည်းလုံးညီညွတ်မှုဖြင့် မျှော်မှန်းထားသည့် ပြည်ထောင်စုပန်းတိုင်ဆီသို့ . . .

. . . . . . . . မောင်ငြိမ်းအေး . . . . . . . .

၂၀၂၂ ခုနှစ်ကို တိုင်းရင်းသားညီအစ်ကို မောင်နှမအားလုံး၏ စုစည်းညီညွတ်မှု အင်အားဖြင့် ဖြတ်ကျော်ခဲ့ပြီးဖြစ်သည်။ ၂၀၂၃ ခုနှစ် စိန်ရတုလွတ်လပ်ရေးနေ့ အခါသမယကိုလည်း ခမ်းနားထည်ဝါစွာဖြင့် ဂုဏ်ယူဖွယ်အောင်မြင်စွာ ဖြတ်ကျော်နိုင်ခဲ့ပြီ။ ၂၀၂၃ ခုနှစ် ပြည်ထောင်စုနေ့ အခါသမယတွင်လည်း စည်းလုံးညီညွတ်မှု အားမာန်များကို ပြသကြရပါဦးမည်။

**စည်းလုံးညီညွတ်မှု ခွန်အားသစ်**

ယခုကဲ့သို့ အောင်မြင်စွာ ကျော်ဖြတ်နိုင်မှုများသည် တိုင်းရင်းသားပြည်သူညီအစ်ကိုမောင်နှမအားလုံး၏ စည်းလုံးညီညွတ်မှု အားမာန်များကြောင့် ဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားခဲ့သည့် ၂၀၂၃ ခုနှစ် နှစ်သစ်ကူးမိန့်ခွန်းပါ **“ကုန်လွန်ခဲ့ပြီးဖြစ်တဲ့ ၇၅ နှစ်တာ ကာလအတွင်း နိုင်ငံနဲ့ လူမျိုးအတွက် အကျိုးမပြုခဲ့တဲ့ အတွေးအခေါ်များနဲ့ လုပ်ဆောင်ချက်များကို ချန်ရစ်ခဲ့ပြီး နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမယ့် အပြုသဘော ဆောင်ရွက်ချက်များကို “မြန်မာစိတ်” မွေးပြီးတော့ စည်းစည်းလုံးလုံး လုပ်ကိုင်သွားကြမယ်ဆိုရင် ကျွန်တော်တို့သွားချင်တဲ့ “ပန်းတိုင်” ကို မလွဲမသွေ ရောက်ရှိမှာပဲဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံး နိုင်ငံ့အကျိုး၊ တိုင်းရင်းသား ပြည်သူလူထုအကျိုးကိုရှေးရှုပြီး ပိုမိုကောင်းမွန်တဲ့ နိုင်ငံတော်ရဲ့ လူမှုစီးပွားဘဝတွေကို မျိုးဆက်သစ် လူငယ်တွေအတွက် တည်ဆောက်ပေးသွားကြပါမယ်”** ဆိုသည့် စကားသည် မျက်မှောက်ကာလ၌ စည်းလုံးညီညွတ်မှုဖြင့် အကျိုးဆောင်မှုများအတွက် ခွန်အားသစ်များ ဖြစ်စေပါသည်။

တိုင်းရင်းသား စည်းလုံးညီညွတ်မှု စွမ်းပကားသည် အခက်အခဲ၊ အနှောင့်အယှက်များကို ကျော်လွှားလွန်မြောက်နိုင်သည့် အစွမ်းသတ္တိ၊ တိုင်းပြည်၏ လွတ်လပ်ရေးကို အရယူပေးနိုင်သည့် အစွမ်းသတ္တိ၊ တိုင်းပြည်တည်ဆောက်ရေးအတွက် ခွန်အားသတ္တိများ ဖြစ်ကြောင်း မြန်မာ့သမိုင်းကြောင်းတစ်လျှောက်ရှိ အမျိုးသားရေး လှုပ်ရှားမှုများတွင် အခိုင်အမာသက်သေထူပြထားနိုင်သည်ကို တွေ့မြင်ကြရမည် ဖြစ်သည်။

နယ်ချဲ့လက်အောက်သို့ မြန်မာနိုင်ငံကျရောက်စဉ်က နယ်ချဲ့တို့သည် ဖိနှိပ်ချုပ်ချယ် သွေးစုပ်နိုင်ရန်အတွက် နည်းလမ်းအမျိုးမျိုးဖြင့် သွေးခွဲအုပ်ချုပ်ခဲ့ကြသည်။ ဗျူရိုကရေစီအုပ်ချုပ်ရေး ယန္တရားဖြင့် မြန်မာနိုင်ငံရှိ တိုင်းရင်းသား ပြည်သူများကို ချိုးနှိမ်ဖိနှိပ်ထားခဲ့သည်။ ဖိနှိပ်ချုပ်ချယ်သည့် ဗျူရိုကရေစီယန္တရားကို တွန်းလှန်တိုက်ဖျက်ပြီး နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးကြိုးပမ်းမှု သမိုင်းတစ်လျှောက်လုံး၌ မြန်မာတိုင်းရင်းသား ပြည်သူများကိုယ်တိုင် ပါဝင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။

**ပန်းတိုင်ကွယ်ပျောက်လု နီးပါးဖြစ်ခဲ့**

ကြိုးပမ်း ဆောင်ရွက်မှုများသည် တရားနည်းလမ်းကျနပြီး မှန်ကန်မွန်မြတ်သည့် အမျိုးသားရေးလှုပ်ရှားမှုများဖြစ်ခဲ့၍လည်း တိုင်းရင်းသားပြည်သူများအတွင်း တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်များနှင့် အမျိုးသားရေးစိတ်ဓာတ်များ ကျယ်ကျယ်ပြန့်ပြန့် စိမ့်ဝင်ပျံ့နှံ့စေခဲ့သည်။ ပြည်သူများကိုယ်တိုင် အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုများတွင် တစ်တပ်တစ်အား ပါဝင်ရမည်ဆိုသည့် အသိတရားများ ကိန်းဝပ်လာခဲ့သည်။ မှန်ကန်သည့် အသိစိတ်ဓာတ်နှင့် နိုင်ငံရေးနိုးကြားမှုများသည် တိုင်းရင်းသားပြည်သူများအကြားတွင် ကြီးမားသည့် ထုထည်ပမာဏ ဖြစ်ပေါ်လာသည့်အတွက် စည်းလုံးညီညွတ်မှုသန္ဓေတည်ပြီး တိုင်းရင်းသား စည်းလုံးညီညွတ်မှုသည် ထက်မြက်သည့် စွမ်းအားကြီးဖြစ်လာခဲ့သည်။ ထိုစွမ်းအားကြောင့်ပင် လွတ်လပ်ရေးအောင်ပွဲကို ဆင်နွှဲနိုင်ခဲ့တဲ့အထိ ဖြစ်ထွန်းလာခဲ့သည်။ လွတ်လပ်ရေးရပြီးသောအခါ ပါလီမန်ဒီမိုကရေစီစနစ်ဖြင့် နိုင်ငံတည်ဆောက်ရန် ကြိုးပမ်းခဲ့သော်လည်း ကိုလိုနီနယ်ချဲ့စနစ်၏ သွေးခွဲအုပ်ချုပ်မှု ဆိုးမွေများနှင့် နိုင်ငံရေးဝါဒစွဲ၊ ဂိုဏ်းဂဏစွဲများကြောင့် ပြည်သူတို့၏ပန်းတိုင်ကွယ်ပျောက်လုနီးပါး ဖြစ်ခဲ့ရသည်။

ထို့နောက် စည်းလုံးညီညွတ်မှု စွမ်းအားကို ခိုင်မာလာအောင် တည်ဆောက်ရင်း ခေတ်အဆက်ဆက်တွင် မူဝါဒ၊ လမ်းစဉ်စနစ်အမျိုးမျိုးဖြင့် နိုင်ငံတည်ဆောက်ရေး၊ တိုးတက်ရေးကို ကြိုးပမ်းခဲ့ကြသော်လည်း ပန်းတိုင်သို့ ရောက်လုနီးတိုင်း ပြန်လည်ဝေးခဲ့ရသည်။ အကြောင်းအရင်းမှာ စီမံခန့်ခွဲမှုလွဲမှားမှု၊ အဖျက်အမှောင့်အန္တရာယ်နှင့် စည်းလုံးညီညွတ်မှု ပျက်ပြားစေသော လုပ်ဆောင်မှုများကြောင့် ဖြစ်သည်။ မြန်မာတို့၏ စိတ်ရင်းအမှန်ကို မြန်မာတို့သာ အသိဆုံးဖြစ်သည်။ အေးချမ်းသာယာဝပြောမှုကို အားလုံးက လိုလားကြသည်။ အေးချမ်းသာယာဝပြောရေးအတွက် ညီညွတ်မှုသည် အရင်းခံအကြောင်း ဖြစ်သည်။ အေးချမ်းသာယာဝပြောရေးအတွက် စီးပွားရေးတိုးတက်မှုသည် အရေးကြီးသည့် အချက်ဖြစ်သည်။ မျက်မှောက်ကာလ တိုင်းရင်းသားပြည်သူများလိုလားသည့် ပန်းတိုင်မှာ စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးပင် ဖြစ်သည်။

**သွေးစည်းညီညွတ်မှုဖြင့် ဆက်လက်ကြိုးပမ်း**

ယင်းတို့ကို စည်းလုံးညီညွတ်မှု စွမ်းအားဖြင့် တည်ဆောက်မှ အောင်မြင်မည်ဖြစ်သည်။ စီးပွားရေးတိုးတက်အောင်ဆောင်ရွက်ရာတွင် ပြည်သူတစ်ဦးချင်း၏ စီးပွားရေးတိုးတက်မှု၊ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတော်တစ်ခုလုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများကို ဟန်ချက်ညီအောင် အတတ်နိုင်ဆုံး ဆောင်ရွက်ကြရမည်ဖြစ်သည်။ မိမိတို့နိုင်ငံတွင် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး စည်းလုံးညီညွတ်ပြီး အားမာန်အပြည့်ဖြင့် ပါဝင်ဆောင်ရွက်ခဲ့ကြ၍ နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်လပ်ရေး တိုက်ပွဲများတွင် အောင်ပွဲများရရှိခဲ့သလို တိုင်းရင်းသားပြည်သူများ၏ သွေးစည်းညီညွတ်သည့် အားမာန်များဖြင့်ပင် မျှော်မှန်းထားသည့် အေးချမ်းသာယာဝပြောပြီး ဒီမိုကရေစီ နှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရန် ဆက်လက်ကြိုးပမ်းကြရမည်ဖြစ်သည်။ နိုင်ငံတွင်ရှိပြီးဖြစ်သည့် သဘာဝသယံဇာတ အရင်းအမြစ်များအပါအဝင် ကုန်ထုတ်စွမ်းအားစုများကို ထိရောက်စွာ အသုံးပြုပြီး စီးပွားရေးတိုးတက်လာအောင် ကြိုးစားကြရမည်ဖြစ်သည်။

နိုင်ငံတော်တွင် စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ပြီး နိုင်ငံတော်၏ စီးပွားရေးအခြေအနေများ တိုးတက်မြင့်မားလာအောင် ကြိုးပမ်းဆောင်ရွက်နေခြင်းသည် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ အကျိုးစီးပွားကို ရှေးရှုဆောင်ရွက်နေခြင်းဖြစ်သည်။ ပြည်တွင်းလိုအပ်ချက်များဖြစ်သည့် အခြေခံလူသုံးကုန်ပစ္စည်းများကို ပြည်ပမှတင်သွင်းနေရသူ Importer အဖြစ်မှ ပြည်တွင်းလိုအပ်ချက်ကို ပြည့်မီအောင်ထုတ်လုပ်ပြီး ပြည်ပသို့ ပြန်လည်တင်ပို့နိုင်သူ Exporter အဖြစ်သို့ ရောက်ရှိသည်အထိ ရည်မှန်းဆောင်ရွက်သွားကြရမည် ဖြစ်သည်။

တန်ဖိုးမြှင့်ထုတ်ကုန်များ ပြောင်းလဲထုတ်လုပ်ရောင်းချခြင်းဖြင့် ပြည်တွင်းစားသုံးမှု ဖူလုံစေရုံသာမက ပြည်ပပို့ကုန်များ ပိုမိုတိုးမြှင့်လာပြီး နိုင်ငံသားများ၏ တစ်ဦးချင်းဝင်ငွေလည်း တိုးတက်လာမည်ဖြစ်သည်။ တိုင်းပြည်စီးပွားရေးနှင့် ပြည်တွင်းထုတ်ကုန် တိုးမြှင့်လာစေရန် အသေးစား၊ အငယ်စားနှင့် အလတ်စား MSME လုပ်ငန်းများ အောင်မြင်အောင် အားပေးဆောင်ရွက်နေသည်ကို တွေ့ရသည်။

**ဒီမိုကရေစီစနစ်ခိုင်မာအားကောင်း**

ဒီမိုကရေစီကျင့်သုံးသည့် နိုင်ငံကို တည်ဆောက်ရာတွင် နိုင်ငံသူ၊ နိုင်ငံသားများ သိသင့်သိထိုက်၊ ရှိသင့်ရှိထိုက်သည့် တွေးခေါ်မြော်မြင်မှုများ၊ အသိပညာဗဟုသုတများရှိရန် လိုအပ်သည်။ နိုင်ငံစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်ရန်အတွက် လူသားအရင်းအမြစ်များသည် အဓိကကျပြီး လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပညာရေးကိုအဓိကတည်ဆောက်ကြသည်။ နိုင်ငံတော်အစိုးရသည် ကျောင်းနေအရွယ် ကလေးအားလုံး၊ ပညာသင်ကြားရမည့် အရွယ်အားလုံး ပညာသင်ယူခွင့်ရရှိရေးနှင့် အခြေခံပညာ အလယ်တန်းအဆင့် KG+9 ပြီးဆုံးသည်အထိ ပညာသင်ယူနိုင်ရေး ရည်မှန်းချက်ကို ချမှတ်ဆောင်ရွက်နေသည်ကို တွေ့ရသည်။ သို့မှသာ နိုင်ငံသားတိုင်း သက်ဆိုင်ရာ ကဏ္ဍအလိုက်၊ အသက်မွေးဝမ်းကျောင်းအလိုက် အသိပညာ၊ အတတ်ပညာများရအောင် ဖန်တီးနေမှုများသည်

*စာမျက်နှာ ၁၁ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့များနှင့်တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေးစဉ်။ (၂၀၂၂ ခုနှစ် ဩဂုတ် ၂၃ ရက်)

❖ **မိမိတို့နိုင်ငံတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး စည်းလုံးညီညွတ်ပြီး အားမာန်အပြည့်ဖြင့် ပါဝင်ဆောင်ရွက်ခဲ့ကြ၍ နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်လပ်ရေး တိုက်ပွဲများတွင် အောင်ပွဲများရရှိခဲ့သလို တိုင်းရင်းသားပြည်သူများ၏ သွေးစည်းညီညွတ်သည့် အားမာန်များဖြင့်ပင် မျှော်မှန်းထားသည့် အေးချမ်းသာယာဝပြောပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရန် ဆက်လက်ကြိုးပမ်းကြရမည်ဖြစ်သည်။ နိုင်ငံတွင်ရှိပြီးဖြစ်သည့် သဘာဝသယံဇာတ အရင်းအမြစ်များအပါအဝင် ကုန်ထုတ်စွမ်းအားစုများကို ထိရောက်စွာ အသုံးပြုပြီး စီးပွားရေးတိုးတက်လာအောင် ကြိုးစားကြရမည်ဖြစ်**

## ပြည်ထောင်စုလှေကို စီးကြစို့

✻ ရှမ်း ချင်း ကချင် မွန် ကရင်
စုပေါင်းလှေပေါ်တွင်၊
သွေးချင်းစုံလင် တို့ကယား
ဗမာ ရခိုင်သား။

✻ စုပေါင်းအားနဲ့ ခရီးနှင်
သွေးစည်းချစ်ချစ်ခင်၊
ထာဝစဉ် ညီနောင်များ
တို့ပြည်ထောင်စုသား။

✻ ကြိုးစားရိုးသား နိုးကြားစွာ
တို့များ အားသွန်ကာ၊
ချစ်ကြည်စွာ တူလှော်လျက်
တို့များခရီးဆက်။

✻ တို့ပြည်အတွက် တို့သွေးတွေ
စည်းလုံးညီညွတ်နေ၊
ပြည်ထောင်စုလှေလှော်ကြစမ်း
ပန်းတိုင်ရောက်ဖို့လှမ်း။

✻ ပြည်ထောင်ငြိမ်းချမ်း
ခိုင်မြဲအောင်
ပြည်ချစ်စိတ်ကိုဆောင်၊
တို့များပြည်ထောင် စုစုစည်း
ပြည်ထောင်စုလှေကိုစီး။
ပန်းတိုင်ရောက်ဖို့နီး ။ ။

မောင်လေပြေ(တောင်တွင်း)

## မဲခေါင် - လန်ချန်း အထူးရန်ပုံငွေဖြင့် စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းသုံးကိရိယာများပေးအပ်



လဟယ် ဖေဖော်ဝါရီ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့တွင် စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ - ရာသီသီးနှံဌာနခွဲမှ ဖွင့်လှစ်ပို့ချသော မဲခေါင် - လန်ချန်းပူးပေါင်းဆောင်ရွက်ရေး အထူးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ရေရှည်တည်တံ့သော ကော်ဖီ စိုက်ပျိုးထုတ်လုပ်မှု ပညာပေးသင်တန်း (TOT) နှင့် စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းသုံး ကိရိယာများတောင်သူများသို့ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက လဟယ်မြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နာဂဒေသ စိုက်ပျိုးရေး ဦးစီးဌာနမှ ဒေသတာဝန်ခံ ဦးသိန်းထွန်းတင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းရာတွင် ဒေသခံပြည်သူများအား ကော်ဖီသီးနှံ စနစ်တကျ စိုက်ပျိုးထုတ်လုပ်တတ်စေရန်၊ နာဂဒေသအတွင်း အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရေး၊ တစ်ဦးချင်းဝင်ငွေ တိုးတက်စေရန်၊နာဂဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး လူမှုဘဝ သာယာဝပြောစေ၍ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုစေရန်ရည်ရွယ်ကာ သင်တန်းဖွင့်လှစ်ပေးရခြင်း ဖြစ်ကြောင်း ဆွေးနွေးသည်။

အဆိုပါ သင်တန်းကို နှစ်ရက်ကြာ ပို့ချမည်ဖြစ်ကာ သင်တန်းတွင် တောင်သူ ၁၅ ဦး၊ မြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

စာမျက်နှာ ၁၀ မှ

နိုင်ငံအနာဂတ်နှင့် ဒီမိုကရေစီစနစ်အတွက် ခိုင်မာအားကောင်းလာမည်ဖြစ်သည်။

လူငယ်လူရွယ်များအား ဗလငါးတန် ဖွံ့ဖြိုးပြီး အားကစားတွင် ထူးချွန်ကာ သက်ဆိုင်ရာ ဒေသကိုယ်စားပြု၊ နိုင်ငံကိုယ်စားပြုသူများအဆင့်မှ ကမ္ဘာ့အဆင့်အထိ ထိုးဖောက်ပြီး အားကစားဖြင့် နိုင်ငံနှင့် လူမျိုးဂုဏ်ကို မြှင့်တင်ပေးနိုင်ရေးအတွက် မျိုးဆက်သစ်များအား မွေးထုတ်နေသည်လည်း တွေ့ရသည်။ ကျန်းမာရေးကဏ္ဍတွင် လူတိုင်းလက်လှမ်းမီသည့် သာတူညီမျှ ကျန်းမာရေး စောင့်ရှောက်မှုစနစ်ကို ရရှိသည်အထိ ရည်မှန်းထားရှိပြီး ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းနှင့် ပြည်သူများ၏ မျှော်မှန်းသက်တမ်း ယခုထက်ပိုမိုမြင့်မားလာရေးကို ဦးတည်ဆောင်ရွက်နေသည်ကိုလည်း တွေ့ရသည်။ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်သောကြောင့် ရောဂါဖြစ်ပွားမှု၊ သေဆုံးမှုများကို ယခုအခါ လျော့ချထိန်းချုပ်နိုင်ခဲ့ပြီဖြစ်သည်။

### အကျိုးပြုလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်

မြန်မာနိုင်ငံသည် သဘာဝသယံဇာတ အရင်းအမြစ်များ ပေါများကြွယ်ဝသည့် နိုင်ငံဖြစ်သည်။ ယခင်က သဘာဝသယံဇာတများ လေလွင့်ထိခိုက်မှုများ ရှိခဲ့သည့်အတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများလုပ်ဆောင်ရန် နိုင်ငံတော်အကြီးအကဲက တိုက်တွန်းထားသည်။ ပေါများကြွယ်ဝလှသည့် သဘာဝသယံဇာတများကို ပြည်တွင်း၌ ကုန်ချောအဖြစ် တိုးတက်ထုတ်လုပ်နိုင်ခြင်းဖြင့် ဝင်ငွေပိုမိုရရှိပြီး အလုပ်အကိုင်အခွင့်အလမ်းများလည်း ပွင့်လင်းလာမည်ဖြစ်သည်။ အိမ်သုံးနှင့် ကုန်ထုတ်လုပ်ငန်းများအတွက် လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေးကို နည်းလမ်းအမျိုးမျိုး ရှာဖွေလုပ်ကိုင်နေသည်ကို တွေ့ရသည်။ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များဖြစ်သည့် ရေအားနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သည်။ အလားအလာရှိသည့် လေအားလျှပ်စစ်၊ ရေအားလျှပ်စစ်များအပါအဝင် အဏုမြူစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုပြီး လျှပ်စစ်ကဏ္ဍအပါအဝင် အခြားအကျိုးပြုလုပ်ငန်းများ လုပ်ကိုင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့ရသည်။

ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်ရေးသည်လည်း အရေးကြီးသော အချက်တစ်ခုဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေးအတွက် နိုင်ငံတော်၏ လူမှုရေးဦးတည်ချက်တွင် **“တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး”** ဟူသော အချက်ကို ဖော်ပြထားရာ မြန်မာ့ရိုးရာယဉ်ကျေးမှုများကို ပြန်လည်ဖော်ထုတ်ပေးနိုင်ရန် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နိုင်ငံတော်အဆင့် ခမ်းခမ်းနားနား ထည်ထည်ဝါဝါ စည်ကားသိုက်မြိုက်စွာ ပြန်လည်ကျင်းပပေးနိုင်ခဲ့သည်ကိုလည်း တွေ့ရသည်။

### ငြိမ်းချမ်းရေးလမ်းကြောင်း လျှောက်လှမ်း

၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ထားပြီး ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများ ချုပ်ငြိမ်းသွားရေး၊ ရေရှည်တည်တံ့ခိုင်မြဲသည့် ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ရေးတို့အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ခေါင်းဆောင်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်တိုင်တွေ့ဆုံ ဆွေးနွေးနိုင်ရန် ကမ်းလှမ်းခဲ့ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်နေသည်ကို တွေ့ရသည်။ နိုင်ငံတော်က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်သည့်နေရာတွင် ၂၀၁၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) အပေါ်အခြေခံပြီး ဆွေးနွေးနေကြသည်။ ဆွေးနွေးပွဲများတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဆယ်ဖွဲ့ တက်ရောက်ဆွေးနွေးခဲ့ပြီး ငြိမ်းချမ်းရေးလမ်းကြောင်းပေါ် လျှောက်လှမ်းမည်ဆိုသည့် သဘောထား အမြင်များ တွေ့ရသည့်အတွက် ဝမ်းမြောက်မိသည်။

တပ်မတော်အနေဖြင့် တစ်ဖက်သတ် အပစ်အခတ်ရပ်စဲမှုကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့မှ ၂၀၂၂ ခုနှစ်အကုန်အထိ လေးနှစ်တာ ရပ်ဆိုင်းပေးခဲ့သည်။ ယခုထပ်မံပြီး ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့ကစ၍ ဒီဇင်ဘာလ ၃၁ ရက်နေ့ အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို သက်တမ်းတိုးမြှင့်ပေးခဲ့သည်။ လွတ်လပ်ရေးရပြီး ကာလကတည်းက ပြည်တွင်း လက်နက်ပဋိပက္ခများနှင့် ကြုံတွေ့ခဲ့ရသည့် မိမိတို့နိုင်ငံတွင် လက်နက်ကိုင် ပဋိပက္ခများ၏ ဆိုးမွေများကို တိုင်းရင်းသားပြည်သူများ ခံစားနေကြရသည်။ ၂၀၂၂ ခုနှစ် စိန်ရတုပြည်ထောင်စုနေ့ ကာလကစ၍ ငြိမ်းချမ်းရေးခရီးလမ်းကို လမ်းဖွင့်ကြိုဆိုဆောင်ရွက်နေပြီဖြစ်ရာ ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

### စည်းလုံးညီညွတ်မှု စွမ်းပကား

ယခုကဲ့သို့တိုင်းရင်းသားပြည်သူများ၏ မျှော်မှန်းချက်များ၊ အကျိုးစီးပွားများကို နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားပြည်သူများတက်ညီလက်ညီ ဆောင်ရွက်နေချိန်တွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာမည်ကို၊ စစ်မှန်သည့် ပါတီစုံဒီမိုကရေစီစနစ် ပေါ်ပေါက်လာမည်ကို မရှုဆိတ်နိုင်သည့်၊ ပြည်သူများ၏ အကျိုးစီးပွားကို ဖျက်ဆီးနေသည့် အကြမ်းဖက် အဖျက်သမားများသည် အဖျက်လုပ်ရပ်များ လုပ်ကိုင်ပြီး နှောင့်ယှက်နေကြသည်။ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ထွန်းကားရေးအတွက် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲသည် အရေးပါသည့် အခန်းကဏ္ဍတွင် ရှိနေသည်။ လွတ်လပ်တရားမျှပြီး ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် နိုင်ငံတစ်ဝန်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှုရရှိစေရေးတို့ကို နိုင်ငံတော်နှင့်အတူ ပြည်သူလူထုတစ်ရပ်လုံး လက်တွဲဆောင်ရွက်သွားကြရမည်ဖြစ်သည်။

တိုင်းရင်းသား စည်လုံးညီညွတ်မှု စွမ်းပကားနှင့် လွတ်လပ်ရေးကို ရယူခဲ့ပြီးဖြစ်သလို ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်နေသည့် နေရာတွင်လည်း တိုင်းရင်းသား စည်းလုံးညီညွတ်မှု စွမ်းပကားနှင့်ပင် တည်ဆောက်မှသာ အောင်မြင်နိုင်မည်ဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ နိုင်ငံ့တာဝန်ကို နှစ်နှစ်တာ ဆောင်ရွက်ခဲ့သည့်ကာလတိုအတွင်း တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် စိန်ခေါ်မှုများ၊ အခက်အခဲများကို စိတ်ရှည်သည်းခံမှု၊ သဘောထားပြည့်ဝမှုများနှင့် ဖြတ်ကျော်လာခဲ့ပြီး နိုင်ငံတော်၏ အရေးကိစ္စများတွင်လည်း တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့ကြခြင်းသည် ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံ၍ ပေါ်ပေါက်လာသည့် စည်းလုံးညီညွတ်မှု စွမ်းပကားခွန်အားများဟု ဆိုရမည်ဖြစ်သည်။

အချုပ်အားဖြင့် ဆိုရပါလျှင် တိုင်းရင်းသားအချင်းချင်း ရင်းနှီးချစ်ကြည်ခြင်း၊ စည်းလုံးညီညွတ်ခြင်းတို့ကို အခြေခံသည့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် စုပေါင်းဆောင်ရွက်ကြခြင်းကြောင့် တွေ့ကြုံလာရမည့် အခက်အခဲဟူသမျှကို ရင်ဆိုင်ကျော်လွှားနိုင်မည်ဖြစ်သည်။ ဆက်လက်၍ နိုင်ငံတော်၏ အမျိုးသားရေးလုပ်ငန်းစဉ်နှစ်ရပ်၊ နိုင်ငံရေးလုပ်ငန်းစဉ်နှစ်ရပ်တို့ကို အောင်မြင်စွာ အကောင်အထည်ဖော်ကာ ရှေ့သို့လှမ်းချီ ပန်းတိုင်ဆီ (Keep Moving Forward to Achieve Our Goal) ဆိုသည့် ဆောင်ပုဒ်နှင့်အညီ လက်တွဲညီညီ အကောင်အထည်ဖော်ကြခြင်းဖြင့် တိုင်းရင်းသားပြည်သူများ မျှော်မှန်းထားသည့် ပန်းတိုင်ဆီသို့ ရောက်ရှိမည်ဖြစ်ပါကြောင်း။ ။

**လွတ်လပ်တရားမျှပြီး ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် နိုင်ငံတစ်ဝန်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှုရရှိစေရေးတို့ကို နိုင်ငံတော်နှင့်အတူ ပြည်သူလူထုတစ်ရပ်လုံး လက်တွဲ ဆောင်ရွက်သွားကြရမည်ဖြစ်**

# ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် ပြည်ထောင်စုဝန်ကြီးများ IDPs စခန်းများ၊ ယာယီနေရပ်စွန့်ခွာစခန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ရခိုင်ပြည်နယ်၌ ရောက်ရှိနေသည့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေး ကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ပြည်ထောင်စုဝန်ကြီးများသည် ဖေဖော်ဝါရီ ၉ ရက်တွင် ကျောက်တော်မြို့ မဟာမုနိ ယာယီနေရပ်စွန့်ခွာစခန်းသို့ ရောက်ရှိခဲ့ကြပြီး စခန်းရှိ နေရပ်စွန့်ခွာ တိုင်းရင်းသားပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာစခန်းများတွင် တိုင်းရင်းသားနေရပ်စွန့်ခွာများ ၆၆,၉၆၇ ဦး ရှိပါကြောင်း၊ ကျောက်တော်မြို့နယ်တွင် ယာယီစခန်း ၁၆ ခု ရှိပြီး လူဦးရေ ၁၂,၈၉၈ ဦး၊ အိမ်ထောင်စု ၃,၁၃၈ စု ရှိပါကြောင်း၊ ပြည်တွင်း နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ အနေဖြင့် ယာယီနေရပ်စွန့်ခွာစခန်းများမှ တိုင်းရင်းသားပြည်သူများကို မူလနေရပ်များသို့ ပြန်လည်ပို့ဆောင်ပေးနိုင်ရေးအတွက် လိုအပ်ချက်များဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မဟာမုနိစခန်းအပါအဝင် ယာယီစခန်းများမှပြည်သူများအနေဖြင့် မူလနေရပ်များသို့ ပြန်လည်နေထိုင်နိုင်ရေး တိုက်တွန်းပါကြောင်းနှင့် မူလအခြေအနေထက် ပိုမိုကောင်းမွန်သော လူနေမှုဘဝတည်ဆောက်နိုင်ရေး ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အားပေးစကားများ ပြောကြား၍ လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် ကျောက်တော်မြို့ မဟာကံကြီးသျှင်ကျောင်းတိုက်တွင် ခိုလှုံနေသော ယာယီနေရပ်စွန့်ခွာပြည်သူများနှင့် အခြားစခန်းများမှ ကိုယ်စားလှယ်များကို တွေ့ဆုံ၍ အမှာစကားများ ပြောကြားခဲ့ကြပြီး ၎င်းတို့ မူလနေရပ်များသို့ ပြန်လည်နေထိုင်နိုင်ရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးမည့် အစီအမံများကို နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးသိန်းဌေးဦး က မြောက်ဦးမြို့နယ် လက္ကာကျေးရွာနှင့် ကျောက်ဖြူမြို့နယ် ကျောက်တစ်လုံးစခန်းများ အတွက် ဆောင်ရွက်ပေးမှု ဓာတ်ပုံမှတ်တမ်းများဖြင့် နမူနာပြသ ရှင်းလင်းခဲ့သည်။ ယင်းနောက် စခန်းအတွင်း စားသောက်နေထိုင်နေမှုနှင့် ကျန်းမာရေး အခြေအနေများကို မေးမြန်း၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြသည်။

ထို့နောက် မဟာကံကြီးသျှင်ကျောင်းတိုက် ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တနန္ဒသာစာရအား ဖူးမြော်ကာ ကျောင်းတိုက်တွင် ဖွင့်လှစ်ထားသည့် မေတ္တာဥယျာဉ် ပရဟိတလူငယ်ကျောင်း၌ ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူ ၃၇၅ ဦးနှင့် ဆရာ ဆရာမ ၂၈ ဦးတို့အတွက် ချီးမြှင့်ငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့သည် မြောက်ဦးမြို့ သျှစ်သောင်းဘုန်းတော်ကြီးကျောင်း ယာယီနေရပ်စွန့်ခွာစခန်းသို့ ရောက်ရှိကြပြီး မြောက်ဦးမြို့နယ်အတွင်းရှိ ယာယီစခန်း ၂၆ ခုတို့မှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံ၍ ၎င်းတို့၏ မူလနေရပ်များသို့ ပြန်လည်နေထိုင်နိုင်ရေး ထောက်ပံ့ဆောင်ရွက်ပေးမည့် အခြေအနေဓာတ်ပုံမှတ်တမ်းများကို နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ရှင်းလင်းပြသသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးများက ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများအနေဖြင့် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ လက်တွဲကာ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံပြီး စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပုံ၊ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းစေရေးအတွက် တံခါးဖွင့်ဖိတ်ခေါ်လျက်ရှိသည့် ငြိမ်းချမ်းရေးလမ်းကြောင်းအတိုင်း လျှောက်လှမ်း၍ ဆွေးနွေးဆောင်ရွက်သွားရန် လိုအပ်ပုံတို့ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် သျှစ်သောင်းဘုန်းတော်ကြီးကျောင်း ဆရာတော်ဘဒ္ဒန္တသုန္ဒရထံသို့ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆပ်ကပ်လှူဒါန်းခဲ့ကြပြီး သျှစ်သောင်းပုထိုးတော်ကြီး၊ ထုက္ကန်သိမ်တော်နှင့် မြောက်ဦးရှေးဟောင်း သုတေသနပြတိုက်တို့သို့ သွားရောက်ဖူးမြော်လေ့လာကြည့်ရှု၍ အလှူငွေများပေးအပ်ကာ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်များ ရေးထိုးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့သည် မင်းပြားမြို့သို့ ရောက်ရှိပြီး ယာယီစခန်း ၁၁ ခုတွင် ခိုလှုံနေကြသည့် ယာယီနေရပ်စွန့်ခွာ ပြည်သူများ၏ တာဝန်ခံများနှင့် ကိုယ်စားလှယ်များကို အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၌ တွေ့ဆုံ၍ ၎င်းတို့၏ မူလနေရပ်များတွင် ပြန်လည်နေထိုင်နိုင်ရေး ထောက်ပံ့ဆောင်ရွက်ပေးမည့် အခြေအနေနှင့် လိုအပ်သည်များကို ရှင်းလင်းမှာကြား ဖြည့်ဆည်းပေးခဲ့ပြီး အိမ်တွင်းမှုသင်တန်းကျောင်းနှင့် နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများသည် ပြည်နယ်ဝန်ကြီးချုပ်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဧည့်ရိပ်သာ၌ ရခိုင်ပြည်နယ်ခရီးစဉ်အတွင်း ဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် သုံးသပ်ညှိနှိုင်းခြင်း အစည်းအဝေးကိုကျင်းပရာ တက်ရောက်လာသူများက ခရီးစဉ်အတွင်း တွေ့ရှိချက်များ၊ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်နိုင်မှုနှင့် ဖြည့်ဆည်းပေးရန် လိုအပ်ချက်များ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို အသေးစိတ်ညှိနှိုင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဝန်ကြီးဌာနအဆင့် ဆောင်းပါး၊ ပန်းချီ၊ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနက ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြု ကြိုဆိုသောအားဖြင့် ဝန်ကြီးဌာနအဆင့် ဆောင်းပါး၊ ပန်းချီ၊ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့တွင် ရုံးအမှတ် (၁) နေပြည်တော်၌ ကျင်းပသည်။

အဆိုပါ ဆုချီးမြှင့်ခြင်းအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က အဖွင့်အမှာစကား ပြောကြားရာ၌ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဝန်ကြီးဌာနအဆင့် ဆောင်းပါး၊ ပန်းချီ၊ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို "ပြည်ထောင်စုအမွေအမြဲတည်တံ့စေ"ဟူသည့် ဆောင်ပုဒ်နှင့်အညီ ကျင်းပရခြင်းဖြစ်ကြောင်း၊ ထို့ပြင် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်(၅) ရပ်နှင့်အညီ မိမိတို့ဝန်ကြီးဌာနရှိ ဝန်ထမ်းများအကြား ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီလက်ညီ လက်တွဲဆောင်ရွက်တတ်ရန်နှင့် မိမိတို့ဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် တိုင်းရင်းသားဝန်ထမ်းများအကြား ရင်းနှီးချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်း လုပ်ဆောင်မှုတို့ဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုကြီးကို အတူတကွ လက်တွဲတည်ဆောက်ရန်စသည့် ပြည်ထောင်စုစိတ်ဓာတ်များ ကိန်းအောင်းရှင်သန်လာစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်းနှင့် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများဖွဲ့စည်းကာ ဆန်ခါတင် စိစစ်ရွေးချယ်ပြီး ထိုက်ထိုက်တန်တန် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ရခြင်းဖြစ်ကြောင်းပြောကြားသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၏ ဝန်ကြီးဌာနအဆင့် ဆောင်းပါး၊ ပန်းချီ၊ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲအတွက် ဆုပေးအပ်နိုင်ရေး စိစစ်ရွေးချယ်ရာတွင် ပြိုင်ပွဲဝင်စာမူများအနက်မှ သတ်မှတ်ထားသည့် "ပြည်ထောင်စုအမွေအမြဲတည်တံ့စေ" ဟူသည့် ဆောင်ပုဒ်နှင့်အညီ ရေးသားတင်ပြနိုင်ခြင်း၊ အချက်အလက် အကိုးအကား ခိုင်မာမှုရှိခြင်း၊ ကျစ်လျစ်စွာ ရေးဖွဲ့နိုင်မှုရှိခြင်း၊ သဒ္ဒါ၊ ဝါကျ၊ အသုံးအနှုန်းအထားအသိုမှန်ကန်ခြင်း၊ စာလုံးပေါင်းမှန်ကန်မှုရှိခြင်း၊ အရေးအသားတင်ပြပုံ ပြေပြစ်ကောင်းမွန်၍ ဆွဲဆောင်မှုရှိစွာ တင်ပြနိုင်ခြင်းတို့အပြင် နိုင်ငံတော်၏မူဝါဒနှင့် ကိုက်ညီမှုရှိ- မရှိ စသည့်အချက်များအားအခြေခံ၍ စိစစ်ရွေးချယ် ဆုပေးအပ်ခဲ့ကြောင်း သိရှိရသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဝန်ကြီးဌာနအဆင့် ဆောင်းပါး၊ ပန်းချီ၊ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိခဲ့သည့် ဝန်ထမ်းများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး **(အပေါ်ပုံ)** ဆုရရှိသူများ ကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။ **သတင်းစဉ်**

## ဘားအံတက္ကသိုလ်၌ တိုင်းရင်းသားရိုးရာအစားအစာ ဈေးရောင်းပွဲတော် ကျင်းပ

**ဘားအံ ဖေဖော်ဝါရီ ၁၀**

ကရင်ပြည်နယ် ဘားအံတက္ကသိုလ်၌ (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ တိုင်းရင်းသား အချင်းချင်း စည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေး ရည်ရွယ်၍ တိုင်းရင်းသား ရိုးရာအစားအစာ ဈေးရောင်းပွဲတော်ကို ယမန်နေ့ နံနက်ပိုင်းက ဘားအံတက္ကသိုလ် ငွေရွှေဝါနယ်မြေ မြက်ခင်းပြင်၌ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာစိုးစိုးအေး၊ ဒုတိယပါမောက္ခချုပ်၊ ဆရာ ဆရာမများ၊ ဘာသာရပ်အသီးသီးမှ ကျောင်းသား ကျောင်းသူများ တက်ရောက်သည်။

အခမ်းအနားတွင် ဘားအံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစိုးစိုးအေးက တိုင်းရင်းသားရိုးရာ အစားအစာ ဈေးရောင်းပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အထူးပြုဘာသာရပ် ၁၄ ဌာနနှင့် စီမံ၊ သင်တန်းဌာနမှူးများ ၊ ဌာနများမှ ဆရာ ဆရာမများ ကျောင်းသား ကျောင်းသူများက ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း အစရှိသည့် တိုင်းရင်းသားတို့၏ ရိုးရာအစားအစာများကို ပျော်ရွှင်စွာ ရောင်းချခဲ့ကြောင်းသိရသည်။

**ခရိုင် (ပြန်/ဆက်)**

### မနက်ဖြန်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

# (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြခန်းနှင့် ဈေးရောင်းပွဲတော်ဓာတ်ပုံမြင်ကွင်း




ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများ တိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် ကျောင်းသား ကျောင်းသူများ စုပေါင်းဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။




(၇၆) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြခန်းများကို တိုင်းရင်းသားများ၊ ကျောင်းသား ကျောင်းသူများ လှည့်လည်ကြည့်ရှုစဉ်။











(၇၆) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြခန်းများကို တိုင်းရင်းသားများ၊ ကျောင်းသား ကျောင်းသူများ လှည့်လည်ကြည့်ရှုစဉ်။

## မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို တပ်မတော်နယ်လှည့် အထူးဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စတင်ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီးအတွင်း ရောက်ရှိနေသော တပ်မတော်နယ်လှည့်အထူးဆေးကုသရေးအဖွဲ့သည် ယနေ့တွင် မိတ္ထီလာမြို့နယ် ရေဝေကျေးရွာရှိ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူ စုစုပေါင်း ၆၈၆ ဦးကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာ ရောဂါ ၁၉၄ ဦး၊ ခွဲစိတ်ရောဂါ ၅၁ ဦး၊ ကလေးရောဂါ ၂၉ ဦး၊ သားဖွားမီးယပ်ရောဂါ ၂၂ ဦး၊ အရိုးရောဂါ ၁၆၃ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၀၊ မျက်စိရောဂါ ၁၅၅ ဦးနှင့် သွားရောဂါ ၄၂ ဦး တို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး ၎င်းတို့အနက်မှ အထွေထွေခွဲစိတ်လူနာ နှစ်ဦး၊ မျက်စိခွဲစိတ်လူနာ ၁၀ ဦးတို့ကို ရွှေ့လျားခွဲစိတ်ယာဉ်ဖြင့် ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ဓာတ်မှန်ရိုက်လူနာ ၅၅ ဦး၊ Ultrasound ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၄၅ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၃၂ ဦး၊ ဓာတ်ခွဲစမ်းသပ်လူနာ ၈၃ ဦးတို့ကို ရွှေ့လျားဓာတ်မှန်ရိုက်ယာဉ်နှင့် ရွှေ့လျားဓာတ်ခွဲခန်းယာဉ်တို့ဖြင့် ရောဂါရှာဖွေ စမ်းသပ်စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူ ၃၅ ဦးကို နီးစပ်ရာတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။ ထို့ပြင် နယ်လှည့် အထူးဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား သွေးတိုးရောဂါနှင့် ဆီးချို၊ သွေးချိုရောဂါများ အကြောင်း ကျန်းမာရေးအသိပညာပေး ဟောပြော ဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးကုသမှု ခံယူနေသည့် ဒေသခံပြည်သူများ စားသောက်ရေး အဆင်ပြေစေရန်အတွက် တာဝန်ရှိသူများက နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို နယ်မြေခံ တပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေး ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄ – က နှင့် ပုဒ်မ ၅၀၅ – က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မှန်တန်းရပ်ကွက်နေ ခိုင်ခန့်မျိုးသည် ၎င်းအသုံးပြုသည့် “Khaing Khant Myo” Facebook အကောင့်သည် အသိပေးသတင်း ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ညောင်လေးပင်မြို့နယ် ထော်နွတ်ကျေးရွာအနီးရှိ သံကူကွန်ကရစ်တံတားအား KNU အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသောသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ထော်နွတ်ကျေးရွာအနီးရှိ သံကူကွန်ကရစ် တံတားအား KNU အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသောသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၉ ရက် မွန်းလွဲ ၃ နာရီတွင် ညောင်လေးပင်မြို့နယ် ထော်နွတ်ကျေးရွာအနီး ရန်ကုန် – မန္တလေးကားလမ်းဟောင်း မိုင်တိုင်အမှတ် ၉၀ မိုင် ၁ ဖာလုံနှင့် ၂ ဖာလုံကြားရှိ သံကူကွန်ကရစ် အမျိုးအစား (ဒေသအခေါ်)တောင်ဘို့ ၃ လုံး တံတားအား KNU အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသောသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် အဆိုပါတံတား၏ အရှေ့ဘက် လက်ရန်းနှင့် ကြမ်းခင်းတို့တွင် အလျား ၂၅ ပေ၊ အနံ ၁၀ ပေခန့် ကျိုးကျပျက်စီးခဲ့ကြောင်း သိရသည်။

အကြမ်းဖက် သမားများ၏ ဖျက်ဆီးမှုကြောင့် ပျက်စီးသွားသည့် တံတားအား အများပြည်သူ ပြန်လည်အသုံးပြုနိုင်ရေး တာဝန်ရှိသူများက ပြင်ဆင်လျက်ရှိကြောင်းနှင့် အကြမ်းဖက်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးနှင့်နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



အကြမ်းဖက်သမားများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ညောင်လေးပင်မြို့နယ် ထော်နွတ်ကျေးရွာအနီးရှိ သံကူကွန်ကရစ်တံတား။

## ကန့်ဘလူမြို့နယ်၌ PDF အမည်ခံအကြမ်းဖက်သမားများက ကျေးရွာအတွင်းသို့ လက်နက်ကြီး/ လက်နက်ငယ်များဖြင့် ပစ်ခတ်၍ မီးရှို့ဖျက်ဆီးမှုကြောင့် လူနေအိမ် ၁၀ လုံး မီးလောင်ပျက်စီး

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက ကျေးရွာအတွင်းသို့ လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်၍ မီးရှို့ဖျက်ဆီးမှုကြောင့် လူနေအိမ် ၁၀ လုံးမီးလောင်ပျက်စီးခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၁ နာရီ ၂၅ မိနစ်ခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် စံပါယ်နံ့သာကျေးရွာအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က ကျေးရွာ၏အရှေ့ဘက်တောစပ်မှနေ၍ လက်နက်ကြီး/လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ နံနက် ၆ နာရီ မိနစ် ၂၀ တွင် အကြမ်းဖက်အဖွဲ့များ ပြန်လည်ဆုတ်ခွာသွားခဲ့သည်။

အကြမ်းဖက် သမားများ၏ လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်၍ မီးရှို့ဖျက်ဆီးမှုများကြောင့် အဆိုပါကျေးရွာနေ ဦးခင်မောင်ဌေး (၄၀) နှစ်၊ ဦးမြင့်ထွန်းအောင် (၅၁) နှစ် ဦးဌေးမြင့် (၆၀)နှစ်၊ ဦးစည်သူစိုး(၃၀)နှစ်၊ ဦးထွန်းမြင့်သိန်း(၄၉) နှစ်၊ ဒေါ်နှင်းဆီ (၆၀) နှစ်၊ ဒေါ်တင်ဆွေမြင့်(၂၉) နှစ်၊ ဒေါ်စန်းတင့် (၅၃) နှစ်၊ ဒေါ်အေးအေးစန်း (၅၁) နှစ်နှင့် ဦးစိုးသူ (၃၈) နှစ်တို့၏ နေအိမ် ၁၀ လုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ ကျေးရွာအတွင်းသို့ လက်နက်ကြီး/လက်နက်ငယ်များဖြင့် ဆင်ခြင်တုံတရားမဲ့စွာပစ်ခတ်၍ အပြစ်မဲ့ပြည်သူများ၏ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးတို့အတွက် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀.၀၈ ရာခိုင်နှုန်းရှိ

**(၁၀-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်းပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၉-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၀-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၀၆၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၉၈၃,၂၇၁) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၈၆၃) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၃၂၄) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အပြင် အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအသစ်များ လျင်မြန်စွာကူးစက်မှုများရှိနေ၍ မြန်မာနိုင်ငံတွင်လည်း ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအားလိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက်ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁-၂-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၇၀ | ၂၂၂၀ | ၂၂၁၅ | ၂၁၈၀ | ၂၂၂၀ | ၂၂၄၀ | ၂၂၂၅ | ၂၂၀၅ | ၂၃၀၀ | ၂၃၂၀ | ၂၂၁၀ | ၂၂၂၀ | ၂၂၅၅ | ၂၂၅၅ | ၂၂၆၀ | ၂၄၉၀ | ၂၈၀၀ |
| 95 Ron | ၂၂၄၀ | ၂၂၉၀ | ၂၂၈၅ | ၂၂၅၀ | ၂၂၈၅ | ၂၃၁၀ | ၂၂၉၅ | ၂၂၇၅ | ၂၃၇၀ | ၂၃၈၅ | ၂၂၈၀ | ၂၂၉၅ | ၂၃၂၅ | ၂၃၂၅ | ၂၃၃၀ | ၂၅၅၅ | ၂၈၈၀ |
| HSD (500 ppm) | ၂၂၁၀ | ၂၂၆၀ | ၂၂၅၅ | ၂၂၂၀ | ၂၂၆၀ | ၂၂၈၀ | ၂၂၇၅ | ၂၂၄၅ | ၂၃၆၅ | ၂၃၆၀ | ၂၂၅၀ | ၂၂၆၅ | ၂၂၉၅ | ၂၂၉၅ | ၂၃၀၀ | ၂၅၃၀ | ၃၃၅၀ |
| HSD (50 ppm) | ၂၂၉၀ | ၂၃၄၀ | ၂၃၃၅ | ၂၃၀၀ | ၂၃၄၀ | ၂၃၆၀ | ၂၃၅၅ | ၂၃၂၅ | ၂၄၄၅ | ၂၄၄၀ | ၂၃၃၀ | ၂၃၄၅ | ၂၃၇၅ | ၂၃၇၅ | ၂၃၈၀ | ၂၆၁၀ | ၃၃၈၀ |
| HSD (10 ppm) | ၂၂၉၀ | ၂၃၄၀ | ၂၃၃၅ | ၂၃၀၀ | ၂၃၄၀ | ၂၃၆၀ | ၂၃၅၅ | ၂၃၂၅ | ၂၄၄၅ | ၂၄၄၀ | ၂၃၃၀ | ၂၃၄၅ | ၂၃၇၅ | ၂၃၇၅ | ၂၃၈၀ | ၂၆၁၀ | ၃၃၈၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၆၁ | ၂၁၃၅ |
| 95 Ron | ၂၁၂၇ | ၂၂၀၄ |
| HSD (500 ppm) | ၂၁၀၄ | ၂၁၇၅ |
| HSD (50 ppm) | ၂၁၇၈ | ၂၂၅၁ |
| HSD (10 ppm) | ၂၁၇၈ | ၂၂၅၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သင်္ချာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာအောင်ကျော်၊ ပါမောက္ခ(ဌာနမှူး)၊ သင်္ချာဌာန၊ ရန်ကုန်တက္ကသိုလ်

**၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သင်္ချာဘာသာရပ်ကို ဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအနေဖြင့် စာမေးပွဲဖြေဆိုရာတွင် မှန်ကန်သော တွက်နည်းများဖြင့်ဖြေဆိုတတ်စေရန်၊ သင်္ချာ၏ သဘောတရားနှင့် အယူအဆများကိုအခြေခံ၍ ဖြေဆိုတတ်စေရန်နှင့် မှားတတ်သော အမှားများကို ရှောင်ကြဉ်နိုင်ကြစေရန် ရည်ရွယ်ရေးသားပါမည်။**

မေးခွန်းလွှာတွင် Section (A), Section (B) နှင့် Section (C) အပိုင်း (၃) ပိုင်းပါဝင်ပြီး ဖြေဆိုချိန်မှာ (၃)နာရီ ဖြစ်သည်။ SECTION (A) တွင် မေးခွန်း(၅)ပုဒ်မေးထားပြီး မေးခွန်းအားလုံးဖြေဆိုရမည်။ မေးခွန်း တစ်ပုဒ်လျှင် (၆)မှတ်ပေးထား၍ စုစုပေါင်း (၃၀)မှတ်ဖြစ်သည်။ SECTION (B) တွင် မေးခွန်း(၅)ပုဒ် မေးထားပြီး ကြိုက်နှစ်သက်ရာ မေးခွန်း(၄)ပုဒ်ဖြေဆိုရမည်။ မေးခွန်းတစ်ပုဒ်လျှင် (၁၀)မှတ်ပေးထားသဖြင့် စုစုပေါင်း (၄၀)မှတ် ဖြစ်သည်။ SECTION (C)တွင် မေးခွန်း(၄)ပုဒ် မေးထားပြီး ကြိုက်နှစ်သက်ရာ မေးခွန်း(၃)ပုဒ်ကိုသာ ဖြေဆိုရမည်။ မေးခွန်းတစ်ပုဒ်လျှင် (၁၀)မှတ်ပေးထားသဖြင့် စုစုပေါင်း (၃၀) မှတ်ဖြစ်သည်။ မေးခွန်းတစ်ပုဒ်စီတွင် အပုဒ်ခွဲ(a)နှင့် (b)ခွဲ၍ မေးမည်ဖြစ်ပါသည်။

ဖြေဆိုချိန်များကို အကြံပြုလိုသည်မှာ Section (A)ကို မိနစ် (၅၀) ခန့်၊ Section (B)ကို မိနစ် (၆၀) ခန့်၊ Section (C)ကို မိနစ် (၅၀)ခန့် အများဆုံးထား၍ ပြီးအောင်ဖြေဆိုသင့်သည်။ ထိုသို့ ဖြေဆိုနိုင်မှသာ ဖြေဆိုပြီးသားအဖြေများကို ပြန်လည်စစ်ဆေးရန် အနည်းဆုံး မိနစ် (၂၀)ခန့် အချိန်ရမည်။ မေးခွန်းလွှာကို ဖြေဆိုရာ၌ မေးခွန်းတစ်ပုဒ်စီတွင်ပါဝင်သော အပုဒ်ခွဲ (a)နှင့် (b)ကို ဆက်တိုက်ဖြေဆိုရန် မလိုအပ်ပါ။ ဖြေဆိုချိန် ကန့်သတ်ချက်ဖြင့်ဖြေဆိုရခြင်းကြောင့် ချက်ချင်းမဖြေနိုင်သေးသည့် ပုစ္ဆာများကို အချိန်ကုန်ခံမစဉ်းစားဘဲ ရနိုင်သည့် ပုစ္ဆာများကို ဦးစွာဖြေဆိုသင့်သည်။ သို့သော် အပုဒ်ခွဲ(b) ဖြေတိုင်း (b)တစ်ခုတည်းမရေးသင့်ပါ။ မေးခွန်းနံပါတ်နှင့်(b)ကို တွဲရေးရန်လိုအပ်သည်။ ဖြေဆိုခွင့်ရှိသော ကြိုက်နှစ်သက်ရာ ပုဒ်ရေထက် ပိုဖြေသော်လည်း အမှတ်ပိုရမည်မဟုတ်ပါ။ ဖြေဆိုရာတွင် SECTION (A) ပြီးမှ SECTION (B)၊ ပြီးမှ SECTION (C) အစဉ်လိုက် ဖြေဆိုရန်မလိုအပ်ပါ။ မိမိဖြေဆိုလိုသည့် မေးခွန်းကို နံပါတ်တပ်၍ဖြေဆိုနိုင်သည်။

ဆက်လက်၍ ပြဋ္ဌာန်းစာအုပ်တွင်ပါဝင်သော အခန်းတစ်ခုချင်း အလိုက် ဆောင်ရန်၊ ရှောင်ရန်၊ သတိပြုရန်အချက်များကို ဆွေးနွေးရှင်းလင်းမည်။

**Chapter (1) Functions** အခန်းတွင် ဖန်ရှင်ဆိုင်ရာသင်္ကေတများ မှန်ကန်စွာ အသုံးပြုတတ်ရန်လိုအပ်သည်။ g နှင့် f ဖန်ရှင်နှစ်ခု ပေါင်းစပ်၍ရသော ဖန်ရှင်ဖြစ်သည့် composite of g and f ကို သင်္ကေတဖြင့် g ○ f ဟုရေးပြီး g ○ f ၏ formula ကို (g ○ f)(x) = g(f(x)) ဟု မှန်ကန်စွာ ရေးတတ်ရမည်။ သို့သော်

(g ○ f)(x) = g(f(x) (ညီမျှခြင်း၏ လက်ယာဘက်တွင် ကွင်းပိတ်ဝိုက်ကွင်းတစ်ခုကျန်နေခြင်း)

**(သို့မဟုတ်)**

(g ○ f)(x) = g(f(x))) (ညီမျှခြင်း၏ လက်ယာဘက်တွင် ကွင်းပိတ်ဝိုက်ကွင်းတစ်ခု ပိုနေခြင်း)

**(သို့မဟုတ်)**

g ○ f(x) = g(f(x)) (ညီမျှခြင်း၏ လက်ဝဲဘက်တွင် ကွင်းစ၊ ကွင်းပိတ်ဝိုက်ကွင်းနှစ်ခု ကျန်နေခြင်း)

**(သို့မဟုတ်)**

(g ○ f)(x) = g ○ (f(x)) (ညီမျှခြင်း၏ လက်ယာဘက်တွင် ○ ပိုနေခြင်း)

စသည်တို့ မဖြစ်စေရန် သတိပြုရပါမည်။

အစုနှစ်ခုကြား ဆက်သွယ်နေသော ဖန်ရှင်တစ်ခု f သည် one to one correspondence ဖြစ်မှသာလျှင် ၎င်း၏ inverse function ရှိပြီး inverse function သင်္ကေတကို $f^{-1}$ ဟု ရေးသည်။ ကျောင်းသားကျောင်းသူ အများစု မှားတတ်သောအမှားမှာ $f^{-1}$ အစား f –1 (သို့မဟုတ်) $f^{-}$ သင်္ကေတများ မှားယွင်းရေးသားခြင်းဖြစ်သည်။

A သည် အစုတစ်ခုဖြစ်ပြီး product set A x A ၏ အစုဝင်တစ်ခု (x, y) အား ဖန်ရှင်တစ်ခု ⊙ ဖြင့် ဆက်သွယ်၍ရရှိသော image ကို သင်္ကေတ x⊙y ဖြင့်ပြလေ့ရှိသည်။ image ဖြစ်သော x⊙y တိုင်း codomain A ထဲတွင်ရှိလျှင် ⊙ ကို binary operation ဟုခေါ်သည်။ image ဖြစ်သော x⊙y တိုင်း codomain A ထဲတွင်ရှိခြင်းကို closure law ကို ပြေလည်သည်ဟုခေါ်သည်။ သတိပြုရန်အချက်မှာ binary operation ဖြစ်ကြောင်းပြတိုင်း ကိန်းရှင် x, y, . . . စသည်တို့ကို အသုံးပြု၍ element နှစ်ခု၏ operation ကို closure ဖြစ်ကြောင်း သက်သေပြရမည်။ Binary operation မဖြစ်ကြောင်း သက်သေပြတိုင်း ကိန်းသေ 1, 2, . . . စသည်တို့ကို အသုံးပြု၍ element နှစ်ခု၏ operation ကို closure မဖြစ်ကြောင်း သက်သေပြရမည်။ အလားတူ ဖလှယ်ရဥပဒေသ (commutative law) နှင့် ဖက်စပ်ရဥပဒေသ (associative law)များ မှန်ကြောင်းသက်သေပြလိုလျှင် မည်သည့် အစုဝင်တိုင်းအတွက်မဆို မှန်ကြောင်းသက်သေပြရန် လိုအပ်သည်။ အစုဝင် အချို့အတွက်သာဆင်ခြင်ပြီး ဥပဒေသမှန်ကြောင်း သက်သေပြချက်သည် ပြည့်စုံသော အဖြေမဟုတ်ကြောင်း သတိပြုရမည်။

**Chapter (2) The Remainder Theorem and The Factor Theorem** အခန်းတွင် ဖြေဆိုသူအချို့သည် Remainder Theorem နှင့် Factor Theorem ဆိုင်ရာ ပုစ္ဆာများ၏မေးခွန်းကို သေချာစွာမဖတ်ဘဲ ဖြေဆိုခြင်းကြောင့် အဖြေများလိုနေခြင်း၊ ပိုနေခြင်းများ တွေ့ရသည်။

ဥပမာ။ Find the remainder when the polynomial $x^3 + 2x - 3$ is divided by $x - 1$.

အထက်ပါ ပုစ္ဆာ၏ အဖြေမှာ

Let $f(x) = x^3 + 2x - 3$.

When f(x) is divided by $x - 1$,

the remainder = $f(1)=1+2-3=0$.

မေးခွန်းတွင် Find the remainder ဟု မေးထားသောကြောင့် အဖြေတွင် the remainder = f(1) အချက် ပါဝင်ရမည်။ အလားတူ find the factors, find the other factors, solve the equation နှင့် factorize the polynomial completely စသည့် မေးခွန်းများကိုလည်း ဖြေဆိုမှုမှန်ကန်အောင် လေ့ကျင့်သင့်ပါသည်။ ဥပမာ factorize the polynomial completely ဆိုသည့် မေးခွန်းကို ဖြေဆိုရာတွင် ရလာသော factor များ၏ မြှောက်ခြင်း၌သာ ဖြေဆိုမှုကို အဆုံးသတ်ရမည်ဖြစ်ပြီး ဆက်လက်ဖြေဆိုခြင်းသည် မေးခွန်းကို နားမလည်ရာရောက်သည်။ အလားတူ find the other factors ဟု မေးထားသော မေးခွန်းကို ဖြေဆိုရာတွင်လည်း ကျန်သော factor များကိုသာ ဖော်ပြရမှာဖြစ်ပြီး factor အားလုံးကို ဖော်ပြရေးသားရန် မလိုအပ်ပါ။

**Chapter (3) The Binomial Theorem** တွင် Binomial Theorem ကိုမှန်ကန်စွာသုံးတတ်ရမှာဖြစ်ပြီး the general term (သို့မဟုတ်) $(r+1)^{th}$ term formula ကို သိရပါမည်။ ဥပမာ $(2x-y)^{13}$ အကျယ်ဖွင့်မှ (r + 1) အကြိမ် မြောက်ကိန်းကို ရေးသားရာတွင်

$(r+1)^{th}$ term = ${}^{13}C_r(2x)^{13-r}(-y)^r$ ဟု မှန်ကန်စွာ ရေးသားရန် လိုအပ်သည်။

သို့သော် $(r+1)^{th}$ term ဆိုသည့် စကားလုံးမပါဘဲ

$(2x-y)^{13} = {}^{13}C_r(2x)^{13-r}(-y)^r$ ဟု ရေးသားခြင်း (သို့မဟုတ်)

$(r+1)^{th}$ term = ${}^{13}C_r(2x)^{13-r} -y^r$ ဟု ညီမျှခြင်း၏ လက်ယာဘက်တွင် "– y" ကို ဝိုက်ကွင်းမခတ်ဘဲ ရေးသားခြင်းများ မဖြစ်စေရန် ဂရုပြုရပါမည်။ အကယ်၍ $(2x-y)^{13}$ ကို ပထမကိန်းသုံးလုံး အကျယ်ဖွင့်ပုံစံဖြင့် ရေးမည်ဆိုလျှင်

$(2x-y)^{13} = {}^{13}C_0(2x)^{13} + {}^{13}C_1(2x)^{12}(-y) + {}^{13}C_2(2x)^{11}(-y)^2 + \cdots$

ဟု ပြည့်စုံမှန်ကန်စွာ ရေးသားရမည်။ သို့သော် $(2x-y)^{13}$ ၏ ပထမကိန်းသုံးလုံး အကျယ်ဖွင့်ကို

$(2x-y)^{13} = {}^{13}C_0(2x)^{13} + {}^{13}C_1(2x)^{12}(-y) + {}^{13}C_2(2x)^{11}(-y)^2$

ဟု ရေးသားခြင်းသည် ကိန်းသုံးလုံးတည်းကိုသာ ဖော်ပြခြင်းဖြစ်သောကြောင့် ပြည့်စုံမှုမရှိပါ။ အကျယ်ဖွင့်တွင် ပါဝင်သော "..." ၏ သဘောမှာ ပထမကိန်းသုံးလုံး၏နောက်တွင် လက်ကျန်ကိန်းများ ရှိနေသေးသည့်သဘောကိုဆောင်သည်။ ထို့အပြင် find the coefficient of $x^2$ ဟု မေးထားသောမေးခွန်းကို ဖြေဆိုမည်ဆိုလျှင် မြှောက်ဖော်ကိန်း ဆိုသည့်စကားလုံးပါဝင်ခြင်းကြောင့် အဖြေတွင် $x^2$ မပါဝင်ရန် လိုအပ်သည်။ အလားတူ find the term independent of x, find the constant term စသည့် မေးခွန်းများကို ဖြေဆိုရာတွင်လည်း အဖြေ၌ ကိန်းရှင် "x" မပါဝင်ရန် လိုအပ်သည်။

ဥပမာ။ Find the term in $x^2$ and the term independent of x in the expansion of $(2+3x)^5$.

ပထမဦးစွာ $(2+3x)^5$ ကို $x^2$ ပါဝင်သော ကိန်းတန်းရသည်အထိ အောက်ပါအတိုင်း အကျယ်ဖွင့်ရမည်။

$(2+3x)^5 = 2^5 + 5.2^4(3x) + 10.2^3(3x)^2 + \ldots$

$= 32 + 240x + 720x^2 + \ldots$

$\therefore$ the term in $x^2 = 720x^2$ (အဖြေတွင် $x^2$ ပါဝင်ရန် လိုအပ်သည်။)

$\therefore$ the term independent of x = 32 (အဖြေတွင် x မပါဝင်ရန် လိုအပ်သည်။)

**Chapter (4) Inequations** အခန်းမှာ မေးခွန်းတွင် သတ်မှတ်ထားသော method ဖြင့်သာ ဖြေရှင်းရမည်။ algebraic method ကို အသုံးပြု၍ တွက်ပါဟု မေးလျှင် algebraic method၊ graphical method ကို အသုံးပြု၍ တွက်ပါဟု မေးလျှင် graphical method ကိုသာ အသုံးပြု၍ တွက်ရမည်။ မည်သည့် method ကို အသုံးပြု၍ တွက်ပါဆိုသည့် သတ်မှတ်ချက်မပါလျှင် ကြိုက်နှစ်သက်ရာ method ကို အသုံးပြု၍တွက်နိုင်သည်။ algebraic method ကို အသုံးပြု၍ ပုစ္ဆာများဖြေရှင်းရာတွင် and နှင့် or ကို သူ့နေရာနှင့်သူ သေချာစွာ အသုံးပြုတတ်ရန် လိုအပ်ပါသည်။ graphical method ကို အသုံးပြု၍ ပုစ္ဆာများဖြေရှင်းရာတွင် မျဉ်းကွေးပုံကို သတ်မှတ်ချက် ပြည့်စုံအောင် ဆွဲသားရန် လိုအပ်ပါသည်။

**Chapter (5) Sequences and Series** အခန်းမှာ A.P., G.P. တို့နှင့်ပတ်သက်သော $n^{th}$ term formula, A.M. formula, G.M. formula, sum of the first n terms formula နှင့် G.P. တစ်ခု၏ sum to infinity formula များ သိထားရန်လိုအပ်ပါသည်။ ဥပမာ the sum of the first 8 terms of the A.P. ကို ပထမဦးစွာ ပေါင်းလဒ် ပုံသေနည်း

$S_n = \frac{n}{2}\{2a + (n-1)d\}$ ဟုရေးပြီး နောက်တစ်ကြောင်းတွင်

$= \frac{8}{2}\{2a + (8-1)d\}$ (ညီမျှခြင်း၏ လက်ဝဲဘက်တွင် "$S_8$" မပါဘဲရေးခြင်း) (သို့မဟုတ်)

$S_n = \frac{8}{2}\{2a + (8-1)d\}$ (ညီမျှခြင်း၏ လက်ဝဲဘက်တွင် "$S_8$" အစား "$S_n$"ဟု ရေးခြင်း)

စသည်တို့မပြုလုပ်မိအောင် ဂရုစိုက်ရမည်။

**Chapter (6) Matrices** အခန်းတွင် matrix နှစ်ခုတူညီခြင်း၊ အခြေခံလုပ်ထုံးများ ဖြစ်သော matrix နှစ်ခုပေါင်းခြင်း၊ နုတ်ခြင်း၊ matrix တစ်ခုကို scalar ဖြင့်မြှောက်ခြင်း၊ matrix နှစ်ခုမြှောက်ခြင်း စသည်တို့ကို ကျွမ်းကျင်စွာတတ်ထားရပါမည်။ order 2x2 ရှိသော matrix တစ်ခု A ၏ det A=0 ဖြစ်လျှင် A ကို singular matrix ဟုခေါ်ပြီး $A^{-1}$ မရှိပါ။ အကယ်၍ det A ≠ 0 ဖြစ်လျှင် A ကို nonsingular matrix ဟုခေါ်ပြီး $A^{-1}$ ရှိသည်ဟု သိထားရမည်။ သို့မှသာ order 2x2 ရှိသော matrix တစ်ခု၏ inverse ကို ရှာတတ်မည်ဖြစ်ပြီး inverse matrix ကို အသုံးပြုပြီး မသိကိန်းနှစ်ခုပါ တစ်ပြိုင်နက်ညီမျှခြင်းစနစ်ကို ဖြေရှင်းတတ်မှာဖြစ်ပါသည်။ ထို့ပြင် transpose matrix of A ကို " A' "နှင့် inverse matrix of A ကို " $A^{-1}$ " ဟုမှန်ကန်စွာ ရေးသားရမည်။

**Chapter (7) Introduction to Probability** အခန်းတွင် ဖြစ်ရပ်တစ်ခု၏ ဖြစ်တန်စွမ်း (probability of an event) ကို တွက်ချက်နိုင်ရန် random experiment ၏ possible outcomes အရေအတွက်ကို ရှာတတ်ရမှာဖြစ်ပြီး မေးထားသော event တစ်ခု၏ favorable outcomes အရေအတွက်ကိုလည်းရှာတတ်ရမည်။ မည်သည့်ဖြစ်ရပ် A အတွက်မဆို ဖြစ်တန်စွမ်းတန်ဖိုး P(A) သည် $0 \le P(A) \le 1$ ဖြစ်သည်ကို သိရမည်။ ထို့ပြင် ဖြစ်ရပ် A မဖြစ်သော ဖြစ်တန်စွမ်း P(not A) = 1 – P(A) ဖြစ်ကြောင်းကိုလည်း သိထားရမည်။ Random experiment တစ်ခု၏ possible outcomes များကို tree diagram ဆွဲ၍သော်လည်းကောင်း၊ table (ဇယား) တည်ဆောက်၍သော်လည်းကောင်းရှာတတ်ရမည်။ tree diagram ဆွဲသားခြင်းနှင့် table (ဇယား) တည်ဆောက်ခြင်းတို့တွင် heading ပါရန် လိုအပ်ပါသည်။ Mutually exclusive events နှင့် independent events များအကြောင်း ဆက်လက်ဆွေးနွေးပါမည်။ Random experiment တစ်ခုရှိ ဖြစ်ရပ် A နှင့် ဖြစ်ရပ် B တို့အနက် ဖြစ်ရပ်နှစ်ခုလုံး တစ်ပြိုင်နက် မဖြစ်နိုင်သော ဖြစ်ရပ်များဖြစ်လျှင် တစ်နည်းအားဖြင့် ဖြစ်ရပ် A နှင့် ဖြစ်ရပ် B တွင် ဘုံပါဝင်သော outcomes မရှိလျှင် mutually exclusive events ဟုခေါ်ပြီး P(A or B) = P(A) + P(B) ဟုရေးသည်။ Random experiment တစ်ခုရှိ ဖြစ်ရပ် A နှင့် ဖြစ်ရပ် B နှစ်ခုလုံးဖြစ်နိုင်သော ဖြစ်ရပ်များဖြစ်လျှင် တစ်နည်းအားဖြင့် ဖြစ်ရပ် A နှင့် ဖြစ်ရပ် B တို့သည် တစ်ခုနှင့်တစ်ခု မမှီခိုသော ဖြစ်ရပ်များဖြစ်လျှင် independent events ဟုခေါ်ပြီး P(A and B) = P(A) x P(B) ဟုရေးသည်။ **စာမျက်နှာ ၁၇ သို့**

စာမျက်နှာ ၁၆ မှ

အထူးသဖြင့် ကျောင်းသား ကျောင်းသူအများစုမှာ မေးထားသော probability ပုစ္ဆာများကို ဖြေဆိုရာတွင် mutually exclusive events နှင့် independent events တို့ကို မှားယွင်းစွာ ဖြေဆိုတတ်ကြသည်။ အကြံပြုလိုသည်မှာ probability ပုစ္ဆာများကို မေးခွန်းနားလည်အောင် ဖတ်ပြီးမှ တွက်စေလိုပါသည်။

**Chapter (8) Circles** အခန်းတွင် အပိုင်းသုံးပိုင်းပါဝင်ပြီး ပထမအပိုင်းတွင် စက်ဝိုင်းတစ်ခု၏ အဝန်းခံထောင့်များနှင့် ပတ်သက်သော သီအိုရမ်များ (Theorem 1 မှ Theorem 4 ထိ)၊ ဒုတိယအပိုင်းတွင် chord, tangent နှင့် secant segment တို့၏ product property များကိုဖော်ပြသော သီအိုရမ်များ (Theorem 5 မှ Theorem 6 ထိ)၊ တတိယအပိုင်းတွင် concyclic points နှင့် converse သီအိုရမ်များ (Theorem 7 မှ Theorem 10) ဖြစ်သည်။ geometry ပုစ္ဆာများ တွက်ရာတွင် လိုအပ်သောပုံပါရမည်ဖြစ်ပြီး ဆွဲသားထားသောပုံသည် မှန်ကန်ရန်လိုအပ်သည်။ အသုံးပြုသော ထောင့်သင်္ကေတများကိုလည်း ပုံတွင်ထည့်သွင်းဖော်ပြရန် လိုအပ်သည်။ သက်သေပြရာတွင် သင်ကြားထားသည့်အတိုင်း အလွတ်ကျက်မှတ် ဖြေဆိုခြင်းများကို ရှောင်သင့်သည်။

**Chapter (9) Areas of Similar Triangles** အခန်းတွင် သဏ္ဌာန်တူ တြိဂံနှစ်ခု၏ ဧရိယာများအချိုးသည် လိုက်ဖက်အနားများ (သို့မဟုတ်) လိုက်ဖက်အမြင့်မျဉ်းများ (သို့မဟုတ်) လိုက်ဖက်အလယ်မျဉ်းများ (သို့မဟုတ်) လိုက်ဖက်ထောင့်ထက်ဝက်ပိုင်းမျဉ်းများ၏ နှစ်ထပ်ကိန်းများနှင့် အချိုးတူသည်ဟူသောအချက်များ သိထားရမည်။ ထို့အပြင် သဏ္ဌာန်တူတြိဂံနှစ်ခု၏ ဧရိယာများအချိုးသည် ပတ်လည်အနားများ၏ နှစ်ထပ်ကိန်းများနှင့် အချိုးတူသည်ဟူသော အချက်ကိုလည်း သိထားရမည်။ သဏ္ဌာန်တူခြင်း သင်္ကေတ “~”နှင့် ထပ်တူညီခြင်း သင်္ကေတ “≅” များ မှားယွင်းစွာ ဖော်ပြခြင်းမပြုမိစေရန် သတိပြုရမည်။

**Chapter (10) Introduction to Vectors and Transformation Geometry** အခန်းတွင် geometric vector များ၏ပေါင်းခြင်း၊ နုတ်ခြင်းနှင့် စကေလာဖြင့်မြှောက်ခြင်း စသည့်အခြေခံလုပ်ထုံးများအပြင် parallel vectors ဂုဏ်သတ္တိ၊ collinear ဂုဏ်သတ္တိများကိုလည်း သိထားရမည်။ ထို့ပြင် position vector, section formula နှင့် two dimensional vectors များအကြောင်းကိုလည်း သိထားရမည်။ Transformation geometry ဆိုင်ရာ matrix များဖြစ်သည့် reflection matrix, rotation matrix နှင့် translation matrix များကိုလည်း မှတ်သားထားရန်လိုအပ်သည်။ အထူးသဖြင့် ပုစ္ဆာများတွက်ရာတွင် ဗက်တာသင်္ကေတ မြား “$\rightarrow$” မကျန်စေရန် သတိပြုရမည်။

**Chapter (11) Trigonometry** အခန်းတွင် general angle formulae, compound angle formulae, double angle formulae, half angle formulae, factor formulae စသည်များကိုလည်း သိထားသင့်ပါသည်။ Law of Sines နှင့် Law of Cosines တို့ကို အသုံးပြု၍ တြိဂံတစ်ခု၏ လိုအပ်သောထောင့်နှင့် လိုအပ်သောအနားများကို ရှာတတ်ရန်လည်း လိုအပ်သည်။ အကြံပြုလိုသည်မှာ Law of Sines ကို အသုံးပြု၍ တြိဂံတစ်ခု၏ လိုအပ်သောထောင့်များရှာရာတွင် အငယ်ဆုံးထောင့်မှစ၍ ရှာသင့်သည်။ အဘယ်ကြောင့်ဆိုသော် ရှာသောထောင့်သည် ထောင့်ကျယ်ဖြစ်နေသော်လည်း Law of Sines ကို အသုံးပြု၍ တွက်ချက်လျှင် ထောင့်ကျဉ်းသာရလာပြီး ဖြေဆိုသူအနေနှင့် အမှန်ဟုယူဆတတ်ပါသည်။ ညွှန်းထောင့်ပါသော ပုစ္ဆာများ တွက်ချက်ရာတွင် လိုအပ်သောပုံပါရမည်ဖြစ်ပြီး ဆွဲသားသောပုံသည် မှန်ကန်ရမည့်အပြင် logarithm tables ဖြင့် တွက်ချက်သောဇယားကို ထည့်သွင်းဖြေဆိုရန်လိုအပ်သည်။ ထောင့်များ၏ ဒီဂရီနှင့် မိနစ် သင်္ကေတများမကျန်စေရန် သတိပြုပါ။

**Chapter (12) Calculus** အခန်းတွင် limit ရှာသော ပုစ္ဆာများ တွက်ချက်ရာတွင် ဖြေဆိုပုံလိုအပ်ချက်ကို ပထမဦးစွာတင်ပြပါမည်။ ဥပမာ Calculate $\lim_{x\to\infty}\frac{2x}{3x+4}$. ယင်းပုစ္ဆာကို တွက်ချက်ရာတွင်

$$\lim_{x\to\infty}\frac{2x}{3x+4}=\lim_{x\to\infty}\frac{2}{3+\frac{4}{x}}$$

$$=\frac{2}{3+0} \quad \text{-----} (*)$$

$=\frac{2}{3}$ ဟု မှန်ကန်စွာ ဖြေဆိုရမည်။

(*)ပြထားသောအဆင့်တွင် ပိုင်းခြေ၌ ပါဝင်နေသော “0”သည် $\lim_{x\to\infty}\frac{4}{x}=0$ ကို ကိုယ်စားပြုသည်။ $\lim_{x\to\infty}\frac{2x}{3x+4}=\lim_{x\to\infty}\frac{2}{3+\frac{4}{x}}=\lim_{x\to\infty}\frac{2}{3}$

ဟု ဖြေဆိုခြင်းများမရှိစေရန် သတိထားရမည်။ ကိန်းရှင် x ၏တန်ဖိုး သေးငယ်သောပြောင်းလဲမှုပမာဏကို ဖော်ပြသည့် “$\delta x$” ကို $\delta$ နှင့် x မြှောက်ထားခြင်းဟုယူဆပြီး $(\delta x)^2 = \delta^2 x^2$ နှင့် $2x\delta x = 2x^2\delta$ ဟူ၍ မှားယွင်းဖြေဆိုခြင်းများ ပြုလုပ်တတ်သည်။ ဖြေဆိုသူများအနေဖြင့် trigonometric functions, logarithm functions နှင့် exponential functions တို့၏ derivative formula များကို သိထားသင့်သည်။ ထို့ပြင် tangent line equation, normal line equation, maximum, minimum နှင့် point of inflexion တို့နှင့်ဆိုင်သော ပုစ္ဆာများကိုလည်း လေ့ကျင့်ထားသင့်သည်။

ဖြေဆိုသူအားလုံးအတွက် မှာကြားလိုသည့်အချက်များမှာ

- ဖြေဆိုထားသော အဖြေများကို ပြန်လည်စစ်ဆေးရန်
- သင်္ချာသင်္ကေတများကို မှန်ကန်စွာ အသုံးပြုရန်
- ပုစ္ဆာများတွက်ချက်ရာတွင် လိုအပ်သောအဆင့်၊ အရေးကြီးသောအဆင့်များ မကျန်ရန်
  မေးခွန်းတွင် အသုံးပြုရမည့် တွက်နည်းသတ်မှတ်ပေးထားလျှင် သတ်မှတ်ထားသော တွက်နည်းကိုသာ အသုံးပြုရန်
- သတ်မှတ်ထားသော ပုဒ်ရေထက် ပို၍မဖြေဆိုမိစေရန်တို့ ဖြစ်သည်။

ယခုဆွေးနွေးခဲ့သော အကြံပြုချက်များသည် တက္ကသိုလ်ဝင်စာမေးပွဲ သင်္ချာဘာသာရပ်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူဖြစ်လိမ့်မည်ဟု ယုံကြည်ပါသည်။ တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ အားလုံး အောင်မြင်မှုများရရှိပါစေဟု ဆန္ဒပြုရင်း သင်္ချာဘာသာရပ် သိကောင်းစရာများ ဆွေးနွေးပို့ချခြင်းကို ရပ်နားပါသည်။

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် ပဒုမ္မာလမ်း ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲအခမ်းအနားတက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် ပဒုမ္မာလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါလမ်းသစ်၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က အမှာစကားပြောကြားရာတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်သည် နိုင်ငံတော်၏ မြို့တော်ဖြစ်သည်နှင့်အညီ Green City, Clean City, Smart City ဖြစ်စေရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အဓိကထား ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း နေပြည်တော်ကောင်စီ၏ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ခွဲဝေရရှိသော ဘဏ္ဍာငွေများကို မြို့နယ်များအလိုက် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအား ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြန်လည်ခွဲဝေ ချထားပေးခဲ့ကြောင်း၊ ယနေ့ဖွင့်လှစ်သည့် ပဒုမ္မာလမ်းအား ဒေသခံပြည်သူများ ရာသီမရွေး စိတ်အေးချမ်းသာစွာ သွားလာနိုင်ရန်အတွက် ပြည်သူလူထု အနေဖြင့်လည်း ရေရှည် အသုံးပြုနိုင်ရေးကို တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်း ထိန်းသိမ်းစောင့်ရှောက်ပေးကြရန် ပြောကြားသည်။

ထို့နောက် ရပ်မိရပ်ဖတစ်ဦးက ပဒုမ္မာလမ်း ကွန်ကရစ်လမ်းသစ်



ဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် ပဒုမ္မာလမ်း ကွန်ကရစ်လမ်းသစ်ကို နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီး မင်းနောင်၊ ဦးကျော်သိန်းဆိုင်၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်နှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ပင်ကံ့ကော်ကုမ္ပဏီတာဝန်ခံ ဦးဝင်းထွန်းက ဖွင့်ပွဲအထိမ်းအမှတ် အလံများကို နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများကို ပေးအပ်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကွန်ကရစ်လမ်းသစ်ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ ရင်းရင်းနှီးနှီး နှုတ်ဆက်စကား ပြောကြားသည်။

၂၀၂၂ -၂၀၂၃ ဘဏ္ဍာရေးနှစ် နေပြည်တော်ကောင်စီ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ရွှေကြာပင်ရပ်ကွက် ပဒုမ္မာလမ်းမှာ လမ်းအရှည် ပေ ၃၄၀၀ ၊ အကျယ် ၁၈ ပေ၊ ရှစ်လက်မထု ကွန်ကရစ်လမ်းဖြစ်ပြီး တန်ဖိုးငွေကျပ် ၂၂၈ ဒသမ ၈၆၇ သန်းဖြင့် နေပြည်တော်ကောင်စီ၏ ကြီးကြပ်မှုဖြင့် ပင်ကံ့ကော်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ပြန်/ဆက်)**




# (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မြင်းစီးအားကစားပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

(၇၆) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မြင်းစီးအားကစား ပြိုင်ပွဲကို ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ မြန်မာနိုင်ငံမြင်းစီးအားကစား အဖွဲ့ချုပ် အားကစားကွင်း၌ ယနေ့ နံနက် ၈ နာရီက ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးပြုံးမောင်မောင် က ပြိုင်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများက ပြိုင်ပွဲများဖွင့်လှစ်ကြောင်းကြေညာ၍ ခေါင်းလောင်းတီးကာ ဖွင့်လှစ်ပြီး ပြိုင်ပွဲများကို စတင်ကျင်းပသည်။

အဆိုပါ မြင်းစီးပြိုင်ပွဲ၌ မြန်မာ့ရိုးရာဒုန်းစီးပြိုင်ပွဲ၊ မြန်မာ့ရိုးရာ အသားကျပြိုင်ပွဲ၊ နိုင်ငံတကာ တန်းခုန်ပြိုင်ပွဲ Show Jumping တို့ ပါဝင်ပြီး ယနေ့တွင် မြန်မာ့ရိုးရာဒုန်းစီးပြိုင်ပွဲ၊ မြန်မာ့ရိုးရာ အသားကျပြိုင်ပွဲများကို စတင်ယှဉ်ပြိုင်ခဲ့ကြသည်။

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မြင်းစီးအားကစား ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၂ ရက်အထိ သုံးရက်ကြာ ကျင်းပသွားမည်ဖြစ်ကာ အားကစားသမား ၄၀ နီးပါး ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

**အာကာစိုး**

# ပြည်တွင်းပြည်ပ ခရီးသွားလုပ်ငန်းတွေ ပိုမိုပြီးဖြစ်ထွန်းလာဖို့ အားတက်သရော ဆောင်ရွက်နေတဲ့ ကျွန်တော်တို့ ပြခန်းတွေကို လာရောက်ကြည့်ရှုကြပါလို့ ဖိတ်ခေါ်ပါတယ်

ဦးကျော်မိုးနိုင်

**တွေ့ဆုံမေးမြန်း - နဒီမင်း၊ တင်စိုး ( မြန်မာ့အလင်း)**

(၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာနှင့် ဒေသထွက်ကုန်ပစ္စည်း အရောင်းပြခန်းများပြပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ်အတွင်းရှိ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်၌ ယနေ့နံနက်ပိုင်းက စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ခဲ့သည်။

အဆိုပါ ပွဲတော်ကြီးတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန် ၂၉ ခုမှ ထုတ်ကုန်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ စက်မှုထုတ်ကုန်များသာမက ဒေသအသီးသီးမှ လက်မှုထုတ်ကုန်များကိုပါ လေ့လာကြည့်ရှုနိုင်ရန် ဆိုင်ခန်းပေါင်း ၃၅၀ ကျော် ခင်းကျင်းပြသ ရောင်းချပေးသွားမည်ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဝတ်စားဆင်ယင်မှုနှင့် အကအလှများ၊ အစားအစာ၊ နေထိုင်မှု ပုံစံများ၊ ဒေသအသီးသီး၏ ဂုဏ်ယူဖွယ်ရာ ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်များ၊ ကျေးလက်ထုတ်ကုန်များကို တစ်နေရာတည်း တစ်စုတစ်စည်းတည်း လေ့လာသိရှိခွင့်ရမည်ဖြစ်ပြီး ဝန်ကြီးဌာနအသီးသီးက ဖွင့်လှစ်ပြသထားသည့် ပြခန်းများကို လေ့လာရင်း ဝန်ကြီးဌာနများ၏ သက်ဆိုင်ရာကဏ္ဍအလိုက် လက်ရှိ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကို လေ့လာခွင့်ရရှိမည် ဖြစ်သည့်အတွက် ပါဝင်ပြသထားသည့် ပြခန်းများ၊ ဆိုင်ခန်းများမှ တာဝန်ရှိသူများ၊ ပြခန်းသို့ လာရောက် လေ့လာကြည့်ရှုသူများအား တွေ့ဆုံမေးမြန်းခဲ့သည်။

**ဒေါက်တာတိုးအောင်(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ ရန်ကုန်တိုင်းဒေသကြီးပြခန်းတာဝန်ခံ**

ရန်ကုန်တိုင်းဒေသကြီး ပြခန်းမှာ အဓိက ကဏ္ဍကတော့ ရှေးဟောင်းအမွေအနှစ်နဲ့ ယဉ်ကျေးမှုကဏ္ဍ၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ စိုက်ပျိုးမွေးမြူရေးနဲ့ ဆည်မြောင်း ရေပေးဝေရေးကဏ္ဍ ဒီကဏ္ဍတွေကို ကျွန်တော်တို့ တင်ဆက်ပြသထားပါတယ်။ နောက် ရန်ကုန်မြို့ရဲ့အထင်ကရ သမိုင်းဆိုင်ရာ အဆောက်အအုံတွေ၊ ဗိသုကာလက်ရာတွေပါ ပြသထားတယ်။

ဝန်ကြီးဌာန ပြခန်းတွေမှာရော ပြည်နယ်နဲ့ တိုင်းဒေသကြီး ပြခန်းတွေမှာပါ ပြသထားတာတွေက တော်တော်လေးကို စိတ်ဝင်စားဖို့ကောင်းပါတယ်။ ဒေသအလိုက်၊ ဌာနအလိုက် လုပ်ဆောင်နေတာ မသိသေးတာတွေကို မြင်ရမယ်။ ကျောင်းသားလေးတွေ လာတဲ့အခါ ဒီပြခန်းမှာ ပြသထားတွေကိုကြည့်ပြီး သူတို့ ဗဟုသုတ ရသွားစေမှာ ဖြစ်ပါတယ်။ ဒါတွေကိုကြည့်ခြင်းဖြင့် သူတို့လေးတွေ နိုင်ငံတော် တည်ဆောက်ရေးမှာ တတ်စွမ်းသမျှ ပါဝင်ကူညီနိုင်တယ်ဆိုတာကို သိမြင်လာမယ်ဆိုတာ ယုံကြည်ပါတယ်။

အများပြည်သူတွေကိုလည်း လာကြည့်စေချင်ပါတယ်။ ဖျော်ဖြေရေး အစီအစဉ်တွေလည်း အများကြီးပါပါတယ်။ လူငယ်ကြိုက် ဓာတ်ပုံရိုက်မယ်ဆိုရင်လည်း အပြင်အဆင်တွေ လုပ်ထားတယ်။ စတိတ်ရှိုးတွေလည်း စီစဉ်ထားတယ်။ လုံခြုံရေးအတွက်လည်း အဆင်ပြေအောင် စီစဉ်ထားပါတယ်။ ပြပွဲကို လာရောက်တဲ့ ကျောင်းသား ကျောင်းသူတွေကို စတုဒိသာကျွေးမွေး သွားမယ့် အစီအစဉ်တွေလည်း ရှိပါတယ်။

ပြပွဲက မနက် ၉ နာရီ ကနေ ၁၀ နာရီအထိ ကျင်းပမှာပါ။ အဲဒီအချိန်အတွင်းမှာပဲ ဖျော်ဖြေရေးအစီအစဉ်က ညနေ ၆ နာရီကနေ ည ၁၀ နာရီခွဲအထိ ဖျော်ဖြေသွားမှာ ဖြစ်ပါတယ်။ ခေတ်ပေါ်တေးဂီတ အဖွဲ့တွေပါမယ်။ တိုင်းရင်းသား အကအဖွဲ့တွေပါမယ်။ ဒေသခံတွေ ဖျော်ဖြေတာဆိုတော့ တော်တော်လေးကို စိတ်ဝင်စားဖို့ကောင်းပါတယ်။

**ဦးခင်ဇော်မိုး (အတွင်းရေးမှူး)၊ စက်မှုဝန်ကြီးဌာန ကိုယ်စားပြုပြခန်း**

ဒီပြပွဲမှာ ကျွန်တော်တို့ ဝန်ကြီးဌာနက ဦးစီးဌာနနှစ်ခုရယ်၊ လုပ်ငန်း လေးခုရယ်၊ ဝန်ကြီးဌာနကတော့ Webportal ကို ပြတယ်။ အားလုံး ခုနစ်ခုပေါ့။ စက်မှုကြီးကြပ် စစ်ဆေးရေးဆိုရင် (MSME) ရယ်၊ ဘွိုင်လာတို့ လျှပ်စစ်လုပ်ငန်း စစ်ဆေးရေးကိစ္စတွေ၊ စက်မှုဇုန်ကြီးကြပ်မှုကိစ္စတွေ၊ ကျွမ်းကျင်မှုဆိုင်ရာ အသိအမှတ်ပြုလက်မှတ် အမြန်ထုတ်ပေးရေးကိစ္စတွေ ပြသထားတယ်။

စက်မှု ပူးပေါင်းဆောင်ရွက်ရေးကျတော့ ဓာတုပစ္စည်းနဲ့ ဆက်စပ်ပစ္စည်းများ အန္တရာယ် တားဆီးကာကွယ်ရေးကိစ္စတွေ၊ Labour Skills တွေအတွက် စက်မှုသင်တန်းကျောင်းတွေ၊ နောက်တစ်ခုက ပြည့်ဖြိုးမြဲ စွမ်းအင်ကိစ္စတွေ၊ စွမ်းအင်လျှော့ချနိုင်ဖို့ ကိစ္စတွေပါမယ်။

အမှတ် (၁ )အကြီးစားစက်မှုလုပ်ငန်းမှာ အဓိကပြတာတော့ သံမဏိစက်ရုံ မြင်းခြံနဲ့ ပင်းပက်မှာ ထုတ်လုပ်မှုတွေ၊ အမှတ် (၂) အကြီးစား စက်မှုလုပ်ငန်းက ဘီလပ်မြေနဲ့ တာယာထုတ်လုပ်မှု တွေကို အဓိကပြတယ်။ အမှတ် (၃) အကြီးစား စက်မှုလုပ်ငန်းကတော့ အထည်အလိပ်နဲ့ ဆေးရုံသုံး၊ အိမ်သုံး ထုတ်ကုန်ပစ္စည်းတွေ အမျိုးမျိုး ပြတယ်။

နောက်တစ်ခုက ဆေးဝါး၊ ဆေးဝါးကတော့ လက်ရှိ ဆေးဝါးစက်ရုံ (အင်းစိန်)၊ ဆေးဝါးစက်ရုံ (အင်ရောင်း)နဲ့ ဆေးဝါးစက်ရုံ (ရွာသာကြီး)၊ ဒီဘက်ခေတ်မှာတော့ ဆေးဝါးစက်ရုံ (ရွာသာကြီး) ကနေ ထူးထူးခြားခြား မြန်ကိုဖန်း ကိုဗစ် ကာကွယ်ဆေး၊ ဆေးဝါးစက်ရုံက ထုတ်လုပ်တဲ့ ဆေးဝါး ဆေးတောင့် ဆေးရည်အစုံ ဒါတွေ အကုန်ပြသထားတယ်။ နောက်တစ်ခုက စက်မှုသင်တန်းကျောင်းတွေမှာ တက်ချင်တဲ့သူတွေ ပြပွဲကနေ ချိတ်ဆက်ပြီး တက်လို့ ရမယ်။

အဓိကကတော့ စက်မှုဝန်ကြီးဌာနက ဆောင်ရွက်လေ့ရှိတဲ့ လုပ်ငန်းသဘောသဘာဝတွေ၊ မူဝါဒတွေ၊ စက်မှုဝန်ကြီးဌာနမှာ ထုတ်လုပ်နေတဲ့ ထုတ်ကုန်တွေရဲ့ အမျိုးအစားတွေရော၊ ဆက်စပ်လုပ်ကိုင်ဆောင်ရွက်နိုင်တဲ့ လုပ်ငန်းတွေရော သိရှိပြီး လုပ်ကိုင်ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေအတွက် ဆက်သွယ်ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။

**ဦးတင့်ဇော်ညွန့်**

**(ဒုတိယအထွေထွေမန်နေဂျာ)**

**မြန်မာ့သစ်လုပ်ငန်း**

ကျွန်တော်တို့ ဝန်ကြီးဌာနအောက်မှာရှိတဲ့ လုပ်ငန်း၊ ဦးစီးဌာန၊ တက္ကသိုလ်အပါအဝင် အားလုံး ဦးစီးဌာန လုပ်ငန်း ၁၂ ခုကနေပြီးတော့ ပြခန်းဝင်ရောက်ပြသတာဖြစ်ပါတယ်။

ပြခန်းမှာ လက်ရှိလုပ်ထားတဲ့ ပုံစံငယ်လေးတွေက သုံး ခုရှိပါတယ်။ အမှတ် (၁) သတ္တုတွင်းနဲ့ အမှတ် (၂) သတ္တုတွင်း နှစ်ခုပေါင်းပြီးတော့ သတ္တုလုပ်ငန်းဆိုပြီးတော့ အဲဒီမှာ အမှတ် (၁)သတ္တုတွင်းဆို ရွှေကို တူးဖော်တဲ့ လုပ်ငန်းဖြစ်ပါတယ်၊ အမှတ် (၂) သတ္တုတွင်းဆိုရင်တော့ ခဲမဖြူ အဖြိုက်နက်တွေ တူးဖော်တဲ့ လုပ်ငန်းဖြစ်ပါတယ်။ အဲဒီ နှစ်ခုကိုပေါင်းပြီးတော့ သတ္တုတွင်းလုပ်ငန်းဆိုပြီးတော့ ပြထားတဲ့ ပုံစံငယ်ထဲမှာဆိုရင် ရွှေကိုတူးတဲ့ တကယ့် ရွှေမိုင်းတစ်ခုရဲ့ ပုံစံငယ် အသေးလေးကို လှုပ်ရှားနေတဲ့ ကားလေးတွေ၊ ကရိန်းလေးတွေနဲ့ မြေအောက်ကနေ တူးပြီး အပေါ်ကိုတင်တာတွေ၊ သတ္တုသိုက်ရှိတဲ့ နေရာကို တူးဖော်နေတာတွေကို မြင်ရမှာပါ။ တစ်ဖက်က သတ္တုတူးဖော်တဲ့ မိုင်း၊ နောက်တစ်ဖက်က ရွှေမိုင်းပေါ့။ သစ်တောဘက်ကဆိုရင်လည်း ပုံစံငယ်လေးတွေက တောတွင်း သစ်ထုတ်လုပ်တဲ့ ဆင်စခန်းတစ်ခုကို ပုံစံငယ်လုပ်ထားတာပါ။ တောထဲကနေ သစ်တွေ ထုတ်လာတယ်။ သတ်မှတ်ထားတဲ့ သစ်ကွက်ထဲ ကနေ သစ်ထုတ်လုပ်ငန်းကနေ ထုတ်လာတဲ့ သစ်တွေကို ဆင်တွေနဲ့ ဆွဲလာတယ်။ သစ်ဆိပ်မှာ ပုံတယ်၊ ပုံပြီးတော့မှ ကား၊ ကရိန်းတွေ ယာဉ်ယန္တရား တွေသုံးတယ်။ ဆင်သားအမိပုံတွေ၊ ဆင်ခေါင်းနေတဲ့ တဲတွေ၊သစ်လုပ်ငန်းရဲ့ ဆင်စခန်းတစ်ခုရဲ့ ပုံတွေကို ပြသထားပါတယ်။

ဒါ့အပြင် ရှားပါး ကြယ်လိပ်လေးတွေလည်း ပြထားပါတယ်။ မျိုးသုဉ်းပျောက်ကွယ်လုနီးပါးဖြစ်နေတဲ့ ကြယ်လိပ်တွေ ပြသထားတယ်။ ကြယ်လိပ်ဟာ ကျွန်တော်တို့ မြန်မာတစ်နိုင်ငံမှာပဲ ရှိတယ်။ ပန်ဒါဝက်ဝံတွေ၊ တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးကလည်းကျွန်တော်တို့ရဲ့ ထမ်းဆောင်ရတဲ့ အရေးကြီးတဲ့ အပိုင်းထဲမှာပါတော့ ကြိုးကြာနီတို့၊ အောက်ချင်းငှက်တို့ သရုပ်ဖော်ထားခြင်းဖြစ်ပါတယ်။ ရေတံခွန်မှာက ကျောက်စိမ်းအစစ်တွေပါ။ ရေတံခွန်က မျက်စိပသာဒလည်း ဖြစ်တယ်။ အမိဧရာဝတီမြစ်ကြီးကို ကိုယ်စားပြု ပုံဖော်ပြသထားခြင်းလည်းဖြစ်ပါတယ်။

**ဦးကျော်မိုးနိုင် (ဒုတိယညွှန်ကြားရေးမှူး)၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ကိုယ်စားပြုပြခန်း**

ခရီးသွားလုပ်ငန်းဆိုတာက ကဏ္ဍအားလုံးနဲ့ ဆက်စပ်မှုရှိနေတယ်။ တခြားလုပ်ငန်းကဏ္ဍဆိုတာကလည်း ခရီးသွားလုပ်ငန်းကဏ္ဍနဲ့ ဆက်စပ်ပြီး ဆောင်ရွက်နေတာဖြစ်တဲ့အတွက်ကြောင့် ဒီမှာလာပြီး လာရောက်ပြသတဲ့အခါမှာ ပြည်တွင်းပြည်ပ ခရီးသွားတွေ ခရီးသွားချင်စိတ်လေးဖြစ်လာအောင်၊ ကျွန်တော်တို့ ပြခန်းကို ကြည့်ပြီးရင်တောင် စိတ်ချမ်းသာအောင် ဆွဲဆောင်မှုလေးတွေနဲ့ ရိုးရာယဉ်ကျေးမှုလေးတွေ ပြသထားပါတယ်။

ဒီပြခန်းကို ဝင်လာတာနဲ့ခရီးစဉ်တစ်ခုကို၊ ဒေသတစ်ခုကို ရောက်သွားတဲ့ပုံစံ ပြင်ထားပါတယ်။ ပုသိမ်ထီးလေးတွေ၊ ရုပ်သေးရုပ်ကလေးတွေ၊ လက်မှုပစ္စည်းလေးတွေနဲ့ ခင်းကျင်းထားတာဆိုတော့ ဝင်လာတာနဲ့ ဒေသသစ်တစ်ခုကို ရောက်သွားသလို ခံစားရအောင် စီစဉ်ထားပါတယ်။

ပြခန်းမှာ အမှတ်တရပစ္စည်းလေးတွေ ရွှံ့စေးနဲ့ လက်တွေ့ပြုလုပ်နေတာတွေပြမယ်။ ပြီးတော့ရောင်းချမယ်။ အုတ်နဲ့ လုပ်တာတွေ၊ ငှက်ပျောပင်က နေထွက်တဲ့ ချည်နဲ့ လုပ်ထားတဲ့ အဝတ်အစားတွေ၊ လူ့အသုံးအဆောင်တွေ ပြသမယ်။ နောက်တစ်ခုက ပုဂံမှာရှိတဲ့ လက်ဆေးပန်းချီကိုလည်း ပုဂံဒေသကိုရောက်ရှိသွားသလိုပဲ ခံစားလို့ရအောင် ရေးဆွဲပြသသွားမှာ ဖြစ်ပါတယ်။ *စာမျက်နှာ ၁၉ သို့*


ဒေါက်တာတိုးအောင်



ဦးခင်ဇော်မိုး


ဦးတင့်ဇော်ညွန့်


ဦးကျော်မိုးနိုင်


ဦးသက်ဆိုင်အောင်


ဒေါ်လှလှဝင်း




## ၂၀၂၃ ခုနှစ်၊ (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထာဝစဉ်တည်တံ့ရေးနှင့် ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ပြည်တွင်းအင်အားဖြင့် ကြိုးပမ်း တည်ဆောက်ရေး။

၂။ ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသား လူမျိုးများ အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

၃။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံစေရေး အမျိုးသားရေး လုပ်ငန်းစဉ်(၂)ရပ် အောင်မြင်စေရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီ လက်ညီ လက်တွဲဆောင်ရွက်ရေး။

၄။ ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက် အောင် ဆောင်ရွက်ပေးရေး။

၅။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ စည်းလုံး ညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး။

## တွဲလက်ခိုင်ကျည် ပေါင်းစုညီ ဒို့ညီနောင်ထု ပြည်ထောင်စု။

*စာမျက်နှာ ၁၈ မှ*

ကျွန်တော်တို့ ဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး ခရီးသွားလုပ်ငန်းအသင်းအဖွဲ့တွေအားလုံး ပူးပေါင်းဆောင်ရွက်ကြတာ ဖြစ်ပါတယ်။ ပြည်တွင်းပြည်ပ ခရီးသွားလုပ်ငန်းတွေ ပိုမိုပြီးဖြစ်ထွန်းလာဖို့ အားတက်သရော ဆောင်ရွက်နေတဲ့ ကျွန်တော်တို့ ပြခန်းတွေကို လာရောက်ကြည့်ရှုကြပါလို့ ဖိတ်ခေါ်ပါတယ်။

**ဦးသက်ဆိုင်အောင်**
**(စစ်ကိုင်းတိုင်းဒေသကြီး ရိုးရာအစားအစာအရောင်းဆိုင် တာဝန်ခံ)**

ကျွန်တော်တို့က မုံရွာကလာတာပါ။ နာဂဒေသထွက် ခေါင်ရည်၊ ခိုတောင် မုန့်တီ၊ ဟုမ္မလင်းဘက်က ရှမ်းနီရိုးရာ အစားအစာဖြစ်တဲ့ ခေါက်စီးထမင်းသုပ်၊ ရေဦးဝက်အူချောင်း၊ ကြက်အူချောင်း။ ရွှေဘိုဘက်က ပေါင်းတင်းတို့၊ ကသာဘက်က ငါးချဉ်၊ မုံရွာက ဆိတ်သားခြောက်၊ မြေပဲဆားလှော်၊ ပုလဲဘက်က တို့ဟူးခြောက်၊ တွင်းတောင်ရဲ့ တွင်းပိုး စတာတွေကို ရောင်းချပါတယ်။

ကျွန်တော်တို့ ဒေသထွက် အစားအစာတွေကို လာပြီးတကူးတက မစားနိုင်ကြတဲ့ ရန်ကုန်က ပြည်သူတွေအတွက် ကိုက်ညီတဲ့ ဈေးနှုန်းလေးနဲ့ လာရောက်ရောင်းချပေးတာဖြစ်ပါတယ်။

ဒီပွဲမှာ တိုင်းနဲ့ ပြည်နယ် ဒေသအသီးသီးက လာရောက်ရောင်းချတဲ့ အမယ်စုံပစ္စည်းစုံတွေကို လာရောက်လေ့လာ ကြည့်ရှုပြီးတော့ အဆင်ပြေတာလေးတွေ အားပေးကြဖို့ ဖိတ်ခေါ်ချင်ပါတယ်။

**ဒေါ်လှလှဝင်း(ရွှေစာပုသိမ်ထီးလုပ်ငန်း)**

ကျွန်မက ဧရာဝတီတိုင်းကနေ လာခဲ့တာပါ။ ပုသိမ်မြို့ကထွက်တဲ့ ထီးတို့၊ ဟာလဝါတို့ကို ဒီပွဲမှာ ရိုးရာထွက်ကုန်ပစ္စည်းတစ်ခုအနေနဲ့ လာရောက်ပြသရောင်းချတာ ဖြစ်ပါတယ်။ ရိုးရာလက်မှု လုပ်ငန်းဖြစ်တဲ့ ဒီပုသိမ်ထီးလေးတွေ နိုင်ငံအနှံ့ ပျံ့နှံ့ရောက်ရှိဖို့အတွက် ခုလိုပြပွဲတွေ ဝင်ရောက်ပြသရောင်းချတာဖြစ်ပါတယ်။ လာရောက်ကြည့်ရှုတဲ့သူတွေ အထူးသဖြင့် ကျောင်းသား ကျောင်းသူလေးတွေက ပုသိမ်ထီးတွေကို စိတ်ဝင်စားကြတယ်။ လက်ဆောင်ပေးဖို့နဲ့ ဆောင်းဖို့အတွက် ဝယ်ကြပါတယ်။

ဧရာဝတီတိုင်းဒေသကြီးကနေ ရန်ကုန်တိုင်းဒေသကြီးကို တကူးတက လာရောက်ပြီး ဧရာဝတီတိုင်းရဲ့ ဂုဏ်ဆောင်ဖို့ ရိုးရာလက်မှုပစ္စည်းတွေကို လာရောက်ပြသရတဲ့အတွက် ဝမ်းသာမိပါတယ်။

**မောင်ဟိန်းထက်ဦး (ရန်ကုန်ပညာရေးတက္ကသိုလ်)**

ကျောင်းသား ကျောင်းသူတွေ၊ ဆရာ၊ ဆရာမတွေနဲ့အတူ လာခဲ့တာပါ။ မွန်၊ မကွေး၊ နေပြည်တော်ပြခန်းတွေကို ဝင်လေ့လာပြီးတဲ့ အခါမှာ သက်ဆိုင်ရာ ပြည်နယ်အလိုက် မြေပုံလေးတွေ၊ ရိုးရာဝတ်စုံတွေ လေ့လာခွင့်ရခဲ့ပါတယ်။ ဒေသထွက်ကုန်တွေလည်း လေ့လာခွင့်ရခဲ့တယ်။ ဒေသထွက် အစားအစာတွေလည်း စားခဲ့တယ်။ တိုင်းရင်းသား လူမျိုးစုတွေကိုလည်း သိခွင့်ရခဲ့တယ်။ တိုင်းနဲ့ ပြည်နယ် အနှံ့ သွားစရာ မလိုအောင်ကို တစ်နေရာတည်းမှာ ဒေသအသီးသီးက တိုင်းရင်းသားတွေရဲ့ လူနေမှုဘဝတွေကအစ လေ့လာခွင့်ရတဲ့အတွက် ဗဟုသုတတွေ ရပါတယ်။ ကိုယ်မရောက်ဖူးတဲ့နေရာတွေကိုလည်း သွားလည်ချင်စိတ်ဖြစ်မိတယ်။

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၀ - ၂ - ၂၀၂၃

| ရွှေ | | | |
|---|---|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား | ကျပ် | ၂၁၈၅၄၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား | ကျပ် | ၂၁၉၈၃၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ | အမေရိကန်ဒေါ်လာ | ၁၈၅၅ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ | အမေရိကန်ဒေါ်လာ | ၁၈၆၆ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၂၆၀ ကျပ် | ၂၃၀၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၄၀ ကျပ် | ၂၃၈၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၉၀ ကျပ် | ၂၂၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၂၅၅ ကျပ် | ၂၃၀၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၄၈ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၈၁ . ၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၂ . ၁၃၉ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၆၀၂ . ၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၈၄ . ၇၁ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၈ . ၅၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၄၄၇ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၅၀၀ | ၈၅၀၀ | ၄၆၇ | ၃၉၆၉၅၀၀ |
| MTSH | ၃၂၅၀ | ၃၂၅၀ | ၆၆၆ | ၂၁၆၄၅၀ |
| MCB | ၇၇၀၀ | ၇၆၀၀ | ၄၃ | ၃၂၉၄၀၀ |
| FPB | ၂၁၅၀ | ၂၀၅၀ | ၁၀၄၈၂ | ၂၁၁၈၀၅၅၀ |
| TMH | ၂၆၀၀ | ၂၆၀၀ | ၇၅ | ၁၉၅၀၀၀ |
| EFR | ၂၆၀၀ | ၂၆၀၀ | ၁၆၀ | ၄၁၆၀၀၀ |
| AHP | ၄၉၀၀ | ၅၀၀၀ | ၁၉၃ | ၉၄၆၃၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၅၇၆ ဆူ | ၁၄၄ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | သုဓမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၄၃၂၉. ၀၂ | ၂ | - | ၂ |
| ၄။ | ဂေါပကရုံး(၄၈×၂၄×၂၉)ပေ | ၅၈၂၆. ၀၅ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၈. ၇၅ | ၁ | - | ၁ |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | - | ၁ |
| ၇။ | အဝင်မုခ်ဦးငယ်(အနောက်ဘက်) | ၁၂၂၀ | ၁ | - | ၁ |
| ၈။ | ရွှေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၉။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၁၀။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၁၁။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၁၂။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၇၅ ခန်း | ၃၈၀ ခန်း |
| ၁၃။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၅၀ တိုင် | - |
| ၁၄။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၃၂ ခု | ၅၂၀ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၅. ၄၀ | ၂၁၁၉. ၅၃ ကျင်း | ၈၀ ကျင်း | ၂၀၃၉. ၅၃ ကျင်း |
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈. ၁၄ ကျင်း | ၂၇ ကျင်း | ၁၉၁. ၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၄. ၅၀ | ၅၉၁၀. ၆၆ ကျင်း | ၂၃ ကျင်း | ၅၈၈၇. ၆၆ ကျင်း |
| ၁၉။ | ကြွေပြား ၁ ကျင်းနှုန်း | ၃. ၆၀ | ၁၇၃၆. ၀၈ ကျင်း | ၃၂၃ ကျင်း | ၁၄၁၃. ၀၈ ကျင်း |
| ၂၀။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၃၂၈ သိန်း | ၁၇၄၀၃ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၅. ၄၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၁။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | ၃ ခု | ၇၉ ခု |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀. ၀၀ | ၅၀၀ စုံ | ၃၆ စုံ | ၄၆၄ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

# အများပြည်သူ လာရောက်ကြည့်ရှုလေ့လာဝယ်ယူနိုင်ပါသည်

၂၀၂၃ ခုနှစ်၊ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာနှင့် ဒေသထွက်ကုန် ပစ္စည်းအရောင်းပြခန်းများနှင့် စက်မှုဇုန်ထုတ်ကုန်ပစ္စည်းများ ပြပွဲကို ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်တွင် (၁၀-၂-၂၀၂၃)ရက်မှ (၁၄-၂-၂၀၂၃)ရက်ထိ တိုင်းရင်းသားရိုးရာအကများ၊ တေးဂီတ ဖျော်ဖြေမှုများနှင့် ကျင်းပမည်ဖြစ်ရာ အများပြည်သူအပေါင်း လာရောက်ကြည့်ရှုလေ့လာ ဝယ်ယူနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## ဆိုင်တံဆိပ်အမည်အမှတ်အသား အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ မနော်ဟရီလမ်း၊ ၆၅x၆၆လမ်းကြားနေ ဒေါ်နွယ်နွယ်ဆန်း (ဘ) ဦးလောဝူး ၁/မညန(နိုင်)၁၁၈၃၄၆၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

RD(၄၁၂၄/၂၀၁၉)

အထက်ဖော်ပြပါ VIPSALON အမည်တံဆိပ်အမှတ်အသားဖြင့် အလှပြင်ဆိုင်ကို မန္တလေးမြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံး၌ ဖွင့်လှစ်လုပ်ကိုင်ရန်အတွက် ဥပဒေနှင့်အညီ မှတ်ပုံတင်သွင်းကြေညာခဲ့ပြီး၊ ကျွန်ုပ်မိတ်ဆွေမှ ဖွင့်လှစ်လုပ်ကိုင်လျက်ရှိပါသည်။ အဆိုပါဆိုင်တံဆိပ်အမည် အမှတ်အသားကို ဘာသာစကားအမျိုးမျိုးတို့ဖြင့် အသုံးပြုကာ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား တုပသုံးစွဲခြင်းများ မပြုကြပါရန်နှင့် အဆိုပါဆိုင်တံဆိပ်အမည်အမှတ်အသားကို တစ်နည်းနည်းတုပခြင်းများမပြုလုပ်ကြပါရန် ကြေညာအပ်ပါသည်။ အကယ်၍ မည်သူမဆို ကျွန်ုပ်မိတ်ဆွေ၏ အကျိုးစီးပွားထိခိုက်နစ်နာစေရန် ရည်ရွယ်ဆောင်ရွက်ခဲ့ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်သူ-**
**ဒေါ်နွယ်နွယ်ဆန်း (ဘ)ဦးလောဝူး**
**၁/မညန(နိုင်)၁၁၈၃၄၆**

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နန်းဆိုင်ပွဲ (ခ) ဒေါ်ခိုင်ဇာထွန်း (LL.B)**
**(စဉ်-၁၆၂၂၃)**
**တရားလွှတ်တော်ရှေ့နေ**
**အကွက်(၀-၁၀/၆၃)၊ ကျွဲဆည်ကန်ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊**
**မန္တလေးမြို့၊ ဖုန်း-၀၉-၄၃၀၁၁၉၁၆၊ ၀၉-၇၇၆၅၁၁၆၆၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်း ရပ်ကွက်အမှတ် ၃၂/ ပေါင်းလောင်း-၂၊ မြေကွက်အမှတ် (၉၃၈)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဒု-တပ်ကြပ်စံမြ အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်မြသက်နွယ် ၁၂/မဂဒ(နိုင်)၁၂၈၇၂၀ မှ ပျဉ်းမနားမြို့ မြေတိုင်းချဲ့ရေးကော်မတီ၏ အိမ်ဝိုင်းကွက်တန်ဘိုးငွေသွင်းပြေစာ၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူ ကျမ်းကျိန်ဆိုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ စာဂ (၁၉)လမ်း၊ အိမ်အမှတ် (၇၅၆) ပေါ်တွင်ဆောက်လုပ်ထားသော ( ၂ )ခန်းတွဲ ( ၆ ) ထပ်အဆောက်အအုံ၏ မြေညီထပ် (ခြေရင်းခန်း)၊ အကျယ်အဝန်း ( ၁၈ ပေ x ၅၅ ပေ )ရှိတိုက်ခန်းကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးမင်းသိန်း ၁၂/ဥကတ(နိုင်) ၂၁၀၀၃၉ ထံမှ ကျွန်တော် ဦးဇော်လွင်ခိုင် ၇/ပမန(နိုင်)၀၀၀၄၃၁နှင့် ကျွန်မ ဒေါ်လှိုင်သက်အေး ၁၂/ပဇတ(နိုင်)၀၀၂၃၄၈တို့မှ ၉-၂-၂၀၂၃ရက်စွဲပါ "နှစ်ဦးသဘောတူ တိုက်ခန်းအပြီးအပိုင်ရောင်းချခြင်း ကတိစာချုပ်"ဖြင့် လက်ရောက်ရယူပိုင်ဆိုင် ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအား ကျွန်တော်/ကျွန်မတို့နှစ်ဦး၏ ခွင့်ပြုချက်မရရှိဘဲ မည်သူ တစ်ဦးတစ်ယောက်မျှ လွှဲပြောင်းရောင်းချ၊ ပေါင်နှံခြင်း၊ ကျူးကျော်နေထိုင်ခြင်းမပြုလုပ်ရန်နှင့် ပြုလုပ်ပါကတည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးဇော်လွင်ခိုင် ၇/ပမန(နိုင်)၀၀၀၄၃၁ နှင့်**
**ဒေါ်လှိုင်သက်အေး ၁၂/ပဇတ (နိုင်)၀၀၂၃၄၈**
**ဖုန်း- ၀၉ -၇၅၈၄၉၂၁၄၂**

## ဖခင်အမည်မှန်

မြန်အောင်ခရိုင်၊ အင်္ဂပူမြို့နယ်၊ အထက(ခွဲ)ပိန္နဲကွင်း Grade-7 မှ မဆွေဇင်မိုးမြင့် (ကျောင်းဝင်အမှတ်-၃၈၅၃) ၏ ဖခင်အမည်မှန်မှာ ဦးဇော်ဝင်းခိုင် ၁၄/အဂပ(နိုင်)၂၀၀၂၈၁ ဖြစ်ပါသည်။

**ဦးဇော်ဝင်းခိုင်**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 77W/ 12814 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်သူဇာအောင် ၉/ဝတန(နိုင်) ၁၄၅၂၅၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ကျောက်ဆည်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၅ယ /၉၆၄၀၇ ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိခင်စန်းမူ ၃/ဘအန(နိုင်) ၂၉၉၃၄၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ဖခင်အမည်မှန်

မြန်အောင်ခရိုင်၊ အင်္ဂပူမြို့နယ်၊ အ.ထ.က(ခွဲ) ပိန္နဲကွင်း Grade-10မှ ကျောင်းဝင်နံပါတ် ၁၈၅ မသဲအိပန်၏ ဖခင်အမည်မှန်မှာ ဦးလှိုင်မျိုးထွန်း ၁၄/အဂပ(နိုင်) ၁၇၁၉၂၁ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

မြန်အောင်ခရိုင်၊ အင်္ဂပူမြို့နယ်၊ အ.ထ.က(ခွဲ)၊ ပိန္နဲကွင်း Grade-10မှ ကျောင်းဝင်နံပါတ် ၁၈၄ မပန်းအိခင်၏ မိခင်အမည်မှန်မှာ ဒေါ်သဲနွယ် ၁၄/အဂပ(နိုင်) ၂၁၈၆၁၆ ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3D/6727 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1G/2856 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8K/5028 ယာဉ် လက်ဝယ်ရှိသူ ဒေါ်ခင်မာညို ၈/ရစက(နိုင်)၂၄၂၀၁၀ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ အသစ်ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

# မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ၇၈-လမ်း၊ ၃၃ လမ်းဒေါင့်ရှိ Yadanarpon Diamond Plaza အဆောက်အဦရှိ ဆိုင်ခန်းပိုင်ရှင်များသိစေရန် ကြေညာချက်

မန္တလေးမြို့၊ Yadanarpon Diamond Plaza စီမံခန့်ခွဲမှုကော်မတီ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ၇၈-လမ်း၊ ၃၃ လမ်းဒေါင့်တွင်ရှိသော Yadanarpon Diamond Plaza အဆောက်အဦသည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် အကျိုးတူ ပူးပေါင်းဆောက်လုပ်ခဲ့သောအဆောက်အဦ ဖြစ်ပါသည်။

အဆိုပါ Plaza အဆောက်အဦတွင် Yadanarpon Diamond Plaza စီမံခန့်ခွဲမှုကော်မတီမှ ရောင်းချခွင့်ရှိသော ဆိုင်ခန်းများအား ပုဂ္ဂလိက တစ်ဦးချင်းသို့ လွှဲပြောင်းရောင်းချခြင်း အရောင်းအဝယ်ကတိစာချုပ်များ ချုပ်ဆို၍ လက်ရောက်ပေးအပ်ခဲ့ပြီးလည်းဖြစ်ပါသည်။

သို့ရာတွင် ဝယ်ယူထားသောဆိုင်ခန်းပိုင်ရှင်များသည် သဘောတူကတိစာချုပ်အပိုဒ် ၃ (က) အရ **"မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအပါအဝင် သက်ဆိုင်ရာဌာနအသီးသီး၏ အရပ်ရပ်သော အခွန်အခများကို မပျက်မကွက်ပေးဆောင်ပါမည်ဟု"** ဝန်ခံကတိပြုထားသော်လည်း ပေးသွင်းရန်ပျက်ကွက်နေသဖြင့် Yadanarpon Diamond Plaza စီမံခန့်ခွဲမှုကော်မတီမှ ၎င်းတို့ကိုယ်စား သက်ဆိုင်ရာဌာနများသို့ ငွေစိုက်ထုတ်ပေးဆောင်နေရပါသည်။

Yadanarpon Diamond Plaza စီမံခန့်ခွဲမှုကော်မတီမှ စိုက်ထုတ်ပေးဆောင်ရသော ကျသင့်သည့် အခွန်အရပ်ရပ် အားလုံးကို သက်ဆိုင်ရာ ဆိုင်ခန်းပိုင်ရှင်အသီးသီးသို့ ဆက်သွယ်တောင်းခံသော်လည်း ယနေ့ထိ ပြန်လည် ပေးသွင်းခြင်းမရှိသည့်အပြင်၊ ဆိုင်ခန်းများလည်း ဖွင့်လှစ်ခြင်းမရှိပါသဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေး၏ ပုံရိပ်ကို ထိခိုက်ပြီး၊ စီမံခန့်ခွဲမှုကော်မတီ၏ အကျိုးခံစားခွင့် အရပ်ရပ်လည်း ဆုံးရှုံးနစ်နာလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ဆိုင်ခန်းပိုင်ရှင်များ ချုပ်ဆိုခဲ့သော ပဋိညာဉ်စာချုပ် အပိုဒ် ၃ (ဂ) အရ ဆိုင်ခန်းများကို Yadanarpon Diamond Plaza စီမံခန့်ခွဲရေးကော်မတီသို့ ဤကြော်ငြာ ပါသည့်နေ့မှ တစ်ပတ်အတွင်း အပ်နှံရမည်ဖြစ်ပြီး၊ စီမံခန့်ခွဲရေးကော်မတီဆုံးဖြတ်ချက်အပြင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ လမ်းညွှန်ချက်ကိုခံယူပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

**ဒေါ်မိုးမိုးခိုင် (စဥ်-၄၈၂၆/၈၉)**
**LL.B, DBL, DML, MA (Business Law)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၁၇၁၊ ပုသိမ်မြေ (၉) လမ်း၊ ပုသိမ်မြေရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။**
**၀၉ ၄၃၀၆၅၀၀၉၊ ၀၉ ၉၆၇၇၉၉၆၇၇၊ ၀၉ ၄၂၉၄၂၂၄၆၃**

## စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်းမှ အဆောက်အဦ ငှားရမ်းဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်းမှ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်းလမ်းဆုံအနီး၊ အောင်ဓမ္မရိပ်သာလမ်းသွယ်ရှိ (၅၀'x၇၅' x၁၆') အကျယ်ရှိသော ဂိုဒေါင်(၁)လုံးအား ပုဂ္ဂလိကသို့ ငှားရမ်းရေးဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂။ တင်ဒါဆိုင်ရာ အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **တင်ဒါပုံစံများ စတင်ရောင်းချမည့်ရက်/နေရာ** - ၁၃-၂-၂၀၂၃ရက်၊ (တနင်္လာနေ့) ရုံးအမှတ်(၃၇)၊ မြန်မာ့ဆေးဝါးလုပ်ငန်း

(ခ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၈-၂-၂၀၂၃ရက်၊ (အင်္ဂါနေ့) ၁၆:၀၀နာရီ

(ဂ) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ကြေညာပေးပါမည်။

(ဃ) **တင်ဒါတင်သွင်းရမည့်နေရာ** - ရုံးအမှတ်(၃၇)၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူးရုံးခန်း၊ နေပြည်တော်

၃။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များဖြင့် စုံစမ်းနိုင်ပါသည်-

(က) မြန်မာ့ဆေးဝါးလုပ်ငန်း၊ အုပ်ချုပ်ရေးဌာန ဖုန်း-၀၆၇၃-၄၀၈၀၆၇၊ ၀၆၇၃-၄၀၈၁၈၇

## လေလံလျှော်က်လွှာခေါ်ယူခြင်း

မကွေးတိုင်းဒေသကြီးအတွင်းရှိ အောက်ဖော်ပြပါ မြို့နယ်များမှ မြေများအား လေလံစနစ်ဖြင့် ရောင်းချမည် ဖြစ်ပါသည်-

(က) နတ်မောက်မြို့၊ တမာပင်ရပ်ကွက်၊ ကန်ကြီးအောက်လမ်း၊ ဦးပိုင်အမှတ် (၂-ခ)၊ အကွက်အမှတ် (၁၈)ရှိ မြေ (၃၀၀'x၈၀')၊ ဆက်သွယ်ရန် ဖုန်း-၀၉-၆၉၇၀၀၅၃၁၀/ ၀၉-၆၉၅၁၅၀၆၀၆

(ခ) ငဖဲမြို့နယ်၊ ပဒါန်းကျေးရွာအုပ်စု၊ အမှတ် (၁၄)၊ ကွင်းအမှတ် (၁၀၉၈-ခ)၊ ဦးပိုင်အမှတ် (၄၁၇)၊ မြေ ၀ဒသမ၉၄၈ဧက၊ ဆက်သွယ်ရန် ဖုန်း-၀၉-၉၇၉၉၂၇၁၁၅

(ဂ) မင်းလှမြို့၊ ပန်းတော်ပြင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၈၅၅) ဥယျာဉ်၊ ဦးပိုင်အမှတ် (၁၅၂/၁)ရှိ အုတ်ကျင်းမြေနေရာ (၁)ဧက၊ ဆက်သွယ်ရန် ဖုန်း-၀၉-၆၇၆၀၈၂၅၅၄

**လေလံလျှော်က်လွှာရောင်းချမည့်ရက်** - ၁၂-၂-၂၀၂၃ရက်

**လေလံပိတ်သိမ်းမည့်ရက်** - ၁၅-၂-၂၀၂၃ရက်၊ ညနေ ၁၆:၀၀နာရီ

**လေလံဖွင့်ဖောက်မည့်ရက်/အချိန်** - ၁၆-၂-၂၀၂၃ရက်၊နံနက် ၁၀:၀၀နာရီ

**လေလံလျှော်က်လွှာများ ရောင်းချမည့်နေရာ** - သက်ဆိုင်ရာ မြို့နယ်အလိုက် ဖော်ပြထားသော ဖုန်းနံပါတ်များတွင် ဆက်သွယ်နိုင်ပါသည်။

**လေလံလျှော်က်လွှာထည့်သွင်း/ဖွင့်ဖောက်မည့်နေရာ** - လျှော်က်လွှာဝယ်ယူတင်သွင်းသည့်နေရာ

**လေလံတင်ထုခွဲရောင်းချရေးအဖွဲ့**
**မကွေးတိုင်းဒေသကြီး၊ မကွေးမြို့**

## မိဘ အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

မိုးမောက်မြို့၊ အထက(မိုးမောက်)ကျောင်း Grade-10 မှ မခိုင်ခင်ဝင်း၏ မိဘအမည်မှန်မှာ ဦးလောဆီနှင့် ဒေါ်မီးလန့်တို့ဖြစ်ပါကြောင်းနှင့် မခိုင်ခင်ဝင်း၏ မွေးသက္ကရာဇ်အမှန်မှာ ၂၂-၁-၂၀၀၇ဖြစ်ပါကြောင်း။

**ဦးလောဆီနှင့် ဒေါ်မီးလန့်**
**ကျောက်စခန်းကျေးရွာ၊ မိုးမောက်မြို့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4J/8351, ယာဉ်လက်ဝယ်ရှိသူ LWIN & SWAN TRADING CO.,LTD. ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြင်းခြံ)**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3F/5731,3F/5732, 1F/9706, ၆ဃ/၁၃၆၉၊ ၆ဃ/၁၉၃၈ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ကျွန်တော်၏ မိတ်ဆွေဖြစ်သူ ဒေါ်အိမေဇင်အောင်သည် မကွေးမြို့၊ အောင်မေတ္တာ(ခ)ရပ်၊ (၁၁)လမ်းရှိ မြေကွက်အမှတ် (၇၉၂)ဟုခေါ်တွင်သော ဝိုင်းမြေမှ အလျား ၆၅ပေxအနံ ၃၂၁/၂ပေအကျယ် မြေကွက်နှင့် ယင်းမြေကွက်နှင့် ပတ်သက်သည့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကာလတန်ကြေးဖြင့် ရောင်းချသူအား စရန်ငွေတစ်စိတ်တစ်ဒေသပေးချေခဲ့ပြီးဖြစ်၍ ၂၈-၂-၂၀၂၃ ရက်တွင် အပြီးသတ်အရောင်းအဝယ်ပြု ငွေပေးချေမည်ဖြစ်ပြီး အထက်ပါ ပစ္စည်းစာရင်းအား လက် ရောက်လက်ခံရယူမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယခု အရောင်းအဝယ်ပြုလုပ်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ၂၅-၂-၂၀၂၃ ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်းအစုံအလင်ဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုတစ်စုံတစ်ရာ မပေါ်ပေါက်ခဲ့ပါက အရောင်းအဝယ်ပြုမှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကို အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဇော်မင်း (LL.B)**
**(တရားလွှတ်တော်ရှေ့နေ စဉ်-၁၂၂၉၅)**
**ဇီဇဝါလမ်း၊ ရန်အောင်ရပ်၊ မကွေးမြို့**
**ဖုန်း-၀၉-၇၉၄၅၆၇၈၁၁**

## ရိက္ခာဆန်ဝယ်ယူရေး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အကျဉ်းဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အကျဉ်းထောင်/စခန်းများမှ အကျဉ်းသား/သူ၊ အချုပ်သား/သူ၊ လုပ်အားရှင်များအား ၂၀၂၃-၂၀၂၄ခုဘဏ္ဍာရေးနှစ် (အရန်တစ်လစာအပါ) ကျွေးမွေးရန်လိုအပ်သော ငစိန်/ဧည့်မထ (၂၅%)ဆန်နှင့် ၎င်းထက်အရည်အသွေးမနိမ့်သော ရိက္ခာဆန် (၁၉၆၁၆)အိတ်အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာ တစ်စောင်လျှင် (၁၀၀၀၀ိ/-)နှုန်းဖြင့် ရောင်းချသွားပါမည်။ တင်ဒါပေးသွင်းရမည့် အသေးစိတ်အချက်အလက်များအား အကျဉ်းဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး၊ မုံရွာမြို့၊ တယ်လီဖုန်းအမှတ် ၀၇၁-၂၃၂၀၅၊ ၀၇၁-၂၃၂၀၆တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါအဆိုပြုလွှာ ရောင်းချမည့်ရက်** - ၁၀-၂-၂၀၂၃ရက် ၀၉:၀၀နာရီမှ ၂၃-၂-၂၀၂၃ရက် ၁၆:၀၀နာရီအထိ

**တင်ဒါအဆိုပြုလွှာများ လက်ခံစိစစ်မည့်ရက်** - ၂၅-၂-၂၀၂၃ရက် ၁၀:၀၀နာရီမှ ၂၆-၂-၂၀၂၃ရက် ၁၆:၀၀နာရီထိ

**တင်ဒါဖွင့်မည့်ရက်** - ၂၇-၂-၂၀၂၃ရက် ၁၀:၀၀နာရီ

**ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့**
**အကျဉ်းဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး၊ မုံရွာမြို့**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (ရေနှင့် သန့်ရှင်းမှု)တွင် အသုံးပြုရန်အတွက် လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံး ပစ္စည်းများကို သတ်မှတ်နေရာအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | 160 mm Ø HDPE Pipe(PN-10) | ၁၀၀ လုံး |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၃-၂-၂၀၂၃ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၅-၂-၂၀၂၃ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား၍တင်သွင်းရန် ဖြစ်ပါသည်။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်)ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။

အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ် ၀၁-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ကျွန်းတက်ပဲ့ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမည်(ကျွန်းတက်ပဲ့) ကွင်း၊ကွင်းအမှတ် ၁၈၁၆၊ ဦးပိုင်လုပ်ကွက်အမှတ် ၄၄၊ ဧရိယာ ၃ဒသမ ၉၆ ဧက ကျယ်ဝန်းသော လယ်မြေသည် ဦးသာအိ ၉/လဝန(နိုင်)၂၂၅၄၄ အမည်ဖြင့် လယ်ယာမြေ ပုံစံ(၇)ထွက်ရှိထားသော လယ်မြေ ဖြစ်ပါသည်။ အဆိုပါလယ်မြေ အားပိုင်ရှင်ဖြစ်သူ ဦးသာအိမှ ၎င်းသာလျှင် တရားဝင် အမည်ပေါက် ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်၍ ရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူလိုပါသဖြင့် ရောင်းကြေးငွေများ၏ တစ်ဝက်ဖြစ်သော ငွေများအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါလယ်မြေအား အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားလယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)စာအုပ်(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ တစ်ဦးတစ်ယောက်မျှမရှိပါက အရောင်းအဝယ် ကိစ္စရပ်များကို ပြီးဆုံးသည်အထိဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်နိုင်ဝင်း LL.B, WIPO(Switzerland)**
နေပြည်တော်၊ တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ရှင်ဘို့မယ်၊ ဦးပိုင်အမှတ် (၉၆၊ ၉၇)၊ ရေိယာ ၀ ဒသမ ၁၄၆ ဧကအား ဦးညွှန့်ဝင်း (ဘ)ဦးမြမောင် ၉/တကန(နိုင်)၀၀၈၇၄၃ မှ ပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာအမှတ် (၈၉/၂၀၂၃)၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တပ်ကုန်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ထောက်ခံချက်၊နိုင်ငံသားစိစစ်ရေးကတ်ပြား၊အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ရှင်ဘို့မယ်၊ ဦးပိုင်အမှတ် (၁၂၆၊ ၁၂၉)၊ ရေိယာ ၀ ဒသမ ၁၄၆ ဧကအား ဦးညွှန့်ဝင်း (ဘ)ဦးမြမောင် ၉/တကန(နိုင်)၀၀၈၇၄၃ မှ ပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာအမှတ် (၈၈/၂၀၂၃)၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တပ်ကုန်းမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိ သည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ အိုးဘိုရွှေကျင်ရပ်ကွက်၊ အကွက်(၅၂)နေ ဒေါ်ဝင်းကြည်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အကြောင်းကြားသိစေအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေ၏သမီးဖြစ်သူ ဒေါ်အေးအေးသင်းသည် မိဘ၏ဆိုဆုံးမမှုစကားအား နားမထောင်ဘဲ မိဘအား ခွင့်မလွှတ်နိုင်အောင် အပြုအမူများ၊ စိတ်ဆင်းရဲအောင်အမျိုးမျိုးပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ ရာသက်ပန်အမွေပြတ် စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝများအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

| | |
|---|---|
| **ဒေါ်လွင်မာထွန်း** | **ဒေါ်ခင်မြတ်နိုးဦး** |
| **(LL.B, D.B.L, D.I.L)** | **(LL.B) (D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၄၂၆)** | **အထက်တန်းရှေ့နေ(စဉ်-၅၁၃၆၄)** |
| **အကွက်(၅၂)၊ အိုးဘိုရွှေကျင်ရပ်ကွက်၊** | **လမ်း-၈၀၊ ၈ လမ်း၊** |
| **အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့၊** | **အောင်မြေသာစံမြို့နယ်၊** |
| **၀၉-၇၅၆၇၈၆၈၀၃၊ ၀၉-၄၃၁၄၁၇၆၀** | **မန္တလေးမြို့** |

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်၂၅/သာဇီအနောက်၊ ဦးပိုင်အမှတ် (၈)၊ ရေိယာ ၀ ဒသမ ၁၆၅ ဧကရှိ ဒေါ်ကျင်မြိုင် အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဦးကြည်ဝေ ၉/ပမန(နိုင်) ၀၁၀၄၉၁ (ပါ) ၃ ဦး (ဦးကြည်ဝေ၊ ဦးအောင်ကျော်ညွှန့်၊ ဦးသက်ဇော်ညွှန့်) တို့မှ အရောင်းအဝယ်စာချုပ်အမှတ်(၃၈/၁၉၆၀)အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ အမှတ် (၁၂၇/၂၀၂၂)(၁၂၈/၂၀၂၂)၊ (၁၃၅/၂၀၂၂)၊ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၄၇၀/၂၀၂၂)၊ (၄၆၉/၂၀၂၂)၊ သေဆုံးကြောင်းထောက်ခံစာ၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး ဒေါ်ဆွေဆွေသန်း ၉/ပမန(နိုင်)၀၁၀၅၅၂(ပါ)၈-ဦး (ဒေါ်ဆွေဆွေသန်း၊ ဒေါ်အေးအေးမြင့်၊ ဦးမြင့်လွင်၊ ဦးခင်ဇော်၊ ဦးကြည်ဝေ၊ ဒေါ်ကြည်ကြည်ဦး၊ ဦးအောင်ကျော်ညွှန့်၊ ဦးသက်ဇော်ညွှန့်) တို့မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(န-၁)၊ ဦးပိုင်အမှတ်(၈)၊ ၄၀လမ်း နှင့် ၄၁ လမ်းကြား၊ ၆၄လမ်းနှင့် ၆၅လမ်းကြားရှိ ဦးသန်းမောင် အမည်ပေါက် ဂရန်မြေကွက်အား (ဖခင်)ဦးသန်းမောင်၊ (မိခင်)ဒေါ်ကြည်ညွှန့်၊ (သား) ဦးကြည်သန်း(လူပျိုဘဝ)(သမီး)ဒေါ်မျိုးမျိုးသန်း(အပျိုဘဝ)ဖြင့် ၎င်းအသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၂၅၅၇/၂၀၁၆) ဖြင့် အမွေဆက်ခံခဲ့သော ကျန်သား/သမီးများဖြစ်သည့် ဒေါ်ညွှန့်ညွှန့်သန်း ၉/မနတ(နိုင်)၀၆၂၂၁၀၊ ဦးဝင်းသန်း ၉/မနတ(နိုင်)၀၆၅၀၆၀၊ ဦးထွန်းမြင့်သန်း ၉/မနတ(နိုင်)၀၆၁၅၃၉တို့၏ (GP ရသူ ဒေါ်အေးမွန်) တို့က ၎င်းတို့(၃)ဦး၏ မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းမူရင်းတို့မှာ နယ်ဝေးရောက်ရှိ ခရီးလွန်နေပါသဖြင့် မတင်ပြနိုင်ကြောင်းနှင့် အမှုတွဲအမှတ် ၅၆၅၈/၂၀၂၂-၂၀၂၃ဖြင့် သက်တမ်းတိုး ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ (၂၅)ရပ်ကွက်၊ ရွှေနှင်းဆီ (၆)လမ်း၊ အမှတ်(၃၃၅)နေ ဦးကံလှ ၁၂/မဂတ(နိုင်)၀၃၉၉၇၀နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မိုးကောင်းလမ်း၊ တိုက်အမှတ်(၄/စီ)၊ အခန်းအမှတ်(၂၀)၊ (၅)လွှာနေ ဦးထွန်းညွှန့် ၁၂/ရကန(နိုင်)၀၆၉၆၄၉တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်–

ကံကောင်းသောအာရှအပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက် (LUCKY ASIA INTERNATIONAL COMPANY LIMITED) သည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ တရားဝင်ဖွဲ့စည်းတည်ထောင်ထားသော ကုမ္ပဏီဖြစ်ပြီး ကုမ္ပဏီမှတ်ပုံတင်အမှတ်မှာ(၁၀၈၉၃၃၀၀၃)ဖြစ်ပါသည်။ ကုမ္ပဏီတွင် ဒါရိုက်တာများအဖြစ် (၁) ဦးအောင်မြင့်၊ (၂) ဦးကံလှ၊ (၃) ဦးမူတူးရာဂျူး (ခ) ဦးချစ်မောင်၊ (၄)ဦးမြဝင်း၊ (၅)ဦးထွန်းညွှန့်တို့နှင့် ဖွဲ့စည်းထားပြီး အဆိုပါဒါရိုက်တာအဖွဲ့ဝင်များမှ ဒါရိုက်တာအဖွဲ့ဝင် ဦးအောင်မြင့် ၁၂/ပဇတ(နိုင်)၀၀၂၇၄၄မှ အစုရှယ်ယာ ၃၈၇စု၊ ဦးမူတူးရာဂျူး(ခ)ဦးချစ်မောင် ၁၂/ကတတ(နိုင်)၀၂၄၈၅၇မှ အစုရှယ်ယာ ၁၁၆၁စု၊ ဦးမြဝင်း ၁၂/ပဇတ(ဧည့်)၀၀၀၀၈၅ မှ အစုရှယ်ယာ ၃၈၇စုကို ပိုင်ဆိုင်ထားပြီး ၎င်းတို့က ၎င်းတို့ပိုင်ဆိုင်သော အစုရှယ်ယာများအား ကျွန်ုပ်၏ မိတ်ဆွေများသို့ အစုရှယ်ယာတန်ဖိုးသတ်မှတ်၍ လွှဲပြောင်းရောင်းချခဲ့သောကြောင့် (၉–၁၁–၂၀၂၂) ရက်နေ့စွဲပါ "LUCKY ASIA INTERNATIONAL COMPANY LIMITED ၏ အစုရှယ်ယာလွှဲပြောင်းရောင်းချခြင်းနှင့် ငွေပေးငွေယူကတိစာချုပ်"ကို အသိသက်သေများရှေ့တွင် လက်မှတ်ရေးထိုးချုပ်ဆို၍ အစုရှယ်ယာများအား ကျွန်ုပ်၏ မိတ်ဆွေများထံ လွှဲပြောင်းရောင်းချခဲ့ကြသဖြင့် ကျွန်ုပ်မိတ်ဆွေများက အစုရှယ်ယာများကို ဝယ်ယူခဲ့ပြီး အစုရှယ်ယာဖိုးငွေများကိုလည်း အပြေအကျေပေးချေခဲ့ပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူပိုင်ဆိုင်ထားသည့် အစုရှယ်ယာများအားလုံးတို့သည် အစုရှယ်ယာလွှဲပြောင်းရောင်းချသူများနှင့် သက်ဆိုင်ခြင်းမရှိတော့ဘဲ ကျွန်ုပ်၏မိတ်ဆွေများနှင့်သာ သက်ဆိုင်ပါကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေများမှ အစုရှယ်ယာစုစုပေါင်း ၃၈၇၀စုကို ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ယဉ်မျိုးထက်(စဉ်–၁၅၆၃၈) တရားလွှတ်တော်ရှေ့နေ**
**အမှတ်–၂၇/၂၉၊ တတိယထပ်၊**
**(၃၅)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း–၀၉–၂၅၂၀၅၄၄၅၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ဘုရားကြီးရပ်ကွက်၊ တရပ်တန်းလမ်းအတွင်းရှိ မြေတိုင်းအကွက်အမှတ်– (၁၈)၊ အကွက်အမည်– မုံရွာအလယ်၊ ဦးပိုင်အမှတ်– ၉၊ ဧရိယာ ၀ ဒသမ ၀၄၅ဧကေ ထဲမှ ဧရိယာ ၀ ဒသမ ၀၂၂ ဧကရှိ ဘိုး/ဘပိုင် မြေကွက်အား အမည်ပေါက် ဦးအောင်ကျော်စိုးအမည်မှ ဦးသင်းခိုင်တိုး အမည်ဖြင့် (ဘိုးဘပိုင်အမည်ပြောင်း) လျှောက်ထားရာ အကျိုးအကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ (ဘိုးဘပိုင်အမည်ပြောင်း) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**
**မုံရွာမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ဘုရားကြီးရပ်ကွက်၊ တရပ်တန်းလမ်းအတွင်းရှိ မြေတိုင်းအကွက်အမှတ်(၁၈)၊ အကွက်အမည်– မုံရွာအလယ်၊ ဦးပိုင်အမှတ်၈(ခ)၊ ဧရိယာ ၀ ဒသမ ၀၂၁ ဧကရှိ ဘိုး/ဘပိုင်မြေကွက်အား အမည်ပေါက် ဒေါ်စိန်ရင် အမည်မှ ဦးသင်းခိုင်တိုး အမည်ဖြင့် (ဘိုးဘပိုင်အမည်ပြောင်း)လျှောက်ထားရာ အကျိုးအကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့် ရက်မှစ၍ ရက်ပေါင်း(၃၀)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ (ဘိုးဘပိုင်အမည်ပြောင်း)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**
**မုံရွာမြို့**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် -၂၁၊ နည်းဥပဒေ -၂၂)
## မဟာအောင်မြေမြို့နယ်တရားရုံး၌
## ၂၀၂၀ ပြည့်နှစ်၊ တရားမကြီးမှုအမှတ်-၃၀နှင့်ဆက်စပ်သည့်
## ၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၉

| | | |
|---|---|---|
| ဒေါ်ဟွမ်လင်ရွှေ | နှင့် | ဖိုလ်ကြီးသန်းဝင်း |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ ကျွဲတဲရပ်ကွက်၊ အကွက်(၁၂၄)နေ ဗိုလ်ကြီးသန်းဝင်း သိစေရမည်။

၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ်–၃၀တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်ဟွမ်လင်ရွှေက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၃ခုနှစ် ဖေဖော်ဝါရီ ၂၃ရက် (၁၃၈၄ခုနှစ် တပေါင်းလဆန်း ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၃ခုနှစ် ဖေဖော်ဝါရီ ၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇင်မာမြင့်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**မဟာအောင်မြေမြို့နယ်တရားရုံး**

## ပြည်ထဲရေးဝန်ကြီးဌာန
## အကျဉ်းဦးစီးဌာန
## ရိက္ခာဆန်၊ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အကျဉ်းဦးစီးဌာန၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံး ကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်/ အချုပ်ထောင်/ စခန်းတို့တွင် အကျဉ်းသား/သူ၊ အချုပ်သား/သူများအား ၂၀၂၃–၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်းကျွေးမွေးရန် လိုအပ်သောရိက္ခာဆန် ဧည့်မထ/ငစိန်(၂၅%)ဆန် (ဆန်နီနှင့်စပါးလုံး၊ သဲမပါ) ၃၄၄၂၄ အိတ်အား မြန်မာကျပ်ငွေ ဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါတင်သွင်းသူများအနေဖြင့် တင်ဒါယှဉ်ပြိုင်သည့်ရက်၌ စပေါ်ငွေအဖြစ် ရိက္ခာဆန်အိတ် တန်ဖိုးကျသင့်ငွေ၏ ၁%ကို တင်ဒါအာမခံ စပေါ်ငွေအဖြစ် မြန်မာ့စီးပွားရေးဘဏ်၌ Payment Order Cheque (PO Cheque) ပြုလုပ်ပေးသွင်းရန်နှင့် မိမိပေးသွင်းမည့်ရိက္ခာဆန်နမူနာတို့အား ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့သို့ တင်ပြရမည်။

၃။ **တင်ဒါပုံစံရောင်းချမည့်ရက် / နေရာ။** ၁၀–၂–၂၀၂၃ ရက်မှ ၂၄–၂–၂၀၂၃ ရက်အထိ(ရုံးချိန်အတွင်းသာ)အကျဉ်းဦးစီးဌာန၊ရှမ်းပြည်နယ်ဦးစီးမှူးရုံး၊ အေးသာယာ၊ တောင်ကြီးမြို့၌ တင်ဒါပုံစံတစ်စောင်လျှင် ငွေကျပ် ၁၅,၀၀၀/(ကျပ်တစ်သောင်းငါးထောင်တိတိ)နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

၄။ **တင်ဒါဖွင့်ဖောက်မည့်ရက်နှင့်အချိန်/နေရာ။** ၂၇–၂–၂၀၂၃ ရက် နံနက် (၁၀:၀၀)နာရီဖြစ်ပြီး ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၊ တောင်ကြီးမြို့၌ ဖြစ်ပါသည်။ (ရက်အပြောင်းအလဲ ရှိနိုင်ပါသည်။)

၅။ တင်ဒါရွေးချယ်ခြင်း မပြုသူများအား သီးခြားအကြောင်းပြန်ကြားမည် မဟုတ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း အကျဉ်းဦးစီးဌာန၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံး၊ ဖုန်း–၀၈၁–၂၀၈၅၄၉၊ ၀၉–၇၆၆၅၁၇၅၃၇၊ ၀၉–၆၇၇၆၀၃၄၃၇သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့**

## ကြော်ငြာစာ
## ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ် တရားမအထွေထွေမှုအမှတ်–၇

MPPG Myanmar Professional Painting Group Company Limited
(၎င်း၏အခွင့်ရကိုယ်စားလှယ်
ဦးအောင်ကျော်မိုး) — **လျှောက်ထားသူ**

**မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေပုဒ်မ–၄၃၁(စ)အရ**
**ကင်းလွတ်ခွင့်လျှောက်ထားခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၃)ရပ်ကွက်၊ အောင်ပန်းလမ်း၊ အမှတ်(၇၈၁) ရှိ MPPG Myanmar Professional Painting Group Company Limited. (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးအောင်ကျော်မိုး)က မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ ကုမ္ပဏီကို သက်တမ်းတိုးရန် ပျက်ကွက်မှုအတွက် ယင်းဥပဒေပုဒ်မ–၄၃၁(စ)အရ ကင်းလွတ်ခွင့်ပြုပါရန် လျှောက်ထားလာခြင်းအပေါ် ယင်းကုမ္ပဏီနှင့် ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နည်းလမ်းတကျလွှဲအပ်ထားသည့် အခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ အဆိုပါကင်းလွတ်ခွင့်အား ရသင့် မရသင့်ကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၇ရက် ( ၁၃၈၄ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃ ရက်) နံနက်၁၀နာရီတွင် ကြားနာ၍ ကင်းလွတ်ခွင့်ပြုသင့်၊ မသင့်ကို စီရင်ဆုံးဖြတ်မည်ဖြစ်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာထုတ်ဆင့်လိုက်သည်။ ကန့်ကွက်သူ တစ်ဦးတစ်ယောက်မျှ မရှိပါက အဆိုပါ လျှောက်ထားချက်အား စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၇ရက် တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(အောင်မင်းထွန်း)**
**ခရိုင်တရားသူကြီး**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
## အလုံခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ်- ၂၅၅ နှင့်ဆက်နွှယ်သည့်
## ၂၀၂၂ခုနှစ် တရားမဇာရီမှုအမှတ်-၁၆၁

| | | |
|---|---|---|
| ဦးဇော်မျိုးကြည် | နှင့် | ၁။ စောဖရက်ရက်ကျော်မြတ်ထွဋ် |
| | | ၂။ စောဒဲရက်ကျော်ကျော်ဦး |
| | | ၃။ စောအဲလန်လူး |
| | | ၄။ နော်ဘေဘီယန်ဆင်ဒီလူး |
| | | ၅။ နော်မဲလိုဒီသီဂီလူး |
| | | (၎င်း၏အခွင့်ရကိုယ်စားလှယ် စောဖီးလစ်ဇော်ဇော်လတ်) |
| | | ၆။ စောဖိုးရှား |
| | | ၇။ စောဝါးလယ်(ခ)ပျားခို |
| | | (၎င်းတို့၏အခွင့်ရကိုယ်စားလှယ် ဒေါ်အေးမြင့်မောင်) |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** |

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အောက်ကြည့်မြင်တိုင်၊ ဦးကျော်ဒွန်းဇံလမ်း၊ အမှတ်(၂၈/၂၄)နေ (၁) တရားရှုံး စောဖရက်ရက်ကျော်မြတ်ထွဋ်နှင့် (၃) တရားရှုံး စောအဲလန်လူးတို့ သိစေရမည်။

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၅၅တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဦးဇော်မျိုးကြည်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၃ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက် (၁၃၈၄ ခုနှစ် တပေါင်းလဆန်း၅ ရက်)မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်နီနီအေး)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**အလုံခရိုင်တရားရုံး**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)မှ ဓာတ်ဆီအား အောက်ဖော်ပြပါအတိုင်း တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ပါ၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)နေပြည်တော်တွင် အဆိုပြုလွှာ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်–

| စဉ် | စက်ရုံ | ပစ္စည်းအမျိုးအမည် | ပမာဏ (ဂါလန်) | တင်ဒါပိတ်ချိန် | | တင်ဒါဖွင့်ချိန် | |
|---|---|---|---|---|---|---|---|
| | | | | နေ့ရက် | နာရီ | နေ့ရက် | နာရီ |
| ၁ | သံပရာကန် | ဓာတ်ဆီ | ၂,၀၀၀,၀၀၀ | ၂၃–၂–၂၀၂၃ | ၁၂:၀၀ | ၂၃–၂–၂၀၂၃ | ၁၄:၀၀ |

၂။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း ၀၆၇–၃၄၁၁၀၈၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/ ၇၀၅၉၂ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ရွှေ ၁၀/မလမ(နိုင်)၁၉၅၁၄၅က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၄ယ/ ၇၅၀၇၄ ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဇော်ဝင်း ၁၀/မလမ(နိုင်)၁၃၁၆၃၁က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 20W/ 68641 Zong Shen Zs 110-9 ယာဉ်လက်ဝယ်ရှိသူ Amazing Cherry World Co.,Ltdက (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7R/1558 (Cheng Long) ယာဉ်လက်ဝယ်ရှိသူ ဦးဟောက်ဇပေါင် ၅/ကလထ(နိုင်) ၀၂၈၆၁၇ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကလေးမြို့)**

**စာအုပ်**
**စာပေ**
**လူ့မိတ်ဆွေ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အုတ်ဖိုစုရပ်ကွက်၊ အကွက်အမှတ် (၂၆)၊ ကျိုက်ဇောခိမြောက်ကွက်၊ ဦးပိုင်အမှတ် (၁၆/က)၊ ဝိဇ္ဇာလမ်းသွယ် (၂) ရှိ ဒေါ်လှတင် အမည်ပေါက် မြေကွက်အတွင်းမှဧရိယာ ၀ ဒသမ ၀၅၄ ဧကအကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဆက်စပ်စာချုပ်များဖြင့် ပြန်လည်ဝယ်ယူထား၍ လက်ရှိထားပိုင်ဆိုင်အကျိုးခံစားခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်လှလှသန်း ၁၂/ပဇတ(နိုင်) ၀၀၀၁၃၀ ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်လှမြင့် ၁၂/မဂတ(နိုင်)၀၀၉၇၅၇က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအားစရန်ငွေပေးချေထားပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက် ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဇာနည် (LL.B., D.B.L) (စဉ် – ၁၄၆၆၈)**
**တရားလွှတ်တော်ရှေ့နေ**
**ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ (၂) ရပ်ကွက်၊ သန်လျင်မြို့**
**ဖုန်း– ၀၉–၄၂၀၃၀၀၂၆၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာအုပ်စု၊ ဓမ္မာရုံလမ်းရှိ အလျား x အနံ (၂၀ ပေ x ၈၃ပေ) အကျယ်ရှိ မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ဆက်စပ်စာချုပ်များဖြင့် ပြန်လည် ဝယ်ယူထား၍ လက်ရှိထားပိုင်ဆိုင် အကျိုးခံစားခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်မေရီစမ်း ၁၂/သကတ(နိုင်)၁၄၅၆၈၀ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နီလာမြင့် ၁၂/ဥကတ(နိုင်)၁၅၈၀၃၇က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေထားပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့် ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဇာနည် (LL.B., D.B.L) (စဉ် – ၁၄၆၆၈)**
**တရားလွှတ်တော်ရှေ့နေ**
**ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ (၂) ရပ်ကွက်၊ သန်လျင်မြို့**
**ဖုန်း–၀၉–၄၂၀၃၀၀၂၆၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၃၆/ဒီ)၊ မြေကွက်အမှတ် ၂၆အေ(၆)/၈+၂၆ အေ(၆/၃)၊ ဧရိယာ ၀ ဒသမ ၂၁၄ ဧက၊ မြေကွက်အမှတ်(၂၆အေ(၆)/၉) ၀ ဒသမ ၁၅၀ ဧကရှိ မြေကွက်ကြီးမှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း ၄၁၄၄ စတုရန်းပေခန့်ရှိ မြေပိုင်မြေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၂၉ အေ)၊ သံလွင်လမ်း၊ (၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်ဟု ခေါ်တွင်သည့် မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ခင်စောမူ အမည်ပေါက် ပိုင်ဆိုင်ပြီး ယင်းအမည်ပေါက်ထံမှ အထူးကိုယ်စားလှယ်လွှဲစာ ရယူ၍ ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားကြောင်း ဖွင့်ဟပြောဆိုဝန်ခံသူ ဒေါ်မြင့်မြင့်ဆွေ ၁၂/မရက(နိုင်)၀၈၃၂၆၄ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤ ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ –**
**ဒေါ်အိသီရိကြူ LL.B, M.A (Business Law)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၉၅၃၃)**
**အမှတ်(၃၇)၊ အနော်ရထာလမ်း ၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း – ၀၉–၄၃၁၆၃၄၀၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၂)၊ မြေကွက်အမှတ်(၁၇၉)၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၇၉)၊ ဗိုလ်ကြာညွှန့်လမ်း၊ (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်စိုးစိုးရီ+၅ အမည်ပေါက်ပြီး ဒေါ်စိုးစိုးရီ ၁၂/ဥကတ(နိုင်)၀၃၄၁၇၇ မှ ၎င်းကိုယ်တိုင်နှင့် ကျန်အမည်ပေါက်(၅)ဦးတို့၏ကိုယ်စား အထွေထွေကိုယ်စားလှယ်လွှဲစာဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဖွင့်ဟပြောဆိုဝန်ခံပါသဖြင့် ဒေါ်စိုးစိုးရီထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ –**
**ဒေါ်အိသီရိကြူ**
**LL.B, M.A (Business Law)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၉၅၃၃)**
**အမှတ်(၃၇)၊ အနော်ရထာလမ်း ၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း – ၀၉–၄၃၁၆၃၄၀၅**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး ကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်၊ စခန်းများမှ အကျဉ်းသား/သူ၊ အချုပ်သား/သူများနှင့် လုပ်အားရှင်များအား ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာရေးနှစ်အတွင်း ကျွေးမွေးရန် လိုအပ်သော ရိက္ခာဆန် ၅၃၁၂၇အိတ်ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား တိုင်းရင်းသား လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါ ပုံစံတစ်စောင်လျှင် ၃၀၀၀၀ကျပ်နှုန်းဖြင့် ရောင်းချသွားပါမည်။ တင်ဒါပေးသွင်းရမည့် အသေးစိတ်အချက်အလက်များအား အကျဉ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး၊ မန္တလေးမြို့၊ ဖုန်း-၀၂၄၀-၃၉၂၀၄ နှင့် ၀၂၄၀-၃၄၄၄၁ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၁၀-၂-၂၀၂၃ရက်၊ ၉:၀၀ နာရီ

**တင်ဒါပုံစံနောက်ဆုံးရောင်းချ/ လက်ခံမည့်ရက်** - ၂၄-၂-၂၀၂၃ရက်၊ ၁၆:၀၀နာရီထိ

**တင်ဒါဖွင့်မည့်ရက်** - ၂၇-၂-၂၀၂၃ရက်၊ ၁၀:၀၀နာရီ

**ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့**
**အကျဉ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ငွေနံ့သာစံပြကျေးရွာ၊ မြေတိုင်းရပ်ကွက်အမှတ်-(၄၉၅/အေ)၊ မြေကွက်အမှတ်(၅၃၇)ဟုခေါ်တွင်သော မြေအကျယ်အဝန်း အလျား(၁၀၀)ပေxအနံ (၁၂၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်နှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိထား ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်သီတာခိုင် ၁၄/မအန(နိုင်)၁၁၈၁၅၄ ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ဥမ္မာအောင် ၉/ခအဇ(နိုင်)၀၀၆၆၃၁က အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ တရားဝင်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းထက်ဦး( LL.B )** **ဒေါ်ဝေမိုးသူ ( LL.B )**
**အထက်တန်းရှေ့နေ( စဉ်- ၄၀၈၇၄ )** **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၃၅၂)**
**အမှတ် ( ၃၅/ခ)၊ဗိုလ်တေဇလမ်း၊ နွယ်ခွေစံပြကျေးရွာ၊ ထောက်ကြန့်၊**
**မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၈၈၂၅၁၁၁၈၈၊ ၀၉-၄၂၁၁၄၉၇၆၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ငွေနံ့သာစံပြကျေးရွာ၊ မြေတိုင်းရပ်ကွက်အမှတ် (၄၉၅/အေ)၊ မြေကွက်အမှတ်(၅၁၇/၅၁၉)ဟုခေါ်တွင်သော မြေအကျယ်အဝန်း အလျား (၁၀၀)ပေ x အနံ(၁၂၀)ပေရှိ မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်များနှင့်သက်ဆိုင်သည့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိထား ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဦးသန်းမြင့်၉/မရမ(နိုင်)၀၀၅၈၈၆နှင့် ဦးကိုကိုလေး ၉/မရတ(နိုင်)၀၅၆၁၀၄ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမောင်မောင်နိုင်က အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ တရားဝင်ပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းထက်ဦး(LL.B)** **ဒေါ်ဝေမိုးသူ (LL.B)**
**အထက်တန်းရှေ့နေ(စဉ်- ၄၀၈၇၄)** **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၃၅၂)**
**အမှတ် (၃၅/ခ)၊ဗိုလ်တေဇလမ်း၊ နွယ်ခွေစံပြကျေးရွာ၊ ထောက်ကြန့်၊**
**မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၈၈၂၅၁၁၁၈၈၊ ၀၉-၄၂၁၁၄၉၇၆၈**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မဟာအောင်မြေမြို့နယ်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် -၁

ဒေါ်သင်းသင်းခိုင် **နှင့်** ၁။ ဦးဖုန်းဝေ(ခ)ဖုန်တယ်လီ
၂။ ဦးကိုကိုမောင်

တရားလို တရားပြိုင်များ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ နှင်းဆီလမ်းသွယ်၊ ခြံအမှတ်(၃၇)တွင် နေထိုင်သူ ဦးဖုန်းဝေ (ခ) ဖုန်တယ်လီ (ဘ) ဦးဖုန်ကြားရှင် ၁၂/မရက(နိုင်) ၀၄၀၀၅၁ နှင့် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ကြာညိုလမ်း၊ ရွှေကြာပင်ရပ်ကွက်၊ အမှတ်(၆၉)တွင်နေထိုင်သူ ဦးကိုကိုမောင် (ဘ) ဦးမောင် ၉/မရတ(နိုင်)၀၁၇၃၂၆ (၂)ဦး သိစေရမည်။

သင်တို့အပေါ်၌ တရားလိုဒေါ်သင်းသင်းခိုင်မှ "ကတိပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည် ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက် (၁၃၈၄ ခုနှစ် တပေါင်းလဆန်း ၁၀ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်တွင် ဤရုံးတော် တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဒေါ်ဇင်မာမြင့်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**မဟာအောင်မြေမြို့နယ်တရားရုံး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဆေးဝါးစက်ရုံ (အင်းစိန်)နှင့် ဆေးဝါးစက်ရုံ (အင်ရောင်း)တို့မှထုတ်လုပ်သော ဆေးဝါးများအား ကျန်းမာရေးဝန်ကြီးဌာန၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး၊ ထောက်ပံ့နှင့် ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံး၊ အလုပ်သမားဝန်ကြီးဌာန (လူမှုဖူလုံရေးအဖွဲ့)တို့သို့ Door to Door စနစ်ဖြင့် ပေးပို့ရန်အတွက် ကုန်တင်ယာဉ်(၁၂)ဘီး ယာဉ်၊ (၆)ဘီးယာဉ်များငှားရမ်းရန် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၃-၂-၂၀၂၃ ရက်
**တင်ဒါပိတ်မည့်ရက်နှင့် အချိန်** -၂၇-၂-၂၀၂၃ရက် ၊၁၆:၀၀နာရီ

၃။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်း အသေးစိတ်အချက်အလက်များကို အောက်ပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည် -

**မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်)**
**ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန ၊ နေပြည်တော်**
**ဖုန်း-၀၆၇-၃၄၀၈၃၄၀၊ ၀၆၇-၃၄၀၈၃၈၁**

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြန်မာ့ဆေးဝါးလုပ်ငန်း**

## အများသိစေရန် ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ ရာဇဌာနီလမ်း၊ အမှတ် ဥသ-၁၀၂၂၊ အလျား (၆၀) ပေ x အနံ (၄၀) ပေ မြေကွက်အား ၁၅-၃-၂၀၂၂ ရက်တွင် စီမံကိန်းဒါရိုက်တာ ဒေါ်အေးအေးဝင်းမှ Yangon Lions Network Co.,Ltd ကိုယ်စား ၁-၃-၂၀၂၂ အစည်းအဝေးမှတ်တမ်းဖြင့် ဂရန်မူရင်းလက်ဝယ်ရရှိ ဝယ်ယူခဲ့ပြီး ၅-၁၁-၂၀၂၂ ရက်တွင် ဒေါ်အေးအေးဝင်း ကွယ်လွန်သွားခဲ့ပါသဖြင့် ၂၅-၁-၂၀၂၃ အစည်းအဝေးဆုံးဖြတ်ချက်အရ Yangon Lions Network Co.,Ltd ၏ ကိုယ်စား ဦးစောနိုင် (ဒါရိုက်တာ)အား ဆက်လက်တာဝန်ပေးအပ်ပြီး အဆိုပါ မြေကွက်နှင့်ပတ်သက်ပြီး သက်ဆိုင်ရာဌာနများတွင် ဆက်လက်ဆောင်ရွက်တော့မည်ဖြစ်ရာ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ အမည်ပြောင်းခြင်း၊ အပျောက်လျှောက်ခြင်း၊ လှူဒါန်းခြင်း၊ ပေးကမ်းခြင်း လုံးဝမပြုလုပ်ရန်နှင့် ပြုလုပ်ပါက ဥပဒေကြောင်းအရ တရားစွဲဆိုဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**Yangon Lions Network Co.,Ltd. ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သိင်္ဂီအောင် (LL.B)၊တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၇၀၀)**
**အမှတ်(၂/၃)၊ သမာဓိလမ်း၊ (ဆ)ရပ်ကွက်၊**
**မြောက်ဥက္ကလာပတရားရုံးအနီး၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၄၂၅၇၇၇၃၄၈**

## ဒေါ်ဥမ္မာစော၁၃/တကန(နိုင်)၀၀၆၄၄၅နှင့် အများသိစေရန်အသိပေးကြေညာခြင်း

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ နယ်မြေ(၁၃/တ)၊ ကျောက်တလုံးလမ်း၊ အိမ်အမှတ်(၄၂၄)နေ ဦးစိုင်းဖုန်းဟန်(ခ)ကွမ်းမှိုင်း ၁၃/တကန(နိုင်)၁၈၁၄၀၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ဥမ္မာစော ၁၃/တကန(နိုင်)၀၀၆၄၄၅နှင့် အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

တောင်ကြီးမြို့၊ ကံကြီးရပ်ကွက်ရှိ ကွင်း/အကွက်အမည် (၁၈၅/ကံကြီးကျောင်းရပ်)၊ ဦးပိုင်အမှတ် (၅၀-ဃ)၊ မြေကွက်အမှတ်(၅၀/၁၂၅)၊ မြေဧရိယာ ၀ ဒသမ ၃၃၂၈ဧကမြေနှင့် အဆိုပါမြေကွက်ပေါ်ရှိ အိမ်အမှတ်(၈၁) ဟု ခေါ်တွင်သော အဆောက်အအုံတို့သည် တောင်ကြီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ထုတ်ပေးသော မြေငှားဂရန်အမှုတွဲအမှတ်(၅၃/၂၀၂၀) (ရက်စွဲ ၁၈-၂-၂၀၂၀ ရက် မှ ၁၇-၂-၂၀၅၀ ထိ နှစ် ၃၀) အရ ဦးစိုင်းဖုန်းဟန်(ခ) ကွမ်းမှိုင်း၏ဇနီး ဒေါ်နန်းကိန်ခမ်း၁၃/တကန(နိုင်)၀၀၀၂၈၁ အမည်ပေါက် လက်ရှိနေထိုင်ပိုင်ဆိုင်ခဲ့သော အိမ်မြေဥပစာဖြစ်ပါသည်။

မြေငှားဂရန်အမည်ပေါက်သူဒေါ်နန်းကိန်ခမ်းသည်၁၁-၃-၂၀၂၂ ရက်တွင် ရင်သားကင်ဆာရောဂါဖြင့် ရုတ်တရက်ကွယ်လွန်သွားခဲ့ရာ ဒေါ်နန်းကိန်ခမ်း မကွယ်လွန်မီ ခွဲစိတ်ရောင်းချထားခဲ့သော မြေကွက်များနှင့်စပ်လျဉ်း၍ တရားဝင်ခွဲစိတ်ပြီး အရောင်းအဝယ်မှတ်ပုံတင်စာချုပ်များချုပ်ဆိုပေးရန်အတွက် ဒေါ်နန်းကိန်ခမ်း၏အဒေါ် ဒေါ်ဥမ္မာစော ၁၃/တကန(နိုင်)၀၀၆၄၄၅က ဆက်လက်စီမံခန့်ခွဲခွင့် ဆောင်ရွက်ပေးမည်ဟု ယုံကြည်အောင်ပြောဆိုပြီး ဒေါ်နန်းကိန်ခမ်း အမည်ပေါက် မြေငှားဂရန်အမှတ်(၅၃/၂၀၂၀)မူရင်း၊ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် ရေးကူးထားသည့် မြေစာရင်းပုံစံ (၁၀၅/၁၀၆) မူရင်းများကို ယူဆောင်သွားခဲ့သည့် အပြင် ဒေါ်နန်းကိန်ခမ်း သေဆုံးကြောင်း သေစာရင်းလက်မှတ်ကိုလည်း ထုတ်ယူသွားခဲ့သော်လည်း ယနေ့အချိန်ထိ မည်သို့မျှစီမံဆောင်ရွက်မှုများမပြုဘဲ ပျက်ကွက်နေသဖြင့် မြေကွက်ခွဲစိတ်ဝယ်ယူထားသူ ဒေါ်ခင်သီတာစိုးနှင့် ဒေါ်တင်တင်ဝင်းတို့က တရားဝင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန် ခင်ပွန်းဖြစ်သူ ဦးစိုင်းဖုန်းဟန်(ခ)ကွမ်းမှိုင်းထံ အကြိမ်ကြိမ်လာရောက်ပြောဆိုခဲ့ပါသည်။ ထိုသို့ လာရောက်ပြောဆိုနေကြသည့်အတွက် ဒေါ်နန်းကိန်ခမ်းအမည်ပေါက် မြေငှားဂရန်မူရင်းနှင့်စာရွက်စာတမ်းများရယူထားသူ ဒေါ်ဥမ္မာစောထံ ပြန်လည်ပေးအပ်ရန်တောင်းခံခဲ့ရာ ပျောက်ဆုံးနေသည်ဟု အကြောင်းပြန်ကြား ပြောဆိုခဲ့ပါသည်။

သို့ဖြစ်ပါ၍ ဒေါ်နန်းကိန်ခမ်း အမည်ပေါက်မြေငှားဂရန်အမှတ်(၅၃/၂၀၂၀) မူရင်း၊ အရောင်းအဝယ်အတွက် ရေးကူးထားသည့်မြေစာရင်းပုံစံ(၁၀၅/၁၀၆) မူရင်းနှင့် ဒေါ်နန်းကိန်ခမ်း၏ သေစာရင်းမူရင်း လက်ဝယ်ရယူထားသူများ အနေဖြင့် ဤသတင်းစာမှ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်အပ်နှံပါရန်နှင့်အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်အပ်နှံခြင်းမရှိခဲ့ပါက သတ်မှတ်ရက် ကျော်လွန်သည့်အခါ သက်ဆိုင်ရာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အမည်ပြောင်းဂရန် လျှောက်ထားသွားမည်ဖြစ်ပါကြောင်း ဒေါ်ဥမ္မာစော ၁၃/တကန(နိုင်)၀၀၆၄၄၅နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ချောစုလင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၄၆၀/၂၀၁၃)**
**အမှတ်(ည/၄၅)၊ ပတ္တမြားလမ်း၊ နယ်မြေ(၇)၊**
**ညောင်ဖြူစခန်းရပ်ကွက်၊တောင်ကြီးမြို့၊ ဖုန်း-၀၉- ၄၂၈၃၃၂၅၃၅**

| **ဖခင် အမည်မှန်** | ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ ဝိုင်းမော်မြို့နယ်၊ သာဂရ အထက(ခွဲ)၊ Grade-9 အတန်းမှ မသက်ထားစံ၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်သိန်းဖြစ်ပါကြောင်း။ |
|---|---|

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊နည်းဥပဒေ-၂၀)
## ပုသိမ်ခရိုင်တရားရုံးတော်၌
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၂၀

UMG Co.,Ltd(၎င်း၏ကိုယ်စား ဦးထွန်းထွန်းအောင်၊ Assistant Manager) **နှင့်** ၁။ ဗိုလ်မှူးမြင့်ဦး(ငြိမ်း)
၂။ ဦးစောတလိထေ
၃။ ဦးတင်မြင့်

တရားလို တရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ အမှတ်(၇၄)၊ နှင်းဆီလမ်း၊ စောရန်ပိုင်တောင်ပိုင်းရပ်ကွက်နေ ဗိုလ်မှူးမြင့်ဦး(ငြိမ်း)နှင့် ကရင်ပြည်နယ်၊ အမှတ်(၉/၄၀၃)၊ ကျန်စစ်သားလမ်း၊ (၉)ရပ်ကွက်၊ ရတနာဒီပ၊ ဘားအံမြို့နေ ဦးစောတလိထေတို့ သိစေရမည်။

သင့်အပေါ်၌ တရားလို UMG Co.,Ltd(၎င်း၏ကိုယ်စားဦးထွန်းထွန်းအောင်၊ Assistant Manager)က မြေကွက်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ မြေကွက်လက်ရောက်ရလိုမှု တရားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသော စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ခုနှစ် မတ် ၇ရက် (၁၃၈၄ ခုနှစ် တပေါင်းလပြည့်ကျော် ၂ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက် အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(သောင်းထွန်း)**
**တွဲဖက်ခရိုင်တရားသူကြီး**
**ပုသိမ်ခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅ နည်းဥပဒေ ၂၀)
## ပုသိမ်ကြီးမြို့နယ်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃

၁။ ဦးနေမင်းနိုင်(ခ)ရှဒ်ရာဗဟာဒူး **နှင့်** ဒေါ်ရီရီ
၂။ ဦးအေးဇော်ဝမ်း

တရားလိုများ တရားပြိုင်

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ကိုးနဝင်းရပ်ကွက်၊ ၁၀x၁၁လမ်း၊ စာလမ်းနေ ဒေါ်ရီရီ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ ဦးနေမင်းနိုင် (ခ) ရှဒ်ရာဗဟာဒူးနှင့် ဦးအေးဇော်ဝမ်းတို့က မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက် (၁၃၈၄ ခုနှစ် တပေါင်းလဆန်း ၃ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဖြိုးဝေစိုး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ပုသိမ်ကြီးမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

မော်လမြိုင်မြို့၊ ကွင်းရပ်ရပ်ကွက်၊ အကွက်အမှတ်(၇၅)၊ ဦးပိုင် အမှတ် (၃၈)၊ ဧရိယာ ၀ ဒသမ ၃၂၈ ဧကရှိ ဘိုးဘွားပိုင်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို ပိုင်ဆိုင်သူများဖြစ်ကြသော ဒေါ်အစ္စမာဘီ၊ ဒေါ်ဇနက်ဘီ၊ ဒေါ်မာဂျန်၊ ဒေါ်အစမာဘီ၊ ဦးချိုတာ တို့(၅)ဦးထံမှ ဦးစိန်တင် ၁၀/မလမ(နိုင်)၀၇၉၈၁၆က မော်လမြိုင်မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ်-၂၇၄/၂၀၂၂ အရ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါ ဦးစိန်တင်က ၎င်း၏ အမည်သို့ ပြောင်းလဲပေးရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ ကြေညာသည့်ရက်မှစ၍ ၁၅ရက်အတွင်း မော်လမြိုင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါကအမည်ပြောင်း လျှောက်ထားခြင်းကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**
**မော်လမြိုင်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9H/3720 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (ရွှာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6E/9376 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (ရွှာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၆၀/၂၆၉၃ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (ရွှာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2I/7016 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (ရွှာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5B/3246 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2G/6442, 2G/5507, 2G/6443 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထား လာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (ရွှာသာကြီး)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပျဉ်းမနားမြို့၊ ဥယျာဉ်စုအုပ်စု၊ အိုးဘိုရပ်ကွက်၊ သစ္စာလမ်း၊ အမှတ်(၃/၂၃၈)နေ မောင်အောင်ဖြိုး ကျော်၏ဖခင် ဦးမျိုးဝင်းနှင့် ဦးမိုးဝင်း ၈/ပခက(နိုင်)၁၈၄၄၃၇မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးမျိုးဝင်း(ခ)ဦးမိုးဝင်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မော်လမြိုင်မြို့နယ်၊ လှိုင်ရပ်ကွက်၊ အောင်သုခ(၃)လမ်းနေ မနှင်းနှင်းဝေ၏မိခင် ဒေါ်မိချို နှင့် ဒေါ်ဖွားကြည်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်မိချို(ခ)ဒေါ်ဖွားကြည်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2A/1995၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1F/7660 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3M/3219 Toyota Wish ZNE 10 Station Wagon ယာဉ်လက်ဝယ်ရှိသူ ဦးရဲလူကျော် ၁/မညန(နိုင်)၁၁၃၄၈၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BGO/18915 HONDA WAVE 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်တင်လှိုင် ၇/လပတ(နိုင်)၀၉၈၃၀၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သာယာဝတီ)**

## အမည်ပြောင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အိုးဘိုပရဟိတ ဘုန်းတော်ကြီးသင် ပညာရေးအလယ်တန်းကျောင်း စတုတ္ထတန်းမှ (ဘ) ဦးဇော်မင်းထွေး၏ သား မောင်မြတ်ဘုန်းဇာနည်ဦး အား ယနေ့မှစ၍ မောင်သာထက်အောင် ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်သာထက်အောင်**

## ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန၊ ကရင်ပြည်နယ် ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့ (အိတ်ဖွင့် တင်ဒါခေါ်ယူခြင်း)

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန၊ ကရင်ပြည်နယ်ဦးစီးမှူးရုံး ကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်/စခန်းများမှ အကျဉ်းသား/သူ၊ အချုပ်သား/သူများနှင့် လုပ်အားရှင်များအား ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ကျွေးမွေးရန်အတွက် လိုအပ်သောရိက္ခာဆန်(၇၂၇၃)အိတ်အား မြန်မာကျပ်ငွေ ဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား တိုင်းရင်းသား လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

| | | |
|---|---|---|
| ၂။ | **အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်ရက်** | - ၁၀-၂-၂၀၂၃ ရက်မှ ၂၄-၂-၂၀၂၃ ရက်၊ ၁၆:၀၀ နာရီထိ |
| ၃။ | **အိတ်ဖွင့်တင်ဒါဖွင့်ဖောက်မည့်ရက်** | - ၂၇-၂-၂၀၂၃ ရက်၊ ၀၉:၀၀ နာရီ |
| | **နေရာ** | အကျဉ်းဦးစီးဌာန၊ ကရင်ပြည်နယ်ဦးစီးမှူးရုံး၊ ဘားအံမြို့ |

၄။ တင်ဒါလျှောက်လွှာပုံစံ (၁)စောင်လျှင် ၁၀၀၀၀ိ/-ကျပ်နှုန်းဖြင့် ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက အောက်ပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(က) ဖုန်း- ၀၅၈-၂၂၂၈၁ ကရင်ပြည်နယ်ဦးစီးမှူးရုံး၊ အကျဉ်းဦးစီးဌာန

**ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့**
**အကျဉ်းဦးစီးဌာန**
**ကရင်ပြည်နယ်ဦးစီးမှူးရုံး၊ ဘားအံမြို့**

## ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန မွန်ပြည်နယ် (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အကျဉ်းဦးစီးဌာန၊ မွန်ပြည်နယ်ဦးစီးမှူးရုံး ကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်/ အချုပ်ထောင်/ စခန်းများအတွက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း အကျဉ်းသား/ အချုပ်သားများ စားသုံးရန် ထပ်မံလိုအပ်သော ရိက္ခာဆန် ၂၅,၀၆၇ အိတ် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါတင်သွင်းမည့်သူအနေဖြင့် တင်ဒါယှဉ်ပြိုင်သည့်ရက်၌ တင်ဒါအာမခံစပေါ်ငွေအဖြစ် ရိက္ခာဆန်အိတ်တန်ဖိုးကျသင့်ငွေ၏ (၁%)ကို မြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်းထားသည့် Payment Order Cheque (PO Cheque)နှင့် မိမိပေးသွင်းမည့် ရိက္ခာဆန်နမူနာတို့အား ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့သို့ တင်ပြရပါမည်။

| | |
|---|---|
| **တင်ဒါပုံစံရောင်းချမည့်ရက်** | - ၁၀-၂-၂၀၂၃ ရက်မှ ၂၄-၂-၂၀၂၃ရက်ထိ |
| **တင်ဒါဖွင့်မည့်ရက်** | - ၂၇-၂-၂၀၂၃ ရက်၊ (၁၀:၀၀)နာရီ |
| **တင်ဒါဖွင့်မည့်နေရာ** | - မွန်ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့ |

၃။ တင်ဒါပေးသွင်းလိုသူများအနေဖြင့် တင်ဒါပုံစံတစ်စုံလျှင် (၁၀၀၀၀ိ/-) နှုန်းဖြင့် အကျဉ်းဦးစီးဌာန၊ မွန်ပြည်နယ်ဦးစီးမှူးရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့၊ မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး၊ ဖုန်း-၀၅၇-၂၄၁၀၉၉၊ အကျဉ်းဦးစီးဌာန၊ မွန်ပြည်နယ်ဦးစီးမှူးရုံး၊ ဖုန်း-၀၅၇-၂၀၂၄၇၃၈၊ ၀၅၇-၂၀၂၄၇၃၉ များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့**
**အကျဉ်းဦးစီးဌာန**
**မွန်ပြည်နယ်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ် (၉၃၇)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ တပ်ကြပ်မြင့်စိုး အမည်ပေါက် ပါမစ် မြေကွက်အား ဒေါ်မြသက်နွယ် ၁၂/မဂဒ(နိုင်)၁၂၈၇၂၀ မှ ပျဉ်းမနားမြို့ မြေတိုးချဲ့ရေးကော်မတီ၏ အိမ်ဝိုင်းကွက်တန်ဖိုးငွေသွင်းပြေစာ၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူ ကျမ်းကျိန်ဆိုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စကြာနွယ်စဉ်ရပ်ကွက်၊ အမှတ်(၆၇၆)၊ ဦးပိုင်အမှတ်(၃၂)၊၇၆လမ်း၊၃၆x၃၇လမ်းကြား၊မြေညီထပ် မြောက်ဘက်ခြမ်း တိုက်ခန်း၏ နေထိုင်ပိုင်ဆိုင်ခွင့်နှင့် ရေ-လျှပ်စစ်မီး (ဆက်လက်သုံးစွဲခွင့်) အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိတရားဝင်ဝယ်ယူပိုင်ဆိုင်နေထိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူများဖြစ်သည့် ဦးခင်မောင်လတ်(ဘ)ဦးရာကွတ် ၉/ကဆန(နိုင်)၀၈၃၉၀၂ ထံမှ ဦးထွန်းလှိုင် (ဘ) ဦးထွန်းမြင့် ၁၃/ကမန (နိုင်)၀၅၉၄၄၆ နှင့် ဒေါ်မိုးမိုးခိုင် (ဘ) ဦးခင်မောင်ဝင်း ၁၀/မလမ(နိုင်)၂၁၂၃၇တို့က ဝယ်ယူလိုက်သဖြင့် အဆိုပါတိုက်ခန်းအား ဝယ်ယူသူ ဦးထွန်းလှိုင်နှင့် ဒေါ်မိုးမိုးခိုင်တို့သာ တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး အခြားမည်သူတစ်ဦးတစ်ယောက်နှင့်မျှ ပူးတွဲပိုင်ဆိုင်ခြင်း မရှိပါ။

အဆိုပါ တိုက်ခန်း၏ ပိုင်ဆိုင်မှု နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **၁။ ဦးထွန်းလှိုင်(ဘ)ဦးထွန်းမြင့်** | **ဦးဝင်းအေး(LL.B)** |
| **၂။ ဒေါ်မိုးမိုးခိုင် (ဘ)ဦးခင်မောင်ဝင်း** | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်-၁၃၄၅၂/၂၀၁၇)** |
| | **အကွက် (၁၈)၊ အမှတ် (၅၉) ၊ ၅၁ (အေ) ၊** |
| | **၁၀၄ (အေ)x ၁၀၅ လမ်းကြား၊** |
| | **ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊** |
| | **ဖုန်း-၀၉-၄၀၂၅၈၉၈၅၉** |

## ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

၁။ ပဲခူးမြို့တွင် ကိုယ်ပိုင်ခြံကွက်ကို ဈေးသက်သက်သာသာနှင့် အေးအေးဆေးဆေးနေလိုသူများအတွက် ပဲခူးမြို့ရှောင်လမ်းမကြီးအနီး၊ အိုးအိမ်ဝန်ထမ်းအိမ်ရာအနီး၊ လေဆိပ်အဝင်လမ်းအနီး၊ မြို့နယ်အားကစားကွင်းအနီး၊ ငွေမကိုင်ထားဘဲ မြေကိုင်ထားလိုသူများအတွက် ပါမစ်မြေ၊ မြေအကျယ် (60' x 80') (၁)ကွက် **-ကျပ်သိန်း(450)**၊ (၂)ကွက်တွဲ (60' x 160') **ကျပ်သိန်း (900)**

၂။ ငွေမကိုင်ထားဘဲ မြေကိုင်ထားလိုသူများအတွက် စားသောက်ဆိုင်ဖွင့်ရန်၊ စီးပွားရေးလုပ်ရန် အချက်အချာကျ နေရာကောင်း၊ အမြန်လမ်းမကြီးဘေး၊ ၇၆ မိုင်၂ ဖာလုံ၊ မျက်နှာဝအကျယ် ပေ(၅၃၀)၊ 76 Mile Mini Rest Camp ဘေး၊ ဥယျာဉ်ခြံမြေ၊ မြေဧရိယာ(၃.၃၉)ဧက၊ **ကျပ်သိန်း (950)**

၃။ ငွေမကိုင်ထားဘဲ မြေကိုင်ထားလိုသူများအတွက် စားသောက်ဆိုင်ဖွင့်ရန်၊ စီးပွားရေးလုပ်ရန် အချက်အချာကျနေရာကောင်း၊ အမြန်လမ်းမကြီးဘေး၊ ၈၇ မိုင် ၆ ဖာလုံ၊ မျက်နှာဝအကျယ် ပေ(၂၀၀)ကျော်၊ ဥယျာဉ်ခြံမြေ၊ မြေအကျယ်(၁)ဧကကျော်။ **ကျပ်သိန်း (350)**

**ဖုန်း-09-5178979, 09-451146685, 09-263699715**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

